http://www.dhammavideo.com/

ဓမ္မာစရိယဦးဌေးလှိုင်

စီစဉ်၍

ရွှေသရဖူ ဦးသန်းအောင်

(ဒေါ်အေးအေးချို)

သမီး မခိုင်ဇာသွယ်

မိသားစုတို့၏

ဓမ္မဒါန

နိဗ္ဗာနမဂ္ဂ အာနာပါန ဝိနိစ္ဆယ (ခေါ်) ဓမ္မစကြာကျမ်း

မောင်းထောင်

ဗမြင်းတောရဆရာတော်ဘုရားကြီး

၏

# နိဗ္ဗာနမဂ္ဂ အာနာပါန ဝိနိစ္ဆယ

ခေါ်

# ဓမ္မစကြာကျမ်း

အပြည်ပြည်ဆိုင်ရာ

သဒ္ဓမ္မဇောတိကဖောင်ဒေးရှင်း

ရန်ကုန်မြို့

မြန်မာကျူးပစ်သာသနာ့ပါလအဖွဲ့က ဓမ္မဒါနပြုလုပ်ဒါန်းသည်၊



ဗုဒ္ဓမြတ်စွာ လောင်းလျာတုန်းက

နောက်ဆုံးအထိ ပါရမီ၊

လူနတ်များစွာ ချမ်းသာရေးမို့

အသက်ပေးလို့ ဖြည့်ခဲ့သည်။

ဗုဒ္ဓမြတ်စွာ သာသနာအတွက်မို့၊

ငါပါအသက်ဆုံးစေမည်။

နောက်မဆုတ်ပေါင် ခုလိုတွေးလို့၊

ကုသိုလ်ရေးမို့ ကြိုးစားမည်။

ဒို့လဲ ကြိုးစားမည်။

အမရပူရမြို့ မဟာဂန္ဓာရုံဆရာတော်ကြီး

http://www.dhammavideo.com/

## သာသနာ့ပါလ ( သို့ ) သာသနာကိုစောင့်ရှောက်သူ

ဗုဒ္ဓ ဟောကြား၊ မြတ်တရားကို
သစ္စာမြဲနိုင်၊ လက်စွဲကိုင်ပြီး
ဗုဒ္ဓ သာသနာ၊ ထွန်းလင်းဖြာအောင်
ကြိုးဆောင်ကြမည်၊ စိတ်ကြည်ကြည် ။

တို့ သာသနာအား၊ ရန်စစော်ကား
ထိပါးလာသူ၊ ရှိခဲ့ပါလျှင်
အစဉ်သွက်လက်၊ ထက်သောဓါးသဖွယ်
ကာကွယ်ကြမည်၊ တွဲညီညီ ။

သာသနာ့ပါလ၊ ညီနောင်တစု
အလေးဂရု၊ ဓိဋ္ဌာန်ပြုသည်
တို့ အမျိုး၊ ဘာသာ၊ သာသနာတွက်
ညီညာဖြ ဖြ၊ နိုးထအားမာန်
စိတ်ရည်သန်လျက်၊ စွမ်းဆောင်ကြမည်
မြဲစည်စည် ..... ။

ဗမာ့သွေး (မြန်မာကျူးပစ်)

http://www.dhammavideo.com/

# သာသနာ့ပါလ

ဗုဒ္ဓဟောကြား၊ မြတ်တရားကို၊
မှတ်သားသစ္စာ၊ လက်မှာကိုင်စွဲ၊
မြဲနိုင်ရှန်းပ၊ ပြည့်ဝန်းလ သို့၊
ဗုဒ္ဓသာသနာ၊ ထွန်းလင်းဖြာအောင်၊
ကျော်ဆောင်ကြမည်၊ ရွှဝိဝိ။

တို့သာသနာ၊ မြတ်ဘာသာအား၊
စော်ကားရန်စ၊ ထိပါးကမူ၊
အတူတွဲယှဉ်၊ အစဉ်သွက်လက်၊
ထက်သောဓားနှယ်၊
ကာကွယ်ကြမည်၊ တွဲညီညီ။

သာသနာ့ပါလ၊ ဓမ္မညီနောင်၊
ပြည်ထောင်သားချင်း၊ ဝိုင်းဝင်းစုဝေး၊
အလေးဂရု၊ ဓိဋ္ဌာန်ပြုသည်၊
စုစည်းသယ်ပိုး၊ ပြည်ကောင်းကျိုးနှင့်၊
အမျိုးဘာသာ၊ သာသနာတွက်၊
ညီညာဖြဖြ၊ နိုးထအားမာန်၊
စိတ်ရည်သန်လျက်၊ တက်ကြွမပန်း၊
စွမ်းဆောင်ကြမည် မြဲစည်စည် ... ။

ဟယ်ရီလွင်

http://www.dhammavideo.com/

http://www.dhammavideo.com/



မြန်မာကျူးပစ် သာသနာ့ပါလ
ဘာသာရေးမောင်နှမများက
ဓမ္မဒါနပြုလှူဒါန်းပါသည်။

ကျေးဇူးရှင်
မဟာကမ္မဋ္ဌာနာစရိယ
မောင်းထောင်
မြေဇင်းတောရဆရာတော်ဘုရားကြီး၏

နိဗ္ဗာနမဂ္ဂ အာနာပါန ဝိနိစ္ဆယ

ခေါ်

# ဓမ္မစကြာကျမ်း

ဓမ္မာစရိယဦးဌေးလှိုင်
စုစည်းစီစဥ် ပြုစုသည်။

http://www.dhammavideo.com/

## ပုံနှိပ်မှတ်တမ်း

ဘာသာရေးဆိုင်ရာစာမူခွင့်ပြုချက်အမှတ် . ၃၃၄ / ၂၀၀၂ (၆)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ----- ၃၃၄ / ၂၀၀၂ (၆)
၂၀၀၂–ခုနှစ်၊ ဇွန်လ၊ ပထမအကြိမ်
အုပ်ရေ – ၁၀၀၀
(ဓမ္မဒါန)
ကွန်ပျူတာစာစီ - EFFECTIVE၊ရန်ကင်း အထက(၁)ရှေ့၊
ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၅၄၉၅၈၆၊ ၇၀၇၅၈၁
စာအုပ်ချုပ် -နိုင်မိသားစု

**ပုံနှိပ်သူ**

ဦးလှချို (၀၄၈၂၉)
တိုက်ဂါးအော့ဖ်ဆက်၊ အမှတ်–၁၅၊ သုဒဿနလမ်း
ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။

**ထုတ်ဝေသူ**

ဒေါ်ကြင်မြင့်( ၀၂၀၀၉ )
ဗုဒ္ဓအသံစာပေ၊ ၁၉ (စ)၊ မြစ်မွှယ်လမ်း၊
ဓူဝံရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း – ၆၆၅၂၁၁

## မာတိကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| – | ဓမ္မာစရိယဦးဌေးလှိုင်၏ ရှေးဦးအမှာစကား | ၁ |
| – | ထေရုပ္ပတ္တိအကျဉ်း | ၁၇ |
| – | နိဒါန်း | ၂၄ |
| – | ဗုဒ္ဓဝန္ဒနာ | ၂၉ |
| ၁။ | <u>ဥယျောဇနသြဝါဒကထာ</u><br>(ဘုရားရှင်သြဝါဒ၊ ကန္ဒီ–အင်ချောင်လယ်တီ မဟာစည်ဆရာတော်တို့၏ သြဝါဒကထာများ။) | ၃၁ |
| ၂။ | <u>အာနာပါနဝိနိစ္ဆယကထာ</u><br>(အာနာပါနသမထဖြင့် နိဗ္ဗာန်ရောက်နိုင်ပုံ...။) | ၄၈ |
| ၃။ | <u>အာနာပါန အာနိသံသကထာ</u><br>(ထွက်သက်–ဝင်သက်နှစ်ပါးက ခန္ဓာကြီးကို စောင့်ရှောက်သွားပုံ၊ ဝေဘူဆရာတော်ကြီးနှင့် အာနာပါနကမ္မဋ္ဌာန်း၊ ကန္ဒီ–စွန်းလွန်းဆရာတော်တို့၏ သြဝါဒ၊ မန်လည်ဆရာတော်၏ အတ္တဒိဋ္ဌိ၊ ဘုရားအလောင်းတော်မြတ် ကနဦးအစ အာနာပါန ကမ္မဋ္ဌာန်းက၊ ဘုရားဖြစ်ပြီးနောက်၌လည်း အာနာပါနသတိပွားများပုံ၊ အာနာပါန ဣစ္ဆာသယ ကမ္မဋ္ဌာန်းကြီး...။) | ၆၀ |

http://www.dhammavideo.com/

၄။ ပဋိဘာဂနိမိတ္တကထာ ၁၁၂
(ဥပစာရသမာဓိရရှိ အပါယ်အေးလုံ၊ ပဋိဘာဂနိမိတ်ကို မွေးမြူ အသုံးချနည်း၊ နိမိတ်ပို့နည်း-ပို့ပုံ၊ အာနာပါန မှန်ပြောင်းတော် ကြီး...။)

နောက်ဆက်တွဲ (၁)

– မောင်းထောင်မြေဇင်းတောရ အာနာပါနအလုပ်ပေး တရား (ကိုယ်တွေ့မှတ်တမ်း) ၁၂၂
(ပရိကမ်ပုဗ္ဗကိစ္စ (ရှေးဦးပြုဖွယ်၊ မြန်မာနိုင်ငံတွင်းရှိ ဘုရားများဖူး၊ ဣန္ဒိယ သီဟိုဠ်ဘုရားများနှင့် စူဠာမဏိ စေတီတော်ဖူး၊ မတုပနိုင်သော ဓမ္မအလင်းရောင်...။)
၅။ သာသနဗာဟိရကထာ ၁၆၉
(သာသနာပ၌ အရိယာပုဂ္ဂိုလ်တို့ မရှိနိုင်ပုံ၊ ဝိပဿနာ မရှိပုံ၊ ကမ္မာပျက်သော်လည်း ကံမ ပျက်.......။)

နောက်ဆက်တွဲ (၂)

– ကျတ်တီးကုန်းမှာ ပွင့်သောပန်း ..... ၁၈၈

မာတိကာပြီး၏



http://www.dhammavideo.com/

## ဓမ္မာစရိယဦးဒွေးလှိုင်၏
## ရှေးဦးအမှာစကား

### တရားအမွေ ကျန်ရစ်အောင်
### (၁)

'ဘုရားတပည့်တော်တို့ ကန္နီဆရာတော်ဘုရားကြီး နည်းနှင့် စပြီးအားထုတ်ခဲ့ကြတဲ့ ဒကာတွေပါဘုရား။

'ဒီကန္နီနည်းနှင့်ပြတဲ့ဆရာကလည်း မြန်မာနိုင်ငံမှာ

http://www.dhammavideo.com/



မရှိသလောက်ဖြစ်နေပြီဘုရား။ ဒီဒကာကြီး(ဦးစောသာယံ ကိုညွှန်ပြလျက်)က ဆရာကြီးဦးငွေးလှိုင်ရဲ့အစ်ကို တောရ ဆရာတော်ကြီး ဒီနည်းနှင့် ပြတယ်ပြောလို့ ဆရာတော်ကို စာနှင့်လျှောက်ပေးဖို့ ဆရာကြီးကို အကူအညီတောင်းရ တာပါဘုရား။ ဘုရားတပည့်တော်တို့ ရန်ကုန်မှာ တရား တစ်ပတ်လောက် ချီးမြှောက်ပါဘုရား။'

'အင်း–ဒကာကြီးတို့ ရန်ကုန်သားတွေ နည်းနည်း နောက်ကျသွားတယ်။ ဘုန်းကြီးက အသက်လည်းကြီးပြီ၊ ကျန်းမာရေးကလည်း မကောင်းဘူး၊'

ဦးစောသာယံ၊ ဦးသန်းအောင် (ရွှေသရဖူ)နှင့် ရေ့နေဦးထွန်းရွှေတို့သုံးဦး စာရေးသူ၏ နေအိမ်စံကျောင်း သို့ မြေဇင်းတောရဆရာတော်ဘုရားကြီး ရန်ကုန်သို့ ဘုရားဖူး ကြွလာခိုက်၊ ခရီးရောက်မဆိုက် ဝမ်းသာအားရ လျှောက် ထားကြသော်လည်း မှန်းချက်မကိုက် ဖြစ်သွား ကြရ၏။

ဦးစွာ ဆရာတော်ဘုရားကြီး၏ ကျန်းမာရေးကို ဦးစားပေး ဆောင်ရွက်ရန် လျှောက်ထားစီမံကြရင်း ရန်ကုန်မှာ ကန္နီနည်းနှင့်ပြတဲ့ ဓမ္မရိပ်သာတစ်ခု တည်ထောင်ရန်ပင် ကြိုးစားနေကြကြောင်း လျှောက်ထား ကြပြန်ရာ–

'ဒကာကြီးတို့ရန်ကုန်မှာ တရားတွေ ပေါလိုက်တာ



ဘုန်းကြီးတို့တရားက ရန်ကုန်မှာလို ဇရပ်ကြီးထဲ တစု တဝေးကြီးနဲ့ ပြလို့ရတာမဟုတ်ပါဘူး။'

'ဆရာတော်စိတ်ကြိုက် အဆင်ပြေအောင် စီစဉ် ပေးလို့ရပါတယ်ဘုရား။' 'စီစဉ်တာတော့ ဟုတ်တာပေါ့၊ ကန္နီဆရာတော်ဘုရားကြီးများ လူဒကာဒကာမတွေ မပြဘူး၊ ဘုန်းကြီးက တောသူတောင်သားတွေ သနားလွန်း လို့ပြမိတာ။'

'တပည့်တော်တို့ မြို့သူမြို့သားတွေလဲ သနား ပါအုံးဘုရား၊ ဆရာတော်သိတော်မူတဲ့အတိုင်း ဝိပဿနာ အားထုတ်တဲ့လူတွေ ပေါပါတယ်၊ ဝိပဿနာက တရား ခြောက်ကြီးဆိုတော့ တော်တော့ သဒ္ဓါဝီရိယနဲ့ လမ်းဆုံး အောင် မလိုက်နိုင်ကြဘူးဘုရား။ လေလာပျက် မိုးရွာပျက်နှင့် ဝိပဿနာ ခါးကျိုးတွေ ဖြစ်နေကြတယ်။

'ဆရာတော်တို့ပြတဲ့နည်းလမ်းကတော့ သမထ သမာဓိကို အချိန်များများ ပေးလုပ်ရတော့ စိုပြည်တာပေါ့ ဘုရား၊ ဝိပဿနာကူးတော့လည်း အနိစ္စဒုက္ခ ပိုပြီး မြင်လွယ် တယ် ပြောကြပါတယ်။'

'သမာဓိအားကောင်းတာကိုး၊ မြင်လွယ်တာပေါ့။'

'နောက်ပြီး ဆရာတော်နည်းက နီးနီးဝေးဝေး ကျောင်းကန်

http://www.dhammavideo.com/



ဘုရားတွေဘာတွေလည်း ဖူးလို့ကြည့်လို့ရတယ်လို့ ပြောကြပါတယ်။ ဟုတ်ပါသလားဘုရား။'

'ဘုန်းကြီးယောဂီတွေ ဒီလိုပဲပြောနေကြတာပဲ။ ပါရမီရှိမြင်ရမှာပေါ့၊ ဣန္ဒိယ–က ဗုဒ္ဓဂယာတို့၊ သီဟိုဠ်က မဟာစေတီတို့ ပိုက်ဆံမကုန်ဘူးပေါ့၊ ဒါတင်ဘယ်ကမလဲ၊ သမာဓိအားကောင်းရင် နတ်ပြည်ကဘုရားတောင် ဖူးလို့ရသတဲ့။'

ဆရာတော်ဘုရားကြီးက သူ၏တပည့်မ သုံးနှစ်သမီးအရွယ်က မျက်စိနှစ်ကွင်း အလင်းမရသော်လည်း တရားမျက်စိရသူ ယောဂီမ ဒေါ်ခင်သိန်းအကြောင်း၊ လူ့ပြည်နတ်ပြည် ကြည့်လိုရာ အတားအဆီးမရှိ ကြည့်လို့ရကြောင်း ယောဂီ၏လျှောက်ထားပုံတို့ကို အမြွက်မျှ ပြောပြရာ ဦးသန်းအောင်တို့ ပိုပြီးအားတက်နေကြသည်။

'ဒါဆို – ဗုဒ္ဓဘာသာမဟုတ်တဲ့ နိုင်ငံခြားသားတွေ ပြရရင် သိပ်အကျိုးရှိမှာဘုရား၊ အမွေပေးတဲ့အနေနှင့် တရားတစ်ပတ်လောက်တော့၊ မဖြစ်မနေ ချီးမြှောက်ပါဘုရား။'

ဆရာတော်ဘုရားကြီး၏ ကျန်းမာရေးဝေယျာဝစ္စ ဆောင်ရွက်ရင်း နှစ်ရက်သုံးရက် ကပ်ပြီးလျှောက်ကြရာ



နွေရာသီမှာ ပြပေးမည်ဟု ကတိပြုလိုက်သဖြင့် အားလုံးဝမ်းသာသွားကြ၏။

တရားပတ်မရလျှင် အညာသို့ပင်လိုက်ပြီး တရားနည်းခံရန် ဆုံးဖြတ်ထားကြလေသည်။ ဆရာတော်ဘုရားကြီး ရန်ကုန်မှာ ရက်ကြာကြာမနေလိုခြင်း၊ တောရဝါပျက်မှာစိုးခြင်းကြောင့်လည်း လွယ်လွယ်ဖြင့် လက်မခံခြင်းဖြစ်သည်။

ယခုအခါ ရန်ကုန်ဝန်းကျင်၌လည်း တောင်ပုလုဆရာတော်ဘုရားကြီးများ ကြွစဉ်ကကဲ့သို့ နံနက်စောစော ထသွားပြီး တောရ အရုဏ်ခံရန်နေရာလည်း မရှိ သလောက်ဖြစ်တော့သည်။

## လိုရာအကုန်ပြီးသော အာနာပါန
## (၂)

'နိုင်ငံခြားသားတွေ ပြရရင် သိပ်အကျိုးရှိမှာ ဘုရား'– ဟူသော ဦးသန်းအောင်တို့၏ လျှောက်ထား ချက်မှာ ရိုးရိုးစိတ်ထဲရှိသည့်အတိုင်း လျှောက်ထားခြင်း ဖြစ်သော်

http://www.dhammavideo.com/



လည်း (ကျင့်ဝတ်စည်းကမ်း တင်းကြပ်၍ လူမှု ဆက်ဆံရေး အားနည်းလှသော) ထေရဝါဒ သာသနာ နယ်ပယ်သစ်ဖွင့်ရာ၌ စဉ်းစားစရာကောင်းသော အချက် တစ်ခု ဖြစ်မှန်းမသိ ဖြစ်လာ၏။

လက်တွေ့ကိုမှ ယုံကြည်လက်ခံလိုသူများအား တရားတော်၏ သန္ဒိဋ္ဌိကဂုဏ်ကို ရက်ပိုင်းလပိုင်းအတွင်း မှာပင် ကျေနပ်သွားစေနိုင်၏။ ဝိပဿနာကို ဆက်လက်၍ စွဲစွဲမြဲမြဲ အားထုတ်လိုသောသဒ္ဓါ ဆန္ဒများ၊ ပင်ရင်းမူလ ထေရဝါဒ ဗုဒ္ဓစာပေများကို ဆက်လက် လေ့လာလိုစိတ် များ ဖြစ်ပွားလာစေရန် 'အာဒိကလျာဏ' အစ၏ ကောင်းခြင်း ပွဲဦးထွက် စွဲမက်စရာ ကျေနပ်စရာလည်း ဖြစ်လာနိုင်ပါ၏။

'ဒါမှ သာသနာပြုလက်နက်ကောင်းတစ်ခု' ဟု စာရေးသူအနေဖြင့် မပြောဆိုဝံ့သော်လည်း ယနေ့ ဘက်စုံ ပျက်စီးလာနေသော ကမ္ဘာကြီးအတွက် 'အင်အားသစ် တစ်ခု'၊ ကမ္ဘာသစ်တည်ထောင်ပေးနိုင်သော 'ကမ္ဘာပြု အင်အား ကောင်းတစ်ခု' ဖြစ်လာနိုင်သည်ကိုမူ ခွင်းချက်မရှိ ယုံကြည် နေပါသည်။

ယနေ့ကမ္ဘာအရပ်ရပ်တွင် လက်ရဲဇက်ရဲ ညှဉ်းဆဲ သတ်ဖြတ်မှု၊ အစုလိုက်အပြုံလိုက် မီးလောင်တိုက်သွင်းမှု၊



တိရစ္ဆာန်ပမာ လူလူချင်း အဓမ္မအနိုင်ကျင့်မှု၊ ကမ္ဘာဖျက် လက်နက်ကြီးများပြိုင်ဆိုင်မှု၊ ဒုစရိုက်မျိုးစုံ လွှမ်းခြုံ ရစ်ပတ်၍ ကပ်ဆိုက်နေသော ကမ္ဘာကြီးဖြစ်ကြောင်း အားလုံးသိ ကြပါသည်။

ပြုသူနည်း၍ ဖျက်သူများနေ၏။ ပြုနည်းကို သိသူက မရှိသလောက်ဖြစ်သည်။ မီးကိုငြိမ်းစေနိုင်သည် မှာ 'ရေ'သာ လျှင်ဖြစ်၍ ဒေါသမီးကို ငြိမ်းအေးစေနိုင်သည်မှာလည်း မေတ္တာ (အဒေါသ)မှတစ်ပါး အခြားမရှိပါ။

ဉာဏ်သီဝရီမှာ လွန်စွာမှ ရှီးရှင်းလှသော်လည်း ကမ္ဘာ့ ပညာကျော်ကြီးများ သဘောမပေါက်သေးကြောင်း ယနေ့ ကမ္ဘာ့ဖြစ်ရပ်ဆိုးများက ဖော်ပြနေပါသည်။

ကျေးဇူးရှင် မိုးညှင်းဆရာတော်ဘုရားကြီး စစ်ဖြစ် နေသောနိုင်ငံကို မြေပုံချကြည့်ပြီး မေတ္တာပွားပို့သဖြင့် စစ်ပြေငြိမ်း၍ သတ္တဝါတွေ ချမ်းသာမှုရကြောင်း သိကြ ပါ၏၊ မေတ္တာဘယ်လိုပွားပို့ရသည်ကိုမူ တိတိကျကျ သိသူ၊ စူးစမ်း လေ့လာသူ၊ တကယ်လုပ်သူ၊ လုပ်ရကောင်း မှန်းသိသူကား ရှားပါးလှပါ၏။

ဗုဒ္ဓဘာသာဟုဆိုသော်လည်း တစ်ထောင်တစ် ယောက်၊ တစ်သောင်းတစ်ယောက် အဟုတ်ပွားပို့တတ်သ

http://www.dhammavideo.com/



ရှား၍၊ ပွားပို့တတ်သော်လည်း လိုရာရောက်အောင် ပွားပို့နိုင်လောက်သော 'အား' ရှိသူကား ပို၍ရှားပါး နေပါသည်။

လောကုတ္တရာစရိယာ- ကမ္ဘာသူကမ္ဘာသားများ ကောင်းစားချမ်းသာရေး မေတ္တာဘာဝနာ ဝါသနာထုံသူများအဖို့ ဤအာနာပါန သမထဘာဝနာမှ ရရှိသော သမာဓိအားသည် ကမ္ဘာပြုမိုးရွာသလို လွန်စွာ အားကိုးလောက်ပါ၏။

သတ္တန္တရ ကပ်ကြီးဆိုက်၍နေသော ဒေသ၊ ဒုက္ခရောက်နေရသော သတ္တဝါအာရုံကိုလည်း တီဗွီဖန်သားပြင်တွင် ကွက်ကွက်ကွင်းကွင်း မြင်ရသလို မြင်နိုင်သူ၊ လိုရာ 'ပစ်မှတ်' ရောက်အောင်လည်း စွမ်းနိုင်သူ ဖြစ်အောင် ကြိုးစားကြရန် မခက်ခဲတော့။ နည်းလမ်းကား သင့်လက်တစ်ကမ်းမှာပင် ရှိနေသည်မဟုတ်ပါလား။

လုံခြုံစိတ်ချရမှု ကင်းမဲ့နေသော ယနေ့ ကမ္ဘာသူကမ္ဘာသားတို့အတွက် ပရိတ်ဒေသနာ အာဏာစက် ဖြန့်ကျက်ရာတွင်လည်း အာနာပါန သမာဓိအားလည်း များစွာ အထောက်အကူပေးပါလိမ့်မည်။ လေ့လာစူးစမ်း၍ အသုံးချတတ်ရန်သာ လိုတော့သည်။



'ဣဒံ သဗ္ဗကိစ္စသာဓကံ၊ သဗ္ဗလောကိယ လောကုတ္တရ ဂုဏာဒါယကံ-**ဤအာနာပါန သမာဓိကား ကိစ္စအားလုံး ပြီးစီးစေ၍၊ လောကီရော လောကုတ္တရာပါ ဘာမဆို ကောင်းကျိုးပေးသည်။**'

လောကီနယ်ပယ်၌ မေတ္တာလောက်ကြီးမားသော အင်အား၊ မေတ္တာပွားပို့ရခြင်းလောက် ကြီးမြတ်သော ကုသိုလ် မရှိနိုင်ပါချေ။

**အာရုံနိမိတ်စေစားခြင်း**

**(၃)**

ဆရာတော်ကြီး သီတင်းသုံးရာ မောင်းထောင် မြေဇင်းတောရမှ သမာဓိအမြင်သန်သော ယောဂီများ အကြောင်း လွန်ခဲ့သော နှစ်၂၀-ကျော်ကပင် စာရေးသူ သိနေခဲ့ပါ၏၊ သို့သော် ထိုအကြောင်း ထုတ်ဖော် ရေးသားခြင်း ဟောပြောခြင်း မပြုခဲ့ပါ။

၁။ မယုံကြည်ကြသူများ ငြင်းကြမည်၊
၂။ ကာယကံရှင်များ အလုပ်ပျက်မည်၊

http://www.dhammavideo.com/



## ၃။ အဆင်မသင့်လျှင် ဓမ္မအန္တရာယ် ကျရောက်နိုင်သည်။

သို့ရာတွင် လွန်ခဲ့သော အနှစ် ၂၀–လောက်က ဆေးရုံမှ လက်လွှတ်လိုက်သော လူနာများ ကရုဏာဘာဝနာဖြင့် ချမ်းသာရာရကြပုံအကြောင်း **ကျတ်တီးကုန်းမှာ ပွင့်သောပန်း** ဆောင်ပါးတစ်ပုဒ် ရေးခဲ့ဖူး၏။ (အမည်နာမ အရပ်ဒေသ ဝှက်ထားသည်။ ကြော်ငြာရာ ရောက်မည်စိုး၍) ကရုဏာဘာဝနာ လုပ်ထုံးကို ယောဂီတို့ သိစေလိုသောကြောင့်သာဖြစ်သည်။

'ဒီနည်းကို ဘုန်းကြီးယောဂီတွေအားလုံး သင်ပေးထားတယ်'ဟု ကျေးဇူးရှင် ရွှေဥမင်ဆရာတော်ဘုရားကြီး နှုတ်တော်မှ မမျှော်လင့်သောစကားကို ထိုစဉ်က ကြားသိခဲ့ရသဖြင့် လွန်စွာ အံ့အားသင့် ကြည်နူးခဲ့ရဖူးပါ၏။ မထင်ရှားသော စာစောင်၊ စာအုပ်ငယ်ကလေးများအထိ စေ့ငုကာ သူတော်ကောင်းတရား ပြန့်ပွားစေလိုသော ရွှေဥမင်ဆရာတော်ဘုရားကြီး၏ သမ္မာဆန္ဒ ကြီးမားပုံမှာလည်း အတုယူအားကျ ကြည်ညို၍ မဆုံးရပါ။

ထို့အပြင် မြေဖင်းတောရမှ ယောဂီများ ပြောဆို



ကြသည့် အာရုံနိမိတ်ဆိုသည်မှာ ယေဘုယျ ဝိပဿနာယာနိက ယောဂီများ ပြောဆိုတွေ့မြင်ရသော အာရုံနိမိတ်မျိုးနှင့် မတူသည်ကို သတိပြုရပါမည်။ အများအားဖြင့် သညဇ (စိတ်ကူး) အာရုံများဖြစ်သော်လည်း မြေဖင်းတောရယောဂီများ၏ အာရုံနိမိတ်က အမှန်တကယ်ရှိသော အာရုံဖြစ်၏။

မည်သည့်အာရုံနိမိတ်ဖြစ်စေ စိတ်ညစ်ညူး ကြောင်းဖြစ်၏။ နိဗ္ဗာန်လိုလားသောယောဂီကား အာရုံ နိမိတ်မှန်သမျှ နှလုံးမသွင်းရ၊ 'အနိမိတ္တ စေတောသမာဓိ' ဖြစ်အောင် ရှုရသည်။ ဒုက္ခသစ္စာချည်းသာတည်း။ (ဝိသုဒ္ဓိမဂ်၊ စုတူပပါတခန်း၊ ဥပရိပဏ်–ဥပက္ကိလေသ သုတ်၊ မဟာသံ–အနိမိတ္တသုတ်၊ တိက–အံ–အနုရုဒ္ဓ သုတ်– စသည်။)

ဤကား ကျမ်းဂန်အဆိုအမိန့်။

မြေဖင်းတောရဆရာတော်ကား တစ်တောင့်ထွာ လောက်မှစ၍ နိမိတ်ကို တည်ထားပြီးလျှင် တဖြည်းဖြည်းချင်း တစ်ရက်ချင်း လီကာတိုး၍တိုး၍ အထက် ဘဝဂ်အောက်အာကာသအထိ ပို့လွှတ်ခိုင်း၏၊ သမာဓိ ခိုင်အောင် လေ့ကျင့်ပေးခြင်းဖြစ်သည်။

နှစ်ပေါင်းများစွာ ယောဂီများစွာ ရှိခဲ့ပြီးဖြစ်သော်

http://www.dhammavideo.com/



လည်း တစ်ဦးတစ်ယောက်မျှ အာရုံမနိုင်မနင်းဖြစ်ကာ ရုပ်ပျက်ဆင်းပျက် လမ်းလွဲကျသွားသည်မရှိ၊ ‘ဝိပဿနာကူးတဲ့အခါ မြင်လွယ်လိုက်တာ’ ဟုချည်း ပြောဆိုကြ သည်။

အာရုံနိမိတ်များကို ကြည့်စေရာတွင်လည်း အမှန်တကယ်ရှိ၍ သဒ္ဓါတရား ဖြစ်ပွားစေမည့်ကုသိုလ် ဣဋ္ဌအာရုံများကိုသာ အကန့်အသတ်နှင့် ကြည့်စေ၏။ (ဥပမာ လူ့ပြည်နတ်ပြည်ရှိ ဘုရားစေတီများ) ယောဂီအချင်းချင်း မပြောရ၊ နားမထောင်ရ၊ အပြင်လူဖြစ်စေကာမူ သဒ္ဓါတရားနည်းသူအား မပြောရ၊ ဆရာတော် မခိုင်းသည်ကို မကြည့်ရ၊ သမာဓိလုံလောက်သည်နှင့် ဝိပဿနာသို့ တင်ပို့ပေးသည်။

ဤကား မြေဇင်းတောရဆရာတော် တရားပေးပုံတည်း။

ဒေသနာက္ကမ (ဟောစဉ်)နှင့် ပဋိပတ္တိက္ကမ (ကျင့်စဉ်) ချွတ်စွပ် တကြွတည်း မရှိနိုင်သည်ကိုလည်း သတိမူရမည်ထင်ပါသည်။ နောက်ဆုံးရရှိသော အကျိုး ရလဒ်ကသာ အဆုံးအဖြတ် ဖြစ်သင့်သည်မဟုတ်ပါလော။



## လောကတ္ထစရိယာအတွက် ဆက်၍စဉ်းစားရလျှင် (၄)

ကျမ်းဂန်ဝါဒ၊ အာစရိယဝါဒများပြဆိုပြီးနောက် လူသာမန်တစ်ယောက်အနေဖြင့် စိတ်ကူးတွေးတောမိသည်ကို တင်ပြလိုပါသည်။ (ဒုက္ခသစ္စာဟုချည်း မြင်နေသော ဝိပဿနာရင့်ကျက်နေသူများနှင့် မဆိုင်ပါ) လောကတ္ထစရိယာအတွက်မျှသာ ဖြစ်ပါသည်။

ပုဂံ အာနန္ဒာဘုရားသမိုင်းနှင့် ဇမ္ဗူဒီပဥဆောင်းကျမ်းတို့၌ ‘အာနန္ဒာစေတီ’ တည်မည်ရှိသောအခါ ရဟန္တာအရှင်မြတ်ကြီးများက ဟိမဝန္တာမှ နန္ဒမူလိုဏ်ဂူကိုကြည့် ကာ ပုံစံပေးတော်မူကြသည်ဟုလည်းကောင်း၊ အင်းဝနေပြည်တော် ‘မင်္ဂလာစေတီ’ တည်ရာတွင်လည်း ရဟန္တာ အရှင်မြတ်ကြီးများက တာဝတိံသာကြွ၍ ဝေဇယန္တာ ပြာသာဒ်နမူနာပြတော်မူကြသည်ဟုလည်းကောင်း ဖတ်ရှုရ၏။

ယခုအခါ ဝေဇယန္တာပြာသာဒ်၊ သုဓမ္မာဇရပ်တို့ကို မျက်ဝါးထင်ထင် မြင်နိုင်သူများရှိရာ ထိုသူများသာ ပန်းချီပန်းပု ဗိသုကာ ပညာရှင်များဖြစ်ခဲ့သော်–

မြေအောက်အာကာသအထိလည်း ထွင်းဖောက်မြင်နိုင်သူများရှိရာ ထိုသူများသာ ဓာတ်သတ္တုရေနံ သယံဇာတ

http://www.dhammavideo.com/



နှင့် လျှော်ကြော၊ မီးတောင်ကြော စသည် လေ့လာကျွမ်းကျင်သူများ ဖြစ်ခဲ့သော်... လူ့သမိုင်း မြို့ရွာ သမိုင်း တူးဖော်မှု လေ့လာ ကျွမ်းကျင်သူများ ဖြစ်ခဲ့သော်...

လူသားတို့အား အစုလိုက်အပြုံလိုက် မီးလောင်တိုက်သွင်းနိုင်သော လက်နက်များကို ရေဒါဖြင့် ရှာဖွေထောက်လှမ်းနေသော ပညာရှင်များဖြစ်ခဲ့သော်...

ကမ္ဘာ့လူသားတို့အား လုံခြုံစိတ်ချရသော အကာအကွယ်၊ ကြွယ်ဝချမ်းသာမှုကို ပေးနိုင်ရာ၏။

လောကီစိတ်ပညာနှင့် သမာဓိတန်ခိုးရှင်များ အကုသိုလ်လုပ်ငန်းများမှာ ပုံ့ပိုးနေကြသကဲ့သို့ (ဥပမာ–၁၉၉၀–ပြည့်နှစ် အီရတ်စစ်ပွဲတွင် မစ်ချီဂန်ပြည်နယ်၊ ဒက်ထရွိုက်မြို့သူ၊ မာလင်းတေလာ ၉၉.၉% တိကျ အောင်ပွဲသိမ်းပစ်မှတ် ၁၂–ခု အာရုံခံပေးနိုင်သူ။)

ဤကား လောကတ္တစရိယာအတွက် စဉ်းစားမိခြင်းဖြစ်ပါသည်။ လောကမရှိဘဲ လောကုတ္တရာ လုပ်၍ မရ၊ ဘာသာတရားဟူသည်မှာလည်း လူသားတို့ အထက်က တရားမဟုတ်၊ လူသားတို့၏ နေ့စဉ်ဘဝ ချမ်းမြေ့သာယာဝပြောရေးအောင် ကူညီဖေးမ လမ်းပြပေးသော အရာမဟုတ်ပါလော။



အောက်ထစ်ဆုံး ဒုက္ခရောက်သူများကို မြင်နိုင်ကြားနိုင်သော မျက်စိနားတို့ဖြင့် ရှာဖွေကြည့်ရှုရန် ပြဆိုခဲ့သည့်အတိုင်း ထိထိခိုက်ခိုက် စိုက်စိုက်စူးစူး မေတ္တာဘာဝနာ ပွားပို့ပေးနိုင်ရုံမျှပင် အကျိုးများလှပေပြီ။ ဗုဒ္ဓပြဟ္မာလောင်းရသေ့ကြီးကဲ့သို့ ရှေ့တစ်ဆင့် တိုး၍ အဘိညာဉ်တန်ခိုးဖြင့် လောကကောင်း ကျိုးဆောင်သူများ ပေါ်ပေါက်ခဲ့သော် ဆိုဖွယ်ရာမရှိ။

နိဂုံးချုပ်အားဖြင့် ရန်ကုန်၌ တရားသင်တန်းပြရန် အခါအခွင့်ပေါ်လာသဖြင့် သင်တန်းရှိလျှင် သင်ရိုးကျမ်းလည်းရှိရမည်ဖြစ်၍ **'နိဗ္ဗာနမဂ္ဂ အာနာပါန ဝိနိစ္ဆယခေါ် ဓမ္မစက္ခုကျမ်း'** ကို မြေဇင်းတောရ ဆရာတော်ကြီး ရေးသားချီးမြှင့်သည့်မှုအတိုင်း ဖြည့်စွက်ပယ်နုတ်ခြင်း မပြုဘဲ တည်းဖြတ်ပုံနှိပ် ထုတ်ဝေလိုက်ပါသည်။

ထိုသို့ပုံနှိပ်ထုတ်ဝေရာ၌ ကူညီတည်းဖြတ် ပြင်ဆင်ပေးသူ ဦးအောင်သိန်းညွန့် (ပထမကျော်၊ ဓမ္မာစရိယ ဘီအေ–အင်္ဂလိပ်စာ)၊ ညီဖြစ်သူ ဦးထွန်းရွှေ(ဓမ္မာစရိယ၊ ဘီအေ)၊ ဦးညွန့်တင်(စာရေးဆရာ စိတြ)၊ ဒေါ်ဖြူဖြူကျော်နှင့် ကွန်ပျူတာအဖွဲ့ (EFFECTIVE) ရန်ကင်း၊ ဦးလှချို တိုက်ဂါးအော့ဖ်ဆက် တို့အား ပါရမီ ကူညီဖြည့်သူများအဖြစ်

http://www.dhammavideo.com/



ကျေးဇူးတင် ဝမ်းမြောက် ရပါသည်။

မြန်မာနိုင်ငံ ပဋိပတ္တိလောက၌ လူသိနည်းသော်လည်း မကွယ်ပသင့်သော နည်းစနစ်ကောင်းတစ်ခုဖြစ်၍ လိုအပ်ချက် ကွက်လပ်ဖြည့်ကျမ်းတစ်ဆူဖြစ်သည်ဟု ယူဆလက်ခံတော်မူကြပါမှုကား စုစည်းစီစဉ် ထုတ်ဝေရကျိုးနပ်ပြီဟု ရှိသေလေးမြတ်စွာ ခံယူရမည်ဖြစ်ပါကြောင်း။

**သာသနဿ စ လောကဿ၊**

**ဝုဍ္ဍိ ဘဝတု သဗ္ဗဒါ။**

**ဓမ္မာစရိယဦးဋ္ဌေးလှိုင်**

၁၃၆၃–ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၈–ရက်၊

(၇–၃–၂၀၀၂)၊ ရန်ကုန်မြို့။



မောင်းထောင်

## မြေဇင်းတောရဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိအကျဉ်း

### သာသနာပိုင်ကြီး၏မြစ်တော်

ဆရာတော်လောင်းလျာသည် စစ်ကိုင်းတိုင်း ဘုတလင်မြို့နယ်၊ ရေကန်ရွာ ခမည်းတော် ဦးဖိုးကဲ၊ မယ်တော် ဒေါ်ပျော့တို့မှ ၁၂၈၃–ခုနှစ်၊ တန်ဆောင်မုန်း လပြည့်ကျော်(၈)ရက်၊ သောကြာနေ့ ဖွားမြင်တော်မူသည်။

ခမည်းတော်ကြီးမှာ ရတနာပုံ မန္တလေးနေပြည်တော်

http://www.dhammavideo.com/



မင်းတုန်းမင်းတြားကြီးလက်ထက် ဒုတိယမောင်းထောင် သာသနာပိုင်ဆရာတော်ကြီး အရှင်ဥေယျမွေ၏ မြေးတော် ဖြစ်၍၊ မယ်တော်ကြီးမှာသီပေါမင်းလက်ထက် သံတော်ဆင့်၊ သွေးသောက်ကြီး ဦးဆိုင်၏တူမတော် ဖြစ်သည်။

ဆရာတော်၏ မွေးချင်းများမှာ (ဒေါ်အေးခန့်)၊ ဒေါ်အေးရှင်၊ ဦးငွေးလှိုင် တို့ဖြစ်ကြသည်။

မောင်းထောင်ရွာ ယွန်းဆက်ကျောင်းတိုက်တွင် ဦးလေးတော် ဦးရာဇိန္ဒထံ ပရိယတ္တိစာပေများသင်ယူ၍ ၁၃၀၁–ခုနှစ်၊ ပြာသိုလဆန်း (၁၂)ရက်နေ့တွင် သုခမ္မာ ဂိုဏ်းထောက် တောရဆရာတော်ကြီး ဦးဇနိန္ဒကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့သည်။

မောင်းထောင်ယွန်းဆက်(စာသင်တိုက်) ပရိယတ္တိ ၂၇–နှစ်၊အမရပူရ၊ တူမောင်းတိုက်(မိုးကုတ်ဆရာတော်၏) မင်္ဂလာတိုက်၊ စစ်ကိုင်းတောင် လေးကျွန်းချမ်းသာချောင်၊ ပဋ္ဌာန်း နည်းပြတိုက်တို့၌ ဝိနည်းနှင့်အဘိဓမ္မာကို ဦးစား ပေးသင်ယူ၍ ပထမကြီးတန်းသို့ရောက်လျှင် စာမေးပွဲ ဆက်၍ မဖြေဆိုတော့ဘဲ ပခုက္ကူ မဟာဝိသုတာရာမ တိုက်၌ နိကာယ်ပါဠိတော်ကြီးများကို ကျမ်းပေါက် သင်ရိုးကုန် သင်ယူတော်မူခဲ့သည်။



ပခုက္ကူမြို့၌နေစဉ် နေ့အခါ စာလိုက်၍၊ ညအခါ ပခုက္ကူမြို့ မဟာစည်ရိပ်သာ၌ ညပိုင်းယောဂီအဖြစ် တရား ဘာဝနာရှုပွား၍ ပရိယတ်နှင့် ပဋိပတ် တွဲစပ် အားထုတ် တော်မူခဲ့သည်။

ထို့နောက် ယွန်းဆက်တိုက်၌ ၄၀–ခန့်ရှိသော စာသင်သားများအား မူလဓမ္မာစရိယ စာချဆရာတော် အဖြစ်လည်းကောင်း၊ ကျောင်းထိုင်ဆရာတော်အဖြစ် လည်းကောင်း ပရိယတ္တိ ၂၇–နှစ်တိုင်တိုင် သာသနာပြု တော်မူခဲ့ရာ ယွန်းဆက်ကျောင်းတိုက်ကြီးမှ အမေရိကန် သာသနာပြု ဆရာတော်နှစ်ပါးပင် ထွက်ပေါ်ခဲ့သည်။

## မိုးညှင်းဆရာတော်ဘုရားကြီး၏ ဩဝါဒတွန်းအား

ဆရာတော်သည် ငယ်စဉ်ကပင် ရောက်လေရာ မြို့ရွာတို့၌ သက်တော်ရှည် သံဃာ့မထေရ်ကြီးများထံ ချဉ်းကပ်၍ ဩဝါဒအဆုံးအမများ နာခံမှတ်သားလေ့ရှိ၏။ တစ်ခါက မုံရွာသမ္ဗုဒ္ဓေ မိုးညှင်းဆရာတော်ဘုရားကြီးထံ

http://www.dhammavideo.com/



ရောက်စဉ် ဆရာတော်ဘုရားကြီး၏ ဩဝါဒစကားများမှာ ပရိသတ်နှင့်ဆက်ဆံ၍ ပရိယတ္တိအလုပ်လုပ်နေရသည်ကို ငြီးငွေ့လျက်ရှိသော ဆရာတော်အတွက် အလွန်ထိရောက်သော တွန်းအားကြီးဖြစ်သွားခဲ့၏။

"မောင်းထောင်ဘုန်းကြီး၊ တောထွက်ဖြစ်အောင် ထွက်၊ အချိန်ဆွဲမနေနှင့်။ တပည့်တော် စာချဘုန်းကြီး ဘဝက တောထွက်မယ် ... တောထွက်မယ် ကြံရွယ်ပြီး သင်တုံးဓား၊ အပ်၊ အပ်ချည်၊ ရေစစ်၊ ပရိက္ခရာအစုံပါတဲ့ သပိတ်တစ်လုံးကို သပိတ်အိတ်ထဲထည့်ပြီး ကျောင်းတိုက်မှာအသင့်ချိတ်ဆွဲထားတာ၊ သပိတ်အိတ်ကြိုး သံချေးစားလို့ပြုတ်ကျတာ သပိတ်သုံးလုံးကုန်မှ တောထွက်ဖြစ်တယ်။

သူတော်ကောင်းအလုပ်ဆိုတာ အပြောလွယ်တယ် အလုပ်ခက်တယ်။ ဆန်းကြယ်တဲ့ အတားအဆီးတွေရှိတယ် သမ္မပ္ပဓာန်ဝီရိယနှင့် နေက္ခမ္မဓာတ်ပေါ်အောင် မနည်းကြိုးစားယူမှဖြစ်တာ။

မောင်းထောင်ဘုန်းကြီး၊ အချိန်မဆွဲနှင့်။ မြန်မြန် တောထွက်ဖြစ်အောင် ထွက်နော်။"

## အင်ချောင်၊ ကန္နီ၊ ဝေဘူ ဆရာတော်ကြီးများထံ နည်းခံ

၁၃၃၁–ခုနှစ်ဝါဆိုဦးတွင် မောင်းထောင်ယွန်းဆက်စာသင်တိုက်ကြီးကို တပည့်ဖြစ်သူ သာသနဓဇ သိရီပဝရဓမ္မာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ရ စာချဆရာတော် ဘဒ္ဒန္တက္ကန္ဒာစာရအား လွှဲပြောင်းအပ်နှံ၍ မောင်းထောင်၊ တောင်ကုန်း ၈–ရွာ ဂေါစရဂါမ်နယ် အတွင်း မြေဖင်းတောရသို့ တောရဝါကပ်တော်မူခဲ့သည်။

http://www.dhammavideo.com/



၁၃၂၅–ခုနှစ်တွင် ကမ္မဋ္ဌာန်းကျမ်းပြု အင်ချောင်ဆရာတော်ထံနည်းခံဝါကပ်၍ ဝါကျွတ်လျှင်ကန္နီ(ကမ်းနီ) တောင်ပေါ်ရှိ ယောဂီပါရဂူကျမ်းပြု ရွှေသိမ်တော်တောရဆရာတော်ဘုရားကြီးထံမှာ နည်းခံ သီတင်းသုံးသည်။

၁၃၃၄–၃၅ နှစ်များတွင် ခင်ဦးမြို့ အင်ကြင်းပင်ကမ္မဋ္ဌာန်းတိုက်၊ ရွှေဘိုမဟာအောင်မြေရိပ်သာနှင့် ကျောက်ဆည်ဝေဘူချောင်တို့၌ လှည့်လည်သီတင်းသုံးတော်မူ ကြသော ဝေဘူဆရာတော်ဘုရားကြီး နှင့်အတူ သုံးဌာနလုံး လိုက်ပါနေထိုင်၍ တရားအဆုံးအမ ခံယူတော်မူခဲ့သည်။

ထို၌နေစဉ် ဝေဘူဆရာတော်ဘုရားကြီးက နံနက်၊ နေ့ သီးခြားဆွမ်းကပ်လာသူများအား တစ်ဦးပြီးလျှင် တစ်ဦး 'မောင်းထောင်ဆရာတော် သွားကပ်ချေကြဦး' ဟု အမိန့်ရှိသဖြင့် ဝေဘူဆရာတော်ကြီးနည်းတူ ဆွမ်းတော်ပွဲသုံး/လေးဆယ်ကို ပွဲစေ့ဘုဉ်းပေးချီးမြှောက်ရသည်။ ပြေဇင်းတောရသို့ ပြန်တော့မည်ရှိလျှင်လည်း တစ်တိုက်လုံးရှိသံဃာများနှင့် ယောဂီများကို ကန်တော့စေ၍ ကိုယ်တော်စား ဩဝါဒ အပေးခိုင်းတော်မူသည်။

'ဝေဘူဆရာတော်ဘုရားကြီး တစ်သက်တာတွင်



ဤမျှ ချီးမြှောက်ခံရသည့်ပုဂ္ဂိုလ် မရှိခဲ့စဖူး'ဟု ပြောစမှတ်ပြုကြလေသည်။

၁၉၉၃–ခုနှစ်၊ ၁၃၅၄–ခုနှစ်တွင် နိုင်ငံတော် အစိုးရ၏ **'မဟာကမ္မဋ္ဌာနာစရိယ'** ဘွဲ့တံဆိပ်တော်ကို အပ်အပ်စပ်စပ် ဆက်ကပ်လှူဒါန်းခြင်း ခံယူတော်မူရသည်။

*

http://www.dhammavideo.com/

# နိဒါန်း

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

## ဤကျမ်းစာရေးသားရပုံ အကြောင်းအရာ

နက်နဲခက်ခဲစွာ တည်ထားအပ်သော မြတ်ဗုဒ္ဓ၏ သာသနာတော်ကြီးကို ဘုန်းကံပါရမီ ရှိသူများသာ တွေ့ကြုံ ဆုံစည်းခွင့် ရကြပေသည်။



ဘုန်းကံနည်းပါး သတ္တလောကသား အများစုမှာမူကား တွေ့ကြုံ ဆုံစည်းခွင့် မရကြပါပေ။

သာသနာတော်တွင်း ဆုံစည်းခွင့်ရကြသူတိုင်း (ဝါ)ဗုဒ္ဓဘာသာဝင် သူတော်စင်တိုင်း ရည်မှန်းချက်ထားကြသည်ကား–

ဒုက္ခငြိမ်းရာအဖြစ် သန္တိသုခအစစ်ကို ရရှိကြရေး ပင်ဖြစ်ပါသည်။

ထိုသန္တိသုခ အငြိမ်းဓာတ်၊ အအေးဓာတ်ကို ရရေး ရောက်ရေးမှာ–

(၁) စိုပြည် လွယ်ကူ ချမ်းသာသောလမ်း၊
(သမထယာနိကနည်း)

(၂) ခြောက်သွေ့ ပင်ပန်း ခက်ခဲသောလမ်း၊
(ဝိပဿနာယာနိကနည်း)

ဟူ၍ လမ်း(၂)သွယ် ရှိပေသည်။ ထိုလမ်းနှစ်သွယ် လုံးဖြစ်စေ၊ လမ်းတစ်သွယ်သွယ်ဖြင့်ဖြစ်စေ သွားရောက် ပါမှ နိဗ္ဗာန်ပန်းတိုင်ကို လှမ်းကိုင်ဆွတ်ခူးရနိုင်၊ ရောက်နိုင် ကြသည်သာဖြစ်၏။

ဤနေရာဝယ် အထက်ပါ လမ်း(၂)သွယ်ကို သိလွယ် အောင် အစိပ္ပာယ် ဖွင့်ရပါသော်–

http://www.dhammavideo.com/



ဥပမာအားဖြင့်

၁-က အင်း၊ အိုင်၊ ချောင်း၊ မြစ်၊ သမုဒ္ဒရာ၊ ပင်လယ် စသည်ကို ကူးမြောက် လိုသူတို့သည် ချမ်းသာ လွယ်ကူစွာ ကူးမြောက် နိုင်ရန် လှေ၊ ဖေါင်၊ ဝါး၊ သင်္ဘော စသည်ကို အသုံးပြု၍ ကူးခတ်လျှင် လိုရာပန်းတိုင်ကို လွယ်ကူစွာ ရောက်နိုင်သကဲ့သို့၊

၁-ခ လှေ၊ ဖေါင်၊ ဝါး၊ သင်္ဘော စသည် မပါဘဲ လက်ပစ်ကူးခတ် ပါလျှင် လက်အား၊ ခြေအားတို့ကို အသုံးပြုရဖန် များသဖြင့် အားနည်းကာ လိုရာပန်းတိုင်ကို ခဲယဉ်းစွာ ရောက်ရသကဲ့သို့၊

ထို့အတူ ယောဂီသည်

၂-က လှေ၊ ဖေါင်၊ ဝါး၊ သင်္ဘောနှင့်တူသော အာနာ ပါန စသည့်သမထလမ်းဖြင့်သွားပါမူ နိဗ္ဗာန် တည်းဟူ သော ပန်းတိုင်ကို လွယ်ကူစွာ ရောက်ပါမည်၊ အဘယ်ကြောင့် ဆိုသော် - သမာဓိတရား ထူထောင်ရာတွင် သမထလမ်းက လွယ်ကူသော ကြောင့်ပါတည်း၊



၂-ခ လှေ၊ ဖေါင်၊ ဝါး၊ သင်္ဘော စသည် မပါဘဲ လက်ပစ်ကူးခြင်းနှင့် တူသော ဖြစ်ပျက်ရှုမှု စသည့် ဝိပဿနာလမ်းဖြင့် သွားပါမူ နိဗ္ဗာန်တည်းဟူသော ပန်းတိုင်ကို ခဲယဉ်းစွာရောက်ရပေမည်၊ အဘယ့် ကြောင့် ဆိုသော် သမာဓိ ဖြစ်ရန် အားထုတ်ရာ၌ ဝိပဿနာ လမ်းက ခဲယဉ်းသော ကြောင့်ပါတည်း၊

ဤ၌ ဥပမာ ဥပမေယျ နှီးနှောရပါမူ

(က) မြစ်တဘက်ကမ်းကူးသူနှင့် ယောဂီ တူပါသည်၊

(ခ) လှေ၊ဖောင်၊ဝါး၊စသည်နှင့် သမထ တူပါသည်၊

(ဂ) လက်ပစ်ကူးခြင်းနှင့် ဝိပဿနာတူပါသည်၊

(ဃ) မြစ်၏ဟိုမှာဘက်ကမ်း ရောက်ခြင်းနှင့် နိဗ္ဗာန်ရောက်ခြင်း တူပါသည်၊

(င) မြစ်၊ ပင်လယ်၊ သမုဒ္ဒရာ စသည်နှင့် သံသရာ တူပါသည်၊

(၁) ဤဖော်ပြပါ ဥပမာ၊ ဥပမေယျအတိုင်း-လေ့လာ ဖတ်ရှု သဘောပေါက်ကြလျက်သံသရာတည်း ဟူသော ဤမှာဘက်ကမ်းမှ၊ နိဗ္ဗာန်တည်းဟူသော ထိုမှာဘက်

ကမ်းသို့ ကူးသန်းကြရာတွင် လွယ်ကူသော သမထ လမ်းဖြင့်လျှောက်လှမ်း နိုင်ကြစေရန် ရည်ရွယ်၍လည်း ကောင်း၊

(၂) အိန္ဒိယ၊ နီပေါ၊ လော၊ ကမ္ဘောဒီးယား၊ ဂျပန်၊ အမေရိကန်၊ အင်္ဂလန်စသည့် ထိုထိုတိုင်းပြည်များမှ ယောဂီသူတော်စင် ကြီးများလည်း နည်းမျိုးစုံဖြင့် အငြိမ်းဓါတ်၊ အအေးဓါတ်ကို ရှာဖွေနေကြလေရာ ဤကျမ်းစာမှာ လာရှိသော အငြိမ်းဓါတ်၊ အအေးဓါတ်ရကြောင်း လမ်းရိုး လမ်းဟောင်းကြီးကို တွေ့ရှိခံစားနိုင်ကြစေရန် ရည်ရွယ်၍ လည်းကောင်း၊

(၃) ကျမ်းစာတစ်စောင်ပြုစုရန် တောင်းပန်ကြသော ဤ အရှင်၏ တပည့်များ အတွက် ဆန္ဒပြည့်ဝစေရန်ရည်ရွယ်၍လည်းကောင်း၊

(၄) ပျောက်ကွယ်လုနီးပါး လမ်းကောနေသည့်အာနာပါန လမ်းကြီးထင်ရှား၍ လမ်းဖုံလာစေရန် ရည်ရွယ်၍ လည်း ကောင်း

ဤ '**နိဗ္ဗာနမဂ္ဂအာနာပါနဝိနိစ္ဆယ**'မည်သော နိဗ္ဗာန်ရောက်ကြောင်း အကျဉ်း အာနာပါန လမ်းစဉ် **ဓမ္မစကြာ** ကျမ်းစာကို စီစဉ် ပြုစုရပါသတည်း။

**နိဗ္ဗာနမဂ္ဂအာနာပါန ဝိနိစ္ဆယ–ခေါ်**

# ဓမ္မစကြာကျမ်း

**နမော တဿ ဘဂဝတော အရဟတော**
**သမ္မာသမ္ဗုဒ္ဓဿ။**

**ဗုဒ္ဓဝန္ဒနာ**

မုနိန္ဒက္ကော တမံ မောဟံ၊
ဟန္တွာ ဗောဓေသိ ပင်္ကဇံ။
ဇနံ သဒ္ဓမ္မရံသီဟိ၊
သော သံပါလေတု မံ ဇိနော။

http://www.dhammavideo.com/



ယောမုနိန္ဒကွော=အကြင်ဘုရားတည်းဟူသော နေမင်းသည်၊ သဒ္ဓမ္မရံသိဟိ=သူတော်ကောင်းတရားတည်း ဟူသော ရောင်ခြည်တို့ဖြင့်၊ တမံမောဟံ=အဝိဇ္ဇာတည်းဟူ သောအမိုက်ကို၊ ဟန္တွာ=ပယ်ဖျောက်တော်မူ၍၊ ပက်ခံဇနံ= ဝေနေယျတည်းဟူသောကြာကို၊ဗောဓေသိ=သစ္စာလေးပါး မြတ်တရားကိုသိစေ ပွင့်စေ တော်မူပြီ၊ ဓိနေ=မာရ်ငါးပါး ကိုအောင်မြင်တော်မူပြီးသော၊ သောမုနိန္ဒကွော=ထိုဘုရား တည်းဟူသောနေမင်းသည်၊ မံ=အကျွန်ုပ်ကို၊ သံပါလေတု= အန္တရာယ်ခပ်သိမ်းကင်းငြိမ်း၍အလိုဆန္ဒရှိသမျှ ပြီးစီးခြင်း အကျိုးငှာ ကောင်းစွာမသေွ စောင့်ရှောက် မစ တော်မူပါ စေသတည်း။

## ၁–ဥယျောဇနေ့ ဩဝါဒကထာ
## ဘုရားရှင်ဩဝါဒ
## အာနာပါန မိတ်ဆွေကောင်းကြီး

အဗ္ဘတီတသဟာယဿ၊ အတီတဂတသတ္ထုနော။
နတ္ထိ ဧတာဒိသံ မိတ္တံ၊ ယထာ ကာယဂတာ သတိ။
(အာနန္ဒတ္ထေရဂါထာ၊ ဋ္ဌ၊ ၃–၄၁၉)

အတီတဂတသတ္ထုနော – ပရိနိဗ္ဗာန်စံတော်မူသည် ဖြစ်၍ လွန်လေပြီးသောဘုရားရှိထသော၊ (ဘုရားသခင်ပရိနိဗ္ဗာန် ဝင်စံတော်မူ သွားပြီးဖြစ်၍) အဗ္ဘတီတ သဟာယဿ–

http://www.dhammavideo.com/



ပေါင်းဖော်စရာ ကလျာဏမိတ်မရှိသော ပုဂ္ဂိုလ်အား၊ ကာယဂတာသတိ–(အာနာပါန ထွက်လေဝင်လေစသော) ကာယဂတာသတိ ကမ္မဋ္ဌာန်းသည်၊ မိတ္တံ–နိဗ္ဗာန်ရောက်ကြောင်း လမ်းညွှန်ကောင်းသော ကလျာဏ မိတ်သည်၊ ဟောတိယထာ–ဖြစ်သကဲ့သို့၊ဧတာဒိသံ–ထိုကာယဂတာသတိကမ္မဋ္ဌာန်းနှင့်တူသော၊ မိတ္တံ– နိဗ္ဗာန်ရောက်ကြောင်း လမ်းညွှန်ကောင်းသော ကလျာဏ မိတ်သည်၊ နတ္ထိ– မရှိတော့ပြီ။ (အညံမိတ္တံနာမနတ္ထိ၊ ၎င်း ဋ္ဌ–ဒု–နှာ–၄၂၆)

ဘုရားရှင်ကိုယ်တော်မြတ်ကြီးလည်း ပရိနိဗ္ဗာ· စံတော်မူခဲ့လေပြီ၊ ဘုရားရှင်၏ တပည့်သားသာဝ· တို့လည်း ပရိနိဗ္ဗာန် စံတော်မူကြလေကုန်ပြီ၊

'ငါတို့ မဂ်ဖိုလ်နိဗ္ဗာန်ကို ရဖို့ရာ–ဘယ်လိုလု· ကြမည်နည်း၊ အဘယ်တရားကို အားကိုးကြရမည်နည· ဟုမဆွေးမပူရစ်ကြနဲ့၊ မစိုးရိမ်ရစ်ကြနဲ့၊ ကာယဂတာသ· –အာနာပါနကမ္မဋ္ဌာန်းနှင့်တူသော နိဗ္ဗာန်ရောက်ကြော· လမ်းညွှန်ကောင်းသော ကလျာဏ မိတ်ကောင်း ဆွေကော· မရှိ'ဟု အတိအလင်း မိန့်မှာတော်မူခဲ့ပေ၏။



## ကျေးဇူးရှင်
## ကန္နီဆရာတော်ဘုရားကြီး၏ ဩဝါဒ

ယခုတဒင်္ဂဝိမုတ္တိ–အစရှိသောဝိမုတ္တိငါးပါးပြည့်စုံရန်ပြည့်စုံကြောင်း–ကမ္မဋ္ဌာန်းဘာဝနာတို့ကို အားထုတ် သော စေတနာကံသည် အားထုတ်သော ပုဂ္ဂိုလ်၏ နောက်ဘဝ အတွက် တိဟိတ်ပဋိသန္ဓေကို(ဒါရိုက်)ဖြစ်စေ နိုင်သော ဇနက ကံပင်တည်း။

## ကျေးဇူးရှင်
## အင်ချောင်ဆရာတော်ဘုရားကြီး၏ ဩဝါဒ

ဝိသုဒ္ဓိမဂ်ကျမ်းသည် များစွာသော သမထနည်း၊ ဝိပဿနာနည်းတို့ဖြင့် မဂ်ဖိုလ် တိုင်အောင် ပြထားသော ကျမ်းပေတကားဟု 'ဖိုလ်ဝန်းတောင်သွား အားထုတ်၊ အားထုတ်လည်း မရခဲ့၊ ရပ်ရွာ အနီးတောရ ကျောင်း၌နေ၍ အားထုတ်ပြန်၏၊ ဒါလည်း မရပြန်' ဟုအမိန့်ရှိ ဖူး၏။

ထိုကြောင့် ရှေးပညာရှိများက 'စာနည်းပေနည်း

http://www.dhammavideo.com/



ကျောင်းဝန်နည်းမှာ၊ များလှပါ၍၊ လိုရာဆုံးတိုင်၊ မရောက်နိုင်ကြ၊ ဇာတရိယာ၊ နည်းနယကို၊ ဟတ္ထမုဋ္ဌိ၊ ရသည်ရှိက၊ သမထလမ်း၊ နိဗ္ဗာန်ကမ်းကို၊ ဖြောင့်တန်းစွာဘိ၊ သမာဓိ၊ သိမည်ဧကန် မှတ်ရမည်’ဟု ရေးသားတော်မူကြလေသည်။

ဘုရားရှင်သည် လေးအသင်္ချေနှင့်ကမ္ဘာတစ်သိန်း ကာလပတ်လုံး ဘဝမခြားဘဲ ဘုရားတကာတို့ဖြည့်ကျင့်ရာသောပါရမီတို့ကို တဘဝတည်း ဖြည့်ကျင့်တော်မူမှ သဗ္ဗညုဘုရားအဖြစ်သို့ ရောက်တော်မူသည်မှာ ငါ၏အကျိုးငှာ(သာ)မဟုတ်ဘဲ ဖြစ်နေခဲ့ပါတကား၊ တစ်ပါးကုန်သော လူနတ်ဗြဟ္မာ သတ္တဝါတို့၏ အကျိုးငှာသာ(လည်း)ရှိပေသေးသည်ဟု တွေးမိ သတိသံဝေဂကို ရကြသဖြင့်သမထ ဝိပဿနာတရားတို့ကို ပစ္စုပ္ပန်သံသရာနှစ်တန်သောကာလ၌ စိတ်ချယုံကြည်၍ မှီခိုကိုးကွယ်အားထားရာကို လုံ့လ ဝီရိယဖြင့် အားထုတ်ကြ ကုန်ရာ၏။



## စမ်းကြည့်ပါရမီ

စမ်းကြည့် ပါရမီဆိုသည့် အတိုင်း မိမိကိုယ်ကို ပါရမီရှိမရှိကို သမထ ဝိပဿနာတရား အားထုတ် မကြည့်ဘဲ မသိနိုင်ပေ။

ပါရမီဆိုတာ ဆိုင်တည်ထားတာလဲ မဟုတ်၊ သူ့အလိုလို ရောက်လာတာလဲမဟုတ်၊ အားမထုတ်ဘဲ မကျင့်ဘဲ အလိုလို ရင့်လာတာလဲမဟုတ်၊ ဘုရားတရားသံဃာဟုဆိုအပ်သောရတနာသုံးပါးကို သက်ဝင်ယုံကြည်သူမှန်သမျှ ယခုခေတ်မှာလူ(၁၀၀) လျှင်(၉၉)ယောက်လောက်မှာ တိဟိတ်ပုဂ္ဂိုလ်ဖြစ်နိုင်သည်။

သမထဝိပဿနာကို အားထုတ်ချင်စိတ် ဖြစ်လာခြင်းကား ဘဝဘဝက အာသေဝနပစ္စည်း ပါလာခဲ့ပေသည်၊ ပါလာသည့်အတွက် တရားကိုအားကိုးလာ၏၊ အားကိုးလာလျှင် တစ်နေ့နေ့တွင် အားထုတ်ဖြစ်မည်၊ သည်လို စိတ်ဓာတ်မျိုးကိန်းအောင်း လာလျှင်ကိုပဲ အဆင့်အတန်း ပါရမီ မနည်းတော့ပေ၊ ပါရမီရှိလို့သာ ဟုမှတ်။

အကြောင်းကား ဤသာသနာတော်မြတ်ကြီးကား (၃၁)ဘုံတို့တွင် ထိပ်တန်းအကျဆုံး အမြင့်မြတ်ဆုံးဖြစ်သည့်

http://www.dhammavideo.com/



ဤလူ့ဘုံဌာနမှာ လူလာဖြစ်ရ၏၊ ဘုရားလောင်း တုသိတာနတ်ဘုံမှ လူ့ဘုံဆင်းပြီး ပဋိသန္ဓေနေတော်မူ သည်ကိုထောက်လျှင် အလွန် ဝမ်းမြောက်ဖွယ်ရာကောင်း သောဘုံဌာနဘဝကြီးကို ငါရနေပါပကောဟု ဝမ်းမြောက် ဝမ်းသာကြိုးစားဖို့ကောင်းလှပါဘိ။ တရားမကျင့်ဘဲ အလိုလိုရင့်လာတယ် ဟုယူဆလျှင် ပါရမီနည်းသေးလို့ သာမှတ်။

ထို့ကြောင့် မန်လည်ဆရာတော်ဘုရားကြီး၏ မဃဒေဝ လင်္ကာသစ် ၌—

'တရားမကျင့်၊ လိုလိုရင့်ဟု၊ မသင့်ယူငြား၊ ဆောက်တည်မှားက၊ လေးပါးပါယ်ဘုံ၊ လားတုံတုံတည်း၊ မြဲခဲ့ ချမ်းသာ၊ ဘဝကြာတိုင်း၊ သမ္ဘာမရင့်၊ တဏှာဆင့်၍၊ ရှည်မြင့်ကြာညောင်း၊ ဝဲခနောင်းမှ၊ တပြောင်းပြန်ပြန်၊ ညာမဆန်ဘဲ၊ နိဗ္ဗာန်ဝေးဘိ၊ သုဂတိမျှ၊ မသိတို့စွာ၊ ပါယ်လေးရွာဝယ်၊ ဖီလာအမြဲ၊ လူနတ်ပွဲနှင့်၊ ချွတ်လွဲ ချော်ရမည်ကိုကား။'

ဟူ၍ လာရှိသည်။



## ကျေးရှူးရှင်
## လယ်တီဆရာတော်ဘုရားကြီး၏ ဩဝါဒ

ဘုရားရှင် သက်တော်ထင်ရှားရှိစဉ် ရဟန်းတော်များနှင့်လူအများ အာနာပါနကမ္မဋ္ဌာန်း အားထုတ်ကြပုံ အာနာပါန အစရှိသော သမထ ကမ္မဋ္ဌာန်းမျိုးသည်ကား ပြောဟောမှု အလွန်လွယ်၏။ နိမိတ်အထင်ရအောင် အားထုတ်မှု အလွန်ခဲယဉ်း၏။ အိမ်၌နေ၍ စီးပွားနှင့် ဖက်တွဲခြင်းငှာမရ၊ ဆိပ်ငြိမ်ရာသို့ထွက်၍ အပြင်းအထန် အားထုတ်နိုင်မှ နိမိတ်ကိုရနိုင်၏။

ဝိပဿနာ ကမ္မဋ္ဌာန်းသည်မူကား ဉာဏ်အလုပ် ဖြစ်၍ လယ်လုပ်ရင်းလည်းဖြစ်နိုင်၏၊ ယာလုပ်ရင်းလည်း ဖြစ်နိုင်၏၊ လှေသွားရင်း၊ လှည်းသွားရင်း၊ ဝန်ထမ်းရင်း၊ရောင်းရင်း၊ ဝယ်ရင်း အစရှိသည်ဖြင့် အိမ်အလုပ် အိမ်စီးပွားနှင့် ဖက်တွဲနိုင်သတည်း။

http://www.dhammavideo.com/



## သမထကမ္မဋ္ဌာန်းပေါက်သူလူနည်း၍ ရဟန်းများပုံ

ဘုရားလက်ထက်တော်၌ သမထကမ္မဋ္ဌာန်းကို ပေါက်ရောက်အောင် လုပ်နိုင်သူကား အလွန်နည်းလှ၏၊ အိမ်၌နေ၍ အိမ်စီးပွားနှင့်ဖက်တွဲ၍ စွဲမြဲကြသူအလွန်များ၏၊ ထိုစကားမှန်၏၊ သမထကမ္မဋ္ဌာန်း ပေါက်ရောက်သူ လူ၌ အလွန်နည်းလှ၏၊ ရဟန်းတို့သာ များ၏။

## ဝိပဿနာကမ္မဋ္ဌာန်းပေါက်သူရဟန်းနည်း၍ လူများပုံ

ဝိပဿနာကမ္မဋ္ဌာန်းပေါက်ရောက်၍ သောတာပန် အရိယာဖြစ်ကြသူကားလူ၌အလွန်များ၏၊လူသောတာပန် တစ်ထောင်ကို ရဟန်းသောတာပန်တစ်ယောက်ကျထား၍ ရေတွက်သော် ရဟန်းဘက်ကသာကုန်လေရာ၏၊ လူဘက် က မကုန်လေရာ၊ ဤမျှလောက်ပင် များရိပ်ထင်၏၊ အဘယ့် ကြောင့်နည်း၊ လောက၌ရှိရင်းကပင် ရဟန်း အလွန်နည်း၏၊



လူက မရှုမတိုက်နှင့် အပြည့်ရှိ၏၊ လူသောတာပန်လည်း ပြည့်မတတ်ပင်များ၏၊ ထိုသို့ များလှခြင်းသည်ကား အိမ်စီးပွားနှင့် ဝိပဿနာ တွဲချင်တိုင်း တွဲသာလှသော ကြောင့်တည်း။

## လူသောတာပန်ထက် နတ်သောတာပန်များပုံ

အယုတ်အားဖြင့် အစေခံ အိမ်ကျွန်မ အခစား ကူလီပင် ဖြစ်သော်လည်း သံဝေဂသတိ ကောင်းကောင်း ရှိပါလျှင် ဝိပဿနာ ဖက်တွဲနိုင်တော့သည်သာတည်း၊ တစ်ဖန် လူသောတာပန်နှင့် နတ်သောတာပန် နှိုင်းယှဉ် ခဲ့မူကား မနှိုင်းယှဉ်သာပေ၊ နတ်သောတာပန် တစ်သိန်း တစ်သန်းကို လူသောတာပန်တစ်ယောက်ထားသော်လည်း လူကသာကုန် ရာ၏၊ နတ်ကား မကုန်နိုင်ရာ၊ ဓမ္မစကြာ တရားဦးဒေသနာ တွင် လူငါးယောက်သာ အကျွတ်ပါ၏၊ ဗြဟ္မာတစ်ဆယ့်ရှစ် ကုဋေကျွတ်၏၊ နတ်အသင်္ချေကျွတ်၏၊ ဤနည်းမျိုး ချည်း သာများ၏။

ထို့ကြောင့် လောက၌ ဘုရားပွင့်မှုမည်သည်

http://www.dhammavideo.com/



နတ်ဗြဟ္မာတို့၏ ကျွတ်ပွဲကြီးပေတည်း၊ လူသည် အမည် အလှောက်မျှလောက်သာ ပါနိုင်လေ သည်။

ဤမျှသော စကားစုဖြင့် သာသနာတော်တွင်း လူ့ဘဝရခိုက် သမထ ဝိပဿနာ တရားတို့နှင့်လည်း ကြုံဆဲဖြစ်၍ အားထုတ်ကြရန် ပြလိုရင်း အချက်တည်း။

(ကျေးဇူးရှင်လယ်တီဆရာတော်၏ အာဟာရဒီပနီ၊ ၁၂၆)

## ကျေးဇူးရှင်
## မဟာစည်ဆရာတော်ဘုရားကြီး၏ဩဝါဒ
## အပြစ်မပြောသင့်ကြောင်းရှင်းပြချက်

'အာနာပါန ကမ္မဋ္ဌာန်းဆိုတာ အင်မတန်ထင်ရှားနေတာပဲ၊ သိပြီးသားမို့မရှုရဘူးဆိုရင် ထွက်လေဝင်လေလဲ မရှုရဘူးလို့ဆို ရလိမ့်မယ်၊ အဲဒီလိုကတော့ ဘယ်သူမှ မပြောဆိုဝံ့ကြပါဘူး၊ အာနာပါနကိုရှုခြင်းဖြင့် ဝိပဿနာ ဉာဏ် မဂ်ဉာဏ် မဖြစ်နိုင်ဘူးလို့ မပြောဆိုသင့်ပါဘူး။'

(မဟာစည် ဓမ္မဒါယာဒသုတ်တရားတော်နှာ–၈၃)

'စုန္ဒရေ၊ ဟိုမှာရှုမှတ်ဘို့ တရားနှလုံးသွင်းဘို့



ကောင်းတဲ့ သစ်ပင်ရိပ်တွေရှိတယ်။ လူသူကင်းဆိတ်တဲ့ ကမ္မဋ္ဌာန်းကျောင်းတွေလဲရှိတယ်၊ ရှုကြဟေ့၊ ရှုကြလို့ မြတ်စွာဘုရားက တိုက်တွန်း တော်မူပါတယ်။ ဘာကို ရှုရမှာလဲဆိုတော့ သမထအလိုအားဖြင့်တော့ (၃၈)ပါးသော သမထကမ္မဋ္ဌာန်းအာရုံ တွေကိုရှုရမယ်။

'ဝိပဿနာအလိုအားဖြင့်တော့ ခန္ဓာငါးပါး၊ အာယတန(၁၂)ပါးစတဲ့ ရုပ်နာမ်တရားတွေကို အနိစ္စအစရှိသော အခြင်းအရာအားဖြင့်ရှုရမယ်။ အတိုချုပ်အားဖြင့် ဆိုလျှင် သမထနှင့်ဝိပဿနာကိုပွား စေကြရမယ်လို့ ဆိုလိုပါတယ်။'

(မဟာစည်သလ္လေခသုတ်တရားတော်ဒုနှာ–၂၈၄)

အဲဒီမှာ သမထကိုလဲ ပွားစေဘို့ တိုက်တွန်း တော်မူကြောင်း၊ ဒါကြောင့် သမထကိုလဲ အထင်မသေး သင့်ပေဘူး။ မြတ်စွာဘုရား ကိုယ်တော်တိုင်ကပင် သမထ ကမ္မဋ္ဌာန်း ကိုလဲ ရှုဘို့ တိုက်တွန်းထားပါတယ်။ အထက်တန်းစား ရဟန္တာတွေဟာ သမထကို မရှိမသေ မပြောသင့်ဘူးဆိုတာကို အထူး သတိပြုကြရမယ်။

http://www.dhammavideo.com/



## သမထအလုပ်နှင့်စပ်၍ ယုံမှားဖြစ်ပုံ

တရားမှန်၌ ယုံမှားခြင်းစကားဖြင့် ယုံမှားမှု (၈)ပါးလုံးကို သိမ်းသွင်းနိုင်ပါတယ်။ တရားမှန်နှင့် မဆိုင်တဲ့ လောကရေးရာ ယုံမှားခြင်းတွေကတော့မပါဘူး။ တရားနှင့် စပ်တဲ့ယုံမှား(၈)မျိုးသာ နီဝရဏမည်တယ်။ အဲဒီ ယုံမှားက ဘယ်လိုဖြစ်သလဲဆိုရင် သမထ ဘာဝနာအလုပ်ကို အားထုတ်တဲ့သူမှာ အဲဒီသမထ လုပ်ငန်းနှင့် စပ်ပြီးယုံမှား ဖြစ်တယ်။ အာနာပါန ကမ္မဋ္ဌာန်း ဆိုရင် အသက်ရှူတာ ကို ရှုနေရုံနှင့် ဈာန်ရတယ်ဆိုတာ ဟုတ်မှဟုတ်ပါ့မလားလို့ ယုံမှားတွေးတောတယ်။ ပထဝီကို ပထဝီလို့ရှုနေရုံနှင့် ဈာန်(၄)ပါးကို ရတယ်ဆိုတာ ဟုတ်မှဟုတ်ပါ့မလား။ အဲဒီဈာန်ရပြီးအဘိညာဏ် ရတယ် ဆိုတာ ဟုတ်မှဟုတ်ပါ့မလား။

အဲဒီအဘိညာဏ်ဖြင့် ဖန်ဆင်းနိုင်တယ်၊ မြေလျှိုးမိုးပျံနိုင်တယ်၊ ဘာမဆိုမြင်နိုင်ကြားနိုင်တယ် ဆိုတာ ဟုတ်မှဟုတ်ပါ့မလား စသည်ဖြင့်ယုံမှားတွေးတောတယ်။

ဒွတ္တိံသာကာရကမ္မဋ္ဌာန်းနှင့်စပ်ပြီးတော့လဲ ဆံပင် မွေးညှင်း လက်သည်း ခြေသည်း စသည်ကို ရှုဆင်ခြင်



နေရုံမျှနှင့် ဈာန်ရတယ်ဆိုတာ ဟုတ်မှဟုတ် နိုင်ပါ့မလား လို့လဲ တွေးတောယုံမှားတယ်။

အဲဒါဟာ သမထဘာဝနာကိုတားမြစ်တဲ့နီဝရဏဝိစိကိစ္ဆာပဲ။

(မဟာစည်သလ္လေခသုတ်တရားတော်နှာ-၁၀၅)

### ယခုအခါ ဈာန်အဘိညာဏ်တွေရနိုင်ပါသလား

ဒီနေရာမှာ မေးစရာရှိပါတယ်၊ ဒီဈာန်အဘိညဉ်တွေဆိုတာက ယခုအခါ ရနိုင်ပါသလားလို့ မေးစရာ ရှိပါတယ်၊ ရနိုင်ပါတယ်လို့ပဲ ဖြေရပါမယ်၊ ဘာ့ကြောင့်လည်းဆိုရင် မရနိုင်ဘူးလို့လည်း ပယ်မြစ်ချက်မရှိပါဘူး၊ ယခု တရားအား ထုတ်နေကြတဲ့ အချို့ယောဂီတွေမှာလဲ ဒီလို အမြင်အကြား သဘောတွေ တွေ့နေကြပါတယ်၊ ဒါကြောင့်ပါပဲ၊ ဒါပေမဲ့ အဘိညာဏ်ဆိုတာကတော့ အင်မတန် သမာဓိအား ကောင်းမှ ပြည့်စုံတယ်၊ လွယ်လွယ် ကလေးတော့မဟုတ်ဘူး။

(မဟာစည်ပဋိစ္စသမုပ္ပာဒ်တရားတော်၊ နှာ-၁၅)

http://www.dhammavideo.com/



## ဗောဓိပက္ခိယတရားတည်းဟူသောရေအိုင်ကြီး

ဓမ္မာ ရဟဒေါ ဗြာဟ္မဏ၊ သီလ တိတ္ထော၊
အနာဝိလော သဗ္ဘိ သတံ ပသတ္ထော။
ယတ္ထ ဟဝေ ဝေဒဂုနှောသိနာတာ၊
အနလ္လဂတ္တာဝ တန္တိံပါရံ။
(သဂါထာဝဂ္ဂသံ၊ ပါ (၁၇၁)

**မြန်မာပြန်**။ သင်္ဂါရဝပုဏ္ဏား–၃၇ပါးသော ဗောဓိပက္ခိယတရားသည် အလွန်ကြည်လင်သော ရေအိုင်ကြီးမည်၏။ စတုပါရိသုဒ္ဓိသီလသည် ဆိပ်ကမ်းကြီးမည်၏။ ကိလေသာတို့ဖြင့် နောက်ကျုခြင်းမရှိသော သူတော်ကောင်း တို့၏တရားကို သူတော်ကောင်းတို့သည် ချီးမွမ်းအပ်၏။ အကြင်ဗောဓိပက္ခိယ တရားတည်းဟူသော ရေအိုင်ကြီး ၌ ရဟန္တာ ပုဂ္ဂိုလ်တို့သည် စင်စစ် အညစ်အကြေး ကင်းဝေးစင်ကြယ်အောင် ရေချိုးတော်မူကြကုန်၏။ (ထို)ဝေဒဂူပုဂ္ဂိုလ်တို့သည် ကိလေသာ စိုစွတ်ခြင်း မရှိသော ကိုယ်တို့ဖြင့်သာလျှင် ထိုမှာဘက်ကမ်းတည်းဟူသော နိဗ္ဗာန်သို့ ကူးတော်မူကြလေကုန်၏။



## နိဗ္ဗာန်ကို ဘယ်လိုရှာရမလဲ

နိဗ္ဗာန်ကို အလိုရှိကုန်သော အမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည် မဟာသမုဒ္ဒရာ၏အတွင်းကို ဆင်းလို တက်လိုသောသူတို့သည်

အရှေ့ဘက်ကမ်းမှဖြစ်စေ၊
အနောက်ဘက်ကမ်းမှဖြစ်စေ၊
တောင်ဘက်ကမ်းမှဖြစ်စေ၊
မြောက်ဘက်ကမ်းမှဖြစ်စေ၊

အထောင့်စသော တခုခုသော ကမ်းမှဖြစ်စေ ဆင်းသက်ခြင်းငှာ အလိုရှိကုန်၏၊ ထိုမိမိဆင်းသက်လို သော ဆိပ်ကမ်းဖြင့်သာလျှင် သမုဒ္ဒရာကို ဆင်းသက်ရာ ဖြစ်၍ ဆိပ်ကမ်းမည်၏၊ ဆိပ်ကမ်းမဟုတ်သော နေရာ အရပ် မရှိနိုင်သကဲ့သို့ ထိုနည်းအတူ ဘုရားရှင်၏ သာသနာတော်ဝယ် (၃၈)ပါးသော ကမ္မဋ္ဌာန်းတို့တွင် တပါးပါးသောကမ္မဋ္ဌာန်းဖြင့် နိဗ္ဗာန်ကို သက်ဆင်းလို၏၊ (ဝါ) ရောက်လိုရလို၏၊ ထိုကမ္မဋ္ဌာန်းဖြင့်သာလျှင် နိဗ္ဗာန်ကို သက်ရာ(ဝါ)ရောက်ရာ ရရာ ကမ္မဋ္ဌာန်းမည်၏၊ နိဗ္ဗာန်ကို မရောက်နိုင် မရနိုင်သော ကမ္မဋ္ဌာန်းမည်သည် မရှိ။

http://www.dhammavideo.com/



ကမ္မဋ္ဌာန်း(၄၀)တို့တွင် ၁။ အာကာသကသိုဏ်း၊ ၂။ အာလောကကသိုဏ်း (၂)ပါးကို ကြဉ်လိုက်သော် ကျန်(၃၈)ပါး ဖြစ်၏။ ၎င်းကသိုဏ်း(၂)ပါးကို နိဗ္ဗာန်မရောက်မှာမို့ ကြဉ်ရသလား၊ မဟုတ်ပေ၊ ကမ္မဋ္ဌာန်းတိုင်းမှာ ၎င်းကသိုဏ်း(၂)ပါး ဖြစ်လေသောကြောင့် ယင်း(၂)ပါး အတွက် အထူးပြုလုပ်ဖွယ်မရှိဟု ဆိုလိုသည်။

## နိဗ္ဗာန်၏ဆိပ်ကမ်းမဟုတ်သော ကမ္မဋ္ဌာန်းမည်သည်မရှိ

**နိဗ္ဗာနသာကိရ ယထာမဟာသမုဒ္ဒသ၊ ယတောယတော ဩတရိတုကာမာဟောန္တိ၊ တံတဒေဝတိတ္ထံ၊ အတိတ္ထံနာမ နတ္ထိ၊ ဧဝမေဝံ–အဋ္ဌတိံသာယ ကမ္မဋ္ဌာနေသု၊ ယေနယေန မုခေန နိဗ္ဗာနံ ဩတရိတုကာမာ ဟောန္တိတံ တဒေဝတိတ္ထံ၊ နိဗ္ဗာနသာ အတိတ္ထံနာမ ကမ္မဋ္ဌာနံ နတ္ထိ။**

(မူပဏ်–ဋ္ဌ–ဒု–နှာ–၃၁၀)

**မြန်မာပြန်**။ ထင်ရှားအောင် သိစေဦးအံ့၊ နိဗ္ဗာန်အား



မဟာသမုဒ္ဒရာသို့ အကြင်အကြင်အရပ်မှ သက်ဆင်းခြင်းငှာအလိုရှိကုန်၏၊ ထိုမဟာသမုဒ္ဒရာကို သက်ဆင်းခြင်းငှာ အလိုရှိသော ထိုအရပ်သည်သာလျှင် ဆင်းရာသက်ရာ ဆိပ်ကမ်းမည်၏၊ ဆိပ်ကမ်းမဟုတ်သော အရပ်မည်သည် မရှိသကဲ့သို့၊ ဤအတူ (၃၈)ပါးကုန်သော ကမ္မဋ္ဌာန်းတို့တွင်အကြင်အကြင်ကမ္မဋ္ဌာန်းဖြင့်နိဗ္ဗာန်ဆင်းသက်ခြင်းငှာအလိုရှိကုန်၏။ ထိုနိဗ္ဗာန်ကို ထိုကမ္မဋ္ဌာန်းဖြင့်သာလျှင် ဆင်းရာသက်ရာဆိပ်မည်၏၊ နိဗ္ဗာန်၏ ဆိပ်မဟုတ်သော ကမ္မဋ္ဌာန်း မည်သည်မရှိ။

http://www.dhammavideo.com/

## ၂–အာနာပါန ဝိနိစ္ဆယကထာ
## အာနာပါန သမထဖြင့်
## နိဗ္ဗာန်ရောက်နိုင်ပုံ ဝိနိစ္ဆယ

ကျေးဇူးတော်ရှင် ကန္နီဆရာတော်ဘုရားကြီးနှင့် ကျောက်ဂူ(တောရ)ဆရာတော်ဘုရားကြီးနှစ်ပါးတို့အား အာနာပါန ကမ္မဋ္ဌာန်း နိဗ္ဗာန်ရောက်ကြောင်းဟုတ်မဟုတ် လျှောက်ထား မေးမြန်းကြည့်ရာတွင် ထိုကျေးဇူးတော်ရှင် ဆရာတော်ကြီး နှစ်ပါးတို့၏အထံမှ နာခံမှတ်သားခဲ့ဘူးသော အတိုင်း သမထ နိဗ္ဗာန်ရောက်ကြောင်း ဝိနိစ္ဆယကို ပြဆိုဦးအံ့။ ထိုဆရာတော်ကြီး နှစ်ပါးတို့ကား မန်လည်ဆရာတော်



ဘုရားကြီးထံ၌ (၁၁)နှစ် (၁၂)နှစ် ကြာမျှနေထိုင်ကြလျက် ပရိယတ် ပဋိပတ် ပြောင်မြောက် တော်မူကြ၏။ ကျမ်းပြု ပုဂ္ဂိုလ်ကြီး များပေတည်း။

ယခုအခါဗုဒ္ဓဘာသာဝင်ဖြစ်သောအချို့အချို့သော သူတို့က သမထသည်နိဗ္ဗာန် ရောက်ကြောင်း မဟုတ်ဟု ဟော ပြောသူလည်း ဟောပြောကြကုန်၏၊ ရေးသားသူလည်း ရေးသား ကြကုန်၏။

အာနာပါနသမထနိဗ္ဗာန်ရောက်ကြောင်းမဟုတ် ဟူသောစကား၌ သမထသည်–

၁။ သာသနာပ၌ အားထုတ်အပ်သောသမထ၊

၂။ သာသနာတွင်း၌ အားထုတ်အပ်သော သမထ ဟု (၂)ပါးရှိ၏။

ထို(၂)ပါးတို့တွင်သာသနာပအခါ၌အားထုတ်အပ် သော သမထသည် ဘုရားရှင်တည်းဟူသော ကလျာဏ မိတ္တသပ္ပုရိသူပနိဿယကိုမရနိုင်သည့်အတွက်ဈာန်သမာ ပတ်ဝင်စားခြင်း၌ မွေ့လျော်ခြင်း၊ ဗြဟ္မာဘုံ၌မွေ့လျော် ခြင်းနှစ်ပါးသည် ကမ္မဝဋ်၊ ဝိပါကဝဋ်တရား တို့၌သာ မွေ့လျော်သည်မည်၏၊ ဝဋ်တရား၏ ပြင်ပ ဗဟိဒ္ဓ၌ ဖြစ်သော

http://www.dhammavideo.com/



နိဗ္ဗာန်ကို တောင့်တခြင်း ရည်ရွယ်ခြင်း အလျဉ်းမရှိချေ။

သို့အတွက် 'အဝိဇ္ဇာပစ္စယာသင်္ခါရာ၊သင်္ခါရပစ္စယာဝိညာဏံ' စသောပဋိစ္စသမုပ္ပါဒ်သွင်း၍ ယူရ၏။ ဤကား နိဗ္ဗာန်ရောက်ကြောင်းမဟုတ်သော သမထတရားတည်း။

သာသနာတွင်းအခါ၌ အားထုတ်အပ်သောသမထတရားသည်ကား ဘုရားရှင်တည်းဟူသော ကလျာဏမိတ္တသပ္ပုရိသူပနိဿယကို ရနိုင်သည့်အတွက် ကမ္မဝဋ်၊ ဝိပါကဝဋ်တရား၏ ပြင်ပ ဗဟိဒ္ဓဖြစ်သော နိဗ္ဗာန်ကို တောင့်တရည်သန်၍ အားထုတ်အပ်သော သမထဖြစ်သောကြောင့် နိဗ္ဗာန်ရောက်ကြောင်း အမှန်ဟုတ်၏၊ အမှန်ဟုတ်ပုံကား–

## သမထ–အဓိပ္ပာယ်

'သံကိလေသေ သမေတိ ဝူပသမေတီတိ သမထော'

ယောဓမ္မော–အကြင်တရားသည်။ သံကိလေသေ–ပြင်းစွာပူလောင်တတ် နှိပ်စက်တတ်သော ကိလေသာ တို့ကို၊ သမေတိ ဝူပသမေတိ–ငြိမ်းစေတတ်၏။ ဣတိတသ္မာ=ထို့ကြောင့်၊ သောဓမ္မော–ထိုသမာဓိတရားသည်။ သမထော– သမထမည်၏။



ထိုသမထမည်သောတရားသည် ဥပစာရသမာဓိ အပ္ပနာသမာဓိသို့ ရောက်သောအခါ သံကိလေသစသော အညစ်အကြေးတို့မှ လွတ်ကင်းသဖြင့် အလွန်သန့်ရှင်း စင်ကြယ်၏။

အလွန် သန့်ရှင်းစင်ကြယ်သည့်အတွက်သဒ္ဓိန္ဒြေ, ပညိန္ဒြေ, ဝီရိယိန္ဒြေ, သတိန္ဒြေတို့လည်း အလွန်စင်ကြယ်ကုန်၏။

ထိုဣန္ဒြေတို့ သန့်ရှင်း စင်ကြယ်သောအခါ ဖိတ်ဖိတ်တောက် စင်ကြယ်သော ပညိန္ဒြေဖြင့် အနိစ္စ လက္ခဏာ၊ ဒုက္ခ လက္ခဏာ၊ အနတ္တ လက္ခဏာတို့ကို ဆင်ခြင်သုံးသပ်ပွားများသောအခါ အနိစ္စအပြစ်ဒေါသ၊ ဒုက္ခ အပြစ်ဒေါသ၊ အနတ္တ အပြစ်ဒေါသတို့သည် ဝိပဿနာဉာဏ်အား အလွန်လျင်မြန်စွာ ထင်လာကုန်၏။

ထိုသို့ ထင်သောအခါ ကျွတ်တမ်းဝင်လတ္တံ့သော ပစ္ဆိမဘဝိကဖြစ်အံ့၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့ကို လျင်မြန်စွာရ၏၊ ဤအဓိပ္ပာယ်ကိုရည်၍ အသင်္ခတသံယုတ် ပါဠိတော်ကြီး၌ ဤသို့ဟောတော်မူ၏။

http://www.dhammavideo.com/



**ကတမဉ္စဘိက္ခဝေ အသင်္ခတံ။ ယော ဘိက္ခဝေ ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယော၊ ဣဒံဝုစ္စတိ ဘိက္ခဝေ အသင်္ခတံ။** (သံ၊ပါ-၅၃၄)

**မြန်မာပြန်။** ရဟန်းတို့၊ ကံစိတ်ဥတုအာဟာရတို့သည် ပေါင်းဆုံစုဝေး၍ မပြုပြင်အပ်သောကြောင့် အသင်္ခတမည်သော နိဗ္ဗာန်သည် အဘယ်ပါနည်း ဟူမူကား၊ ရဟန်းတို့၊ အကြင်ရာဂ၏ကုန်ခြင်းသည် အကြင်ဒေါသ၏ကုန်ခြင်းသည်၊အကြင်မောဟ၏ ကုန်ခြင်းသည်ရှိ၏၊ ဤရာဂဒေါသမောဟတို့၏ ကုန်ခြင်းကို အသင်္ခတမည်သော နိဗ္ဗာန်မည်၏ဟူ၍ ဆိုအပ်၏။

အဓိပ္ပာယ်-မဂ်ဉာဏ်သည် ရာဂဒေါသမောဟ တို့ကို ပယ်သော အခိုက်အတန့်၌ နိဗ္ဗာန်ကို အာရုံပြုရမှ ပယ်နိုင်၏။ ထိုသို့နိဗ္ဗာန်ကိုအာရုံပြု၍ ပယ်သောအခါ ရာဂဒေါသ မောဟတရားတို့သည် အကြွင်းမဲ့ချုပ်ငြိမ်း ကုန်၏။ထိုသို့ ရာဂဒေါသမောဟတို့၏ချုပ်ငြိမ်းခြင်းသည် အကျိုး။ နိဗ္ဗာန်သည် မဂ်ဉာဏ်အား အာရမ္မဏာဓိပတိ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုခြင်းကြောင့် အကြောင်း။

သို့အတွက်အကျိုးဖြစ်သောရာဂက္ခယဒေါသက္ခယ



မောဟက္ခယတို့၏ 'ခယ' ဟူသောအမည်ကို အကြောင်းဖြစ်သောအသင်္ခတ၌ တင်စား၍ အကြောင်းဖြစ်သော အသင်္ခတနိဗ္ဗာန်ကို ရာဂက္ခယဒေါသက္ခယ မောဟက္ခယ ဟုဆိုအပ်၏။ ဤသို့ ဖလူပစာရတင်စား၍ ယူစေလို သောကြောင့် 'ဣဒံ ဝုစ္စတိ ဘိက္ခဝေ အသင်္ခတံ' ဟု 'ဝုစ္စတိ' ကြိယာနှင့် ဟောတော်မူ၏။

## နိဗ္ဗာန်ရောက်စေနိုင်သော သမထ

၁။ ကတမောစ ဘိက္ခဝေ အသင်္ခတဂါမိမဂ္ဂေါ။ ကာယဂတာ သတိ၊ အယံ ဝုစ္စတိ ဘိက္ခဝေ အသင်္ခတဂါမိမဂ္ဂေါ။

ဒုတိယဝါကျ၌လည်း -

၂။ ကတမောစ ဘိက္ခဝေ အသင်္ခတဂါမိမဂ္ဂေါ။ သမထောစဝိပဿနာစ။ အယံ ဝုစ္စတိ ဘိက္ခဝေအသင်္ခတဂါမိမဂ္ဂေါ။

(အသင်္ခတသံယုတ်ပါဠိတော် သံ၊၁၊၅၃၄)

**မြန်မာပြန်။** ၊ရဟန်းတို့ အသင်္ခတမည်သော နိဗ္ဗာန်သို့ရောက်ကြောင်းဖြစ်သော သမထသည် အဘယ်ပါနည်းဟူမူကား ကေသာ လောမာ နခါ ဒန္တာ တစော စသော

ရူပကာယ၌ အာရုံပြု၍ဖြစ်သော တရားတည်း။ 'ကေသာဒိကာယကောဋ္ဌာသနိမိတ္တာရမ္မဏကာယ သတိယာ ဇေတံ အဓိဝစနံ'ဟု အဋ္ဌကထာ၌ အဓိပ္ပါယတ္ထ သံဝဏ္ဏနာနည်းဖြင့် ဖွင့်ပြတော်မူ၏။

ကာယဂတာသတိတိဇေတံနာမ–ကာယဂတာသတိ ဟူသော ဤအမည်သည်။ ကေသာဒိကာယကောဋ္ဌာသ နိမိတ္တာရမ္မဏကာယ–ကေသာဒိကာယ ကောဋ္ဌာသ နိမိတ်လျှင်အာရုံရှိသော။ သတိယာ–မပြတ်အောက်မေ့သော သတိတရား၏။ အဓိဝစနံ–အမည်တည်း။

ပါဠိတော်၌လည်း 'အယံ ဝုစ္စတိ ဘိက္ခဝေ အသင်္ခတ ဂါမိ မဂ္ဂေါ'ဟုဝုစ္စတိကြိယာနှင့်ဟောတော်မူ၏။ အဋ္ဌကထာ၌ 'ဇေတံ အဓိဝစနံ' ဟု အဓိဝစနသဒ္ဒါနှင့် ဖွင့်ပြတော်မူ၏။

**နိယာမ်–** ဝုစ္စတိဝုတ္တံ အဓိဝစနံ နာမံရှိရာ ဉပစာ။ **အဓိပ္ပါယ်**။ အကျိုးဖြစ်သောဝိပဿနာတရား၏'အသင်္ခတ ဂါမိမဂ္ဂ' ဟူသော အမည်ကို အကြောင်းဖြစ်သောသမထ တရား၌တင်စား၍ အကြောင်းဖြစ်သော သမထတရားကို ဖလူပစာနည်း အားဖြင့် 'အသင်္ခတဂါမိမဂ္ဂ'ဟုဆိုအပ် ၏။

ဒုတိယဝါကျ၌ 'သမထောစ ဝိပဿနာစ' ဟု သရူပတ္ထ သံဝဏ္ဏနာ နည်းဖြင့် ဟောတော်မူ၏။ အဓိပ္ပါယ်



အကျိုးဖြစ်သော မဂ္ဂင်ရှစ်ပါးတို့၏ 'အသင်္ခတ ဂါမိမဂ္ဂ' ဟူသော အမည်ကို အကြောင်းဖြစ်သော ဝိပဿနာ၌ တင်စား၍ အကြောင်းဖြစ်သော ဝိပဿနာကို 'အသင်္ခတ ဂါမိမဂ္ဂ'ဟုဆိုအပ်၏။ သမထကိုလည်း ၎င်းနည်းတင်လေ။

'ဘိက္ခဝေ–ရဟန်းတို့၊အယံ–ဤသမထဝိပဿနာ တရားနှစ်ပါးကို။အသင်္ခတဂါမိမဂ္ဂေါ–အသင်္ခတမည်သော နိဗ္ဗာန်သို့ရောက်ကြောင်း ဖြစ်သောကြောင့် အသင်္ခတဂါ မိမဂ္ဂ ဟူ၍။ ဝုစ္စတိ–ဆိုအပ်၏။

ဤအသင်္ခတသံယုတ်ပါဠိတော် ကာယဂတာ သတိ၌ ထွက်သက်ဝင်သက်လေ– ကေသာ လောမာ နခါ ဒန္တာ တစော စသော ကာယကိုယူ၊ ၎င်းကာယသည် သမထ ဘာဝနာ၏ အာရုံပင်တည်း။

၎င်းထွက်သက်ဝင်သက်ပညတ်အာရုံ၊ ကေသာ လောမာ နခါ စသော ကောဋ္ဌာသပညတ်အာရုံ၊ ဥဒ္ဓုမာ တက ဝိနီလက စသောအသုဘပညတ် အာရုံပြု၍ စီးဖြန်း ပွါးများခြင်း သမထဘာဝနာသည် နိဗ္ဗာန်သို့ ရောက်ကြောင်း တရားအမှန်ဟုတ်၏ဟု ဟောတော်မူ၏။

တစ်နည်းလည်း–**ကတမောစ ဘိက္ခဝေ အသင်္ခတ ဂါမိမဂ္ဂေါ ဣဓဘိက္ခဝေ ဘိက္ခု ကာယေ ကာယာနုပဿီ**

http://www.dhammavideo.com/



**ဝိဟရတိ အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျ လောကေ အဘိဇ္ဈာဒေါမနဿံ အယံ ဝုစ္စတိ ဘိက္ခဝေ အသင်္ခတဂါမိမဂ္ဂေါ။**

ဟူ၍ အသင်္ခတသံယုတ်(၅၃၈)၌ ဟောတော်မူ၏။

**မြန်မာပြန်။** ။ရဟန်းတို့၊အသင်္ခတမည်သောနိဗ္ဗာန်သို့ရောက်ကြောင်းဖြစ် သောမဂ်တရားသည်အဘယ်နည်း။ရဟန်း တို့ ဤ ငါ ဘုရား သာသနာတော်တွင်း၌၊ ရဟန်းသည်ရူပကာယခန္ဓာကိုယ်၌ အင်္ဂါကြီးငယ်အပါင်း၊ ဘူတရုပ်၊ဥပါဒါရုပ်အပေါင်း၊ ပထဝီကာယစသောအပေါင်းကို အဖန်တလဲလဲ ရှုလေ့ ရှိသည်ဖြစ်၍ နေ၏။

ရဟန်းသည်– ရူပခန္ဓာကိုယ်ကို အာရုံပြုသော ကိလေသာကိုလွန်စွာ ပူပန်စေတတ် ခြောက်ခန်းစေတတ်သော သမ္မပ္ပဓာန်လုလ္လရှိသည်ဖြစ်၍ အင်္ဂါကြီးငယ် အပေါင်း၊ ဆံပင်မွေးညှင်းစသော ကောဋ္ဌာသအပေါင်း၊ ဘူတရုပ် ဥပါဒါရုပ် ဟူသောအပေါင်း၊ပထဝီကာယ၊ အာပေါ ကာယ၊ တေဇောကာယ၊ ဝါယောကာယအပေါင်း ကို ကောင်းစွာ ပိုင်းခြား သိသည်ဖြစ်၍ မပြတ် အောက်မေ့ခြင်းထင်ခြင်းသတိရှိသည်ဖြစ်၍နေ၏။ လောကေ– ရူပုပါဒါနက္ခန္ဓာဟူသောလောက၌။ အဘိဇ္ဈာဒေါမနဿံ– ရူပကာယ ကို တပ်မက်မောသော အားဖြင့် ရှေ့ရှုကြံခြင်းဖြစ်သော နှလုံးမသာခြင်းဟု ဆိုအပ်သောဒေါမနဿကို တဒင်္ဂ ပဟာန် ဝိက္ခမ္ဘနပဟာန်ဖြင့် ပယ်ဖျောက်ရာ၏။

ရဟန်းတို့၊ ဤအဘိဇ္ဈာဒေါမနဿနှစ်ပါးကို ပယ်ဖျောက်ခြင်းကို ကံစိတ်ဥတု အာဟာရတည်းဟူသော အကြောင်းတရားဟူ၍ ဆိုအပ်၏။

ဤပါဠိတော်၌ အဘိဇ္ဈာ ဒေါမနဿ နှစ်ပါးကို ပယ်ဖျောက်သော **သမ္မာဝါယာမ သမ္မာသတိ သမ္မာဒိဋ္ဌိ** တရားတို့ကိုပင် ရူပကာယ၌ ရူပကာယ ဟုအဖန်တလဲလဲ ရှုလေ့ရှိသော သမထဘာဝနာဖြစ်သောကြောင့် အသင်္ခတမည်သော နိဗ္ဗာန်သို့ရောက်ကြောင်း မဂ်တရား ဟူ၍ ဆိုအပ်ကုန်၏။

**အာတာပီ**ပုဒ်အရ သမ္မပ္ပ**ဓာန်** မည်သော ဝီရိယ သမ္မာဝါယာမမဂ္ဂင်ကိုယူ။

**သမ္ပဇာနော**အရ သမ္မာဒိဋ္ဌိမဂ္ဂင်ကိုယူ။

**သတိမာ**ပုဒ် အရ သမ္မာသတိမဂ္ဂင်ကိုယူ။

၎င်းသမ္မာဝါယာမ သမ္မာဒိဋ္ဌိ သမ္မာသတိ တရားတို့သည် ထွက်သက် ဝင်သက် ပညတ် ဆံပင်မွေးညှင်း စသော ကောဋ္ဌာသပညတ်၊ ဥဒ္ဓုမာတက ဝိနီလကစသော

http://www.dhammavideo.com/



အသုဘာပညတ်တို့ကို အာရုံပြုသည့်အတွက်မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ်၌လည်း ယှဉ်၏။ သို့အတွက်ဥပစာရ ဘာဝနာ အပ္ပနာဘာဝနာဟုဆိုအပ်သော သမထဘာဝနာ မည်ကုန်၏။

'အယံဝုစ္စတိ ဘိက္ခဝေ အသခ်တ ဂါမိမဂ္ဂေါ'ဟု ပါဠိတော်၌ မဂ္ဂေါသဒ္ဒါဖြင့် ဟောတော်မူသော လောကုတ္တရာ မဂ်စိတ်ရှိသော မဂ္ဂင်ရှစ်ပါးတရားတို့၏ မဂ္ဂဟူသောအမည်ကို အကြောင်းဖြစ်သော မဟာကုသိုလ် ဉာဏ သမ္ပယုတ်စိတ်၊ ရူပါဝစရဈာန်ကုသိုလ်စိတ်တို့၌ ယှဉ်သော ဝီရိယ၊ ပညာ၊ သတိ တရားတို့ကို အသခ်တဂါမိ မဂ်ဟုခေါ်ဆိုအပ်၏။

သို့အတွက် 'အယံ ဝုစ္စတိ ဘိက္ခဝေ အသခ်တ ဂါမိမဂ္ဂေါ'ဟု ပါဠိတော်၌ပင် ဝုစ္စတိကြိယာဖြင့် ဟော တော်မူ၏။

**အင်္ဂုတ္တရပါဠိတော်ကြီး၌လည်း –**

**ဧကောဓမ္မော ဘိက္ခဝေ ဘာဝိတော ဗဟုလီကတော ဧကန္တနိဗ္ဗိဒါယ ဝိရာဂါယ နိရောဓာယဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ** ဟု ဟောတော် မူ၏။ (အံ၊၁၊၃၁)



**မြန်မာပြန်**။ ရဟန်းတို့၊ တစ်ခုသောသမထတရား ကို ပွားများအပ်သည်ရှိသော် ကြိမ်ဖန် များစွာအားထုတ် စီးဖြန်းပွားများအပ်သည်ရှိသော် ဧကန်စင်စစ် ဝဋ်ဒုက္ခ တရား၌ မမွေ့မလျော်မပျော်မရွှင် ငြီးငွေ့ဆန့်ကျင်ခြင်းငှာ ဖြစ်၏။ ဝဋ်ဒုက္ခတရား၌ တပ်မက်မောခြင်းကင်းခြင်းငှာ ရာဂ စသော အညစ်အကြေးတို့၏ ချုပ်ငြိမ်းခြင်းငှာနိပ်စက် ညှဉ်း ပန်းတတ်သော ကိလေသာငြိမ်းခြင်းငှာ လက္ခဏာ ယဉ်သုံးပါး သို့ တင်၍ ထူးသောဉာဏ်ဖြင့် သိခြင်းငှာ သစ္စာလေးပါးကို သိခြင်းငှာ၊ ဝါ–၄ပါးသော မဂ်ဉာဏ်ကို ထိုးထွင်း၍သိခြင်းငှာ နိဗ္ဗာန်ကို မျက်မှောက် ပြုခြင်းငှာ ဖြစ်၏။

ရဟန်းတို့ တစ်ခုတည်းသော တရားဟူသည် အဘယ်နည်း၊ ဘုရားရှင်၏ဂုဏ်တော်မြတ်ကို အာရုံပြု သော သတိတရားပင်တည်း။

ဤဆိုအပ်ပြီးသည်မှတစ်ပါး သမထတရားတို့၏ နိဗ္ဗာန်ရောက်ကြောင်း ဟောတော်မူသော ပါဠိတော်ကား များစွာရှိသေး၏။

http://www.dhammavideo.com/

## ၃–အာနာပါန အာနိသံသ ကထာ
## အာနာပါနပွားခိုက်
## သိက္ခာ(၃)ပါး ပါဝင်ပြီးဖြစ်ပုံ

အာနာပါန ပွားခိုက်ပွားနေဆဲမှာ အဓိသီလ၊ အဓိစိတ္တ၊အဓိပညာဆိုတဲ့သိက္ခာသုံးရပ်သာသနာတော်ကြီး (၃)ပါး အပြီးပါနေ၏။ ပါနေပုံမှာ–

**(၁) အဓိသီလသိက္ခာ**

ယောဝါ ယထာဘူတဿ သံဝရာ၊ အယမေတ္ထ သံဝရော အဓိသီလ သိက္ခာ။

(ပဋိသမ္ဘိဒါ ဋ္ဌ၊ နှာ–၉၈)



**မြန်မာပြန်**။ ထွက်လေ ဝင်လေနှစ်ပါးတို့၏ စ၊လယ်၊ဆုံး သုံးပါးလုံး၌ ရှုမှတ်သိရှိသော သတိကိုပွားများသော ယောဂီပုဂ္ဂိုလ်အား အကြင်စောင့်စည်းမှုသည် ထိုပွားများနေဆဲတွင် ထင်ရှားရှိ၏။ ဤသိက္ခာသုံးပါး တို့တွင် ဤစောင့်စည်းခြင်းသည်အဓိသီလသိက္ခာ သာသနာကြီး ပေတည်း။

### သမ္မာဝါစာမဂ္ဂင်

ထိုထွက်လေဝင်လေကို အထူးသတိပြု၍ သိမှုဖြင့် အားထုတ်နေသာအခါ ယောဂီအား

၁။ မုသာဝါဒ — လိမ်ပြောခြင်း၊
၂။ ပိသုဏာဝါစာ — ကုန်းချောခြင်း၊
၃။ ဖရုသဝါစာ — ယုတ်ယုတ်မာမာပြောခြင်း၊
၄။ သမ္ဖပ္ပလာပ — အပြိန်အဖျင်း ရောက်တတ်ရာရာပြောဆိုခြင်း

တို့မှ ရှောင်ကြဉ်မှု စောင့်စည်းမှု ဖြစ်သောသမ္မာဝါစာ မဂ္ဂင်ကြီးတစ်ပါး။

http://www.dhammavideo.com/



**သမ္မာကမ္မန္တမဂ္ဂင်**

၁။ ပါဏာတိပါတ သူ့အသက်သတ်ခြင်း။

၂။ အဒိန္နာဒါန သူမပေးသောဥစ္စာခိုးယူခြင်း။

၃။ ကာမေသုမိစ္ဆာစာရ သူ့အိမ်ရာပြစ်မှားခြင်း

တို့မှ ရှောင်ကြဉ်မှု စောင့်စည်းမှု ဖြစ်သော သမ္မာကမ္မန္တ မဂ္ဂင်ကြီး တစ်ပါး။

**သမ္မာအာဇီဝမဂ္ဂင်**

ဒုစရိုက်တရားတို့မှ ရှောင်ကြဉ်လျက်ကောင်းမြတ် ဖြူစင်သော အသက်မွေးမှုဖြစ်သော သမ္မာအာဇီဝသီလ မဂ္ဂင်ကြီးတစ်ပါး၊ ဤမဂ္ဂင်(၃)ပါးနှင့် ပြည့်စုံလျှင် သီလ မဂ္ဂင်ဖောင်တော်ကြီးကို စီးနင်းလိုက်ပါနေတော့၏။

ထိုအာနာပါနကို အာရုံပြု၍ အားထုတ်ပွါးများ နေခိုက် ပွါးနေဆဲမှာပင် အဓိသီလသိက္ခာ သာသနာ တော်ကြီးကို အားထုတ်နေ၏။ ပွါးများနေ၏။ ၎င်းအဓိ သီလသိက္ခာသာသနာကြီးမှာ တမျိုးတမည် လုပ်ရတော့ သည်မဟုတ်ပြီ။ တမင် အထူးလုပ်နေစရာ မလိုတော့ပြီ။



**(၂)အဓိစိတ္တသိက္ခာ**

ယော ယထာဘူတဿ သမာဓိ၊ အယံ အဓိ စိတ္တသိက္ခာ။

(ပဋိသံ ၄– နှာ– ၉၁)

**မြန်မာပြန်**။ ထွက်လေ ဝင်လေ နှစ်ပါးတို့၏ စလယ်ဆုံး သုံးပါးလုံး၌ ရှုမှတ်သိရှိသော သတိကိုပွါးများသော ယောဂီပုဂ္ဂိုလ်အား အကြင်ထွက်လေဝင်လေအာရုံ၌ ခိုင်ခိုင်မြဲမြဲ ထားနိုင်သော ဧကဂ္ဂတာဟု ဆိုအပ်သော အကြင်သမာဓိ သည်ရှိ၏။ ဤသမာဓိသည် အဓိစိတ္တ သိက္ခာမည်၏။ (ဝါ) အဓိစိတ္တသိက္ခာသာသနာ့်တော်ကြီး ပေတည်း။

**သမ္မာဝါယာမ မဂ္ဂင်**

ထိုအာနာပါန ထွက်လေဝင်လေတို့၏ စလယ်ဆုံး သုံးပါးလုံးကို သတိပြု၍ သိမှုဖြင့် အထူးကြိုးစားနေသော အခိုက်မှာ ထွက်ဝင်တိုင်း ထိသိရလေအောင် အထူး အားထုတ်မှုဝီရိယဟုဆို အပ်သော သမ္မာဝါယာမ မဂ္ဂင်ကြီး တစ်ပါး။

http://www.dhammavideo.com/



**သမ္မာသတိမဂ္ဂင်**

ထွက်လေဝင်လေ နှစ်ရပ်ကို နှာဝနှာဖျား၌ မြဲမြဲ သတိမလွတ်ရအောင်ထားမှု၊ အောက်မေ့မှု သတိဟု ဆိုအပ်သော သမ္မာသတိ မဂ္ဂင်ကြီးတစ်ပါး။

**သမ္မာသမာဓိမဂ္ဂင်**

ထိုထွက်လေဝင်လေနှစ်ရပ်ကိုနှာဝနှာဖျား၌ခိုင်ခိုင် မြဲမြဲ ထားနိုင်သော ဧကဂ္ဂတာဟုဆိုအပ်သော သမ္မာ သမာဓိ မဂ္ဂင်ကြီး တစ်ပါး။

ဤမဂ္ဂင် ၃ပါးနှင့်ပြည့်စုံလျှင် သမာဓိဖောင်တော် ကြီးကို စီနင်းလိုက်ပါနေ၏။

ဤအဓိစိတ္တ သိက္ခာသာသနာကြီးမှာ တစ်မျိုး ထူထောင်၍ အားထုတ်ရတော့သည်မဟုတ်ပြီ။ ထွက်ဝင် နှစ်ပါးအားထုတ်နေဆဲမှာပင် အလိုလို ပါဝင်ပြီးဖြစ်၍၊ အဓိစိတ္တသိက္ခာသမာဓိသာသနာကြီးကိုကျင့်ကြံအားထုတ် ပွါးများနေသည်မည်တော့၏။



## ထွက်သက် ဝင်သက်–၂ပါးက
## ခန္ဓာကြီးကိုစောင့်ရှောက်သွားပုံ

ကာယသင်္ခါရဟု ဆိုအပ်သော ထွက်သက် ဝင်သက် နှစ်ပါးသည်ဤခန္ဓာကိုယ်ကာယကြီးကို အစဉ် စောင့်ရှောက် ဖေါ်ရပေသည်၊ အစာအာဟာရထက်ပင် ကျေးဇူးပြုပေ၏။

အစာကို ၁၀ရက် ၁၅ရက် တစ်လနှစ်လ မစား သော်လည်း ဤခန္ဓာကိုယ်ကာယကြီး သေကျေပျက်စီး ခြင်းသို့ မရောက်နိုင်ပေ။

**ဤထွက်သက်ဝင်သက်လေတို့ မရှိလျှင်**

ဤထွက်သက်ဝင်သက်လေကို (၁)နာရီ (၂)နာရီ (၃)နာရီ (၄)နာရီ လောက်ဖြစ်စေ ထိုထက်အလွန်ဖြစ်စေ အောင့်ထားလျှင် သေကျေပျက်စီးခြင်းသို့ ရောက်ရမည် ဧကန်အမှန်ပင်တည်း၊ ထွက်သက်ဝင်သက် နှစ်ပါးမရှိလျှင် ဘည်တံ့၍ မနေနိုင်သည်မှာ ထင်ရှားလှပေ၏။

အစာအာဟာရကိုပင်မစားရစေကာမူ ထွက်သက် ဝင်သက်လေကိုအချိန်မှန်မှန် ရှူရှိုက်ထားနိုင်ပါလျှင် သေကျေပျက်စီး ခြင်းသို့ ရောက်မည်မဟုတ်ပေ။

http://www.dhammavideo.com/



**အသီးတစ်ရာအညှာတစ်ခု ပုံစံပြု**

အသီးတရာအညှာတစ်ခုဟု ပြောဆိုကြသည့် လောက ဝေါဟာရစကားသည် အလွန်မှန်၏၊ အညှာတစ်ခုမှာ အသီး(၁၀၀) (၂၀၀) ရှိသော်လည်း အညှာကို ဖြတ်တောက်၍ ကိုင်လိုက်လျှင် ရှိသမျှ အသီး(၁၀၀) (၂၀၀) အကုန်ပါလာ၏။

ထို့တူ ဤခန္ဓာကိုယ်ကာယကြီးမှာ အဘိဓမ္မာ နည်းအရ သရုပ်အကျဉ်းရေတွက်သော် –

၁၊ စိတ် ၈၉

၂၊ စေတသိတ် ၅၂

၃၊ ရုပ်-----၂၈ ရှိ၏။

၎င်းတို့ကိုအကျဉ်းချုံးလျှင် ရုပ်နာမ် နှစ်ခုကို အသက်အောင့်ထားလျှင် သေကျေ ပျက်စီးခြင်းသို့ ရောက်ရတော့၏။ထိုသို့ရောက်ခဲ့သော် –

ရုပ်-----၂၈

နာမ်တေပညာသ–၅၃

အကုန်ပါသွားလေသည်။ ထို့ကြောင့် ဝါယောဓါတ်ဟုဆို အပ်သောရုပ်၏ အညှာနောက်သို့ ခန္ဓာကိုယ် ကာယကြီး တစ်ခုလုံးပါသွားသည်မှာ ထင်ရှားလှ၏။ သို့ဖြစ်၍ ထွက်လေ



ဝင်လေ နှစ်ရပ်ကား အညှာဖြစ်၏။

ညောင်ကန်ဆရာတော် ဦးဗုဓ်က အောက်ပါ အတိုင်းလင်္ကာစပ်၍စီထား၏။

•အသေသာ ဣရိယာ၊ သီတုဏှာ၊ဘူတာ ဟာရစပ်။

•အမှုဖြစ်ထွေ၊ မရလေ၊ သေ၏လျှင်လျှင်လပ်။

**လင်္ကာ၏အဓိပ္ပာယ်**

၁။ အသေသာ၊ အဿာသ ပဿာသနှင့်လည်း စပ်၍ဖြစ်၏။

၂။ဣရိယာ----ဣရိယာပုတ်လေပါးနှင့်လည်း စပ်၍ဖြစ်၏။ (သွားခြင်း ရပ်ခြင်း ထိုင်ခြင်းလျှောင်းခြင်း)

၃။ သီတုဏှ– သီတဥတု (အအေး)၊ဥဏှဥတု (အပူ) နှင့်လည်း စပ်၍ဖြစ်၏။

၄။ ဘူတာ– မဟာဘုတ်လေးပါးနှင့်လည်း စပ်၍ ဖြစ်၏။

၅။ ဟာရစပ်– ထမင်းစသော အာဟာရမျိုးနှင့် လည်းစပ်၍ ဖြစ်၏။

http://www.dhammavideo.com/



ဤလက်ာ၏ အဓိပ္ပါယ်(၅)မျိုးတွင် အဿာသ၊ ပဿာသ၊ ထွက်သက်လေ၊ ဝင်သက်လေတို့ ညီညီမျှမျှ ဖြစ်ခြင်းကို ရမှသာလျှင် အသက်ရှည်နိုင်လေသည်။ ပြင်ပသို့ ထွက်သွားသောနှာခေါင်းလေ အတွင်းသို့ ပြန်မဝင်ရဘဲ နေလျှင်လည်းကောင်း၊ အတွင်းသို့ ဝင်သော နှာခေါင်းလေ၊ တဖန် ပြင်ပသို့ မထွက်ရဘဲ ချုပ်ပိတ် နေလျှင်လည်းကောင်း ထိုလေနှစ်ရပ် အညီအမျှမရလေသောကြောင့် အသက် မရှည်နိုင် တော့ပြီ။ ထို့ကြောင့် ဤထွက်ဝင်နှစ်ပါးသည် ဤခန္ဓာ ကိုယ်ကာယကြီးကို တကိုယ်လုံးပါအောင် ဆွဲဆောင် စောင့်ထိန်းထားနိုင်ပုံကို ထောက်ထားသောအားဖြင့် သိနိုင်ရာ၏။

ဤထွက်သက်ဝင်သက် နှစ်ပါးကို အသက်သခင် ကျေးဇူးရှင်ကြီးဟု ခေါ်ဆိုထိုက်ပါပေ၏။ အဘယ့်ကြောင့် နည်း– အထွက်အဝင် မှန်မှန် ကျေးဇူးပြုပေးနေသောကြောင့် အသက်ရှည်၊ ချမ်းသာခွင့် ရကြ၏။ ချမ်းသာခွင့်ရရုံမျှမက၊ အထူးသတိပြု၍ ကြည့်ရှုပွါးများ တရားအားထုတ် ကြသောပုဂ္ဂိုလ်တို့အား (ဒုက္ခခပ်သိမ်း ချုပ်ပြတ်ငြိမ်း ေ တ်သိမ်းပြည်နိဗ္ဗာန်) တိုင်အောင် ပို့ဆောင် ကျေးဇူးပြုပေ၏။

**ထွက်သက်ဝင်သက် စ လယ် ဆုံး**

၁။ ချက်သည် ထွက်သက်၏ အစ၊
နှာသီးဖျားသည် ထွက်သက်၏ အဆုံးတည်း။

၂။ နှာသီးဖျားသည် ဝင်သက်၏ အစ၊
ချက်သည် ဝင်သက်၏ အဆုံး။

၃။ ရင်ဘတ်အတွင်းသည် ထွက်သက် ဝင်သက် တို့၏ အလယ်ဗဟိုဌာနတည်း။

**(၃)အဓိပညာသိက္ခာ**

အာနာပါန ထွက်လေဝင်လေကို အားထုတ်ခိုက် အဓိပညာ သိက္ခာ သာသနာကြီး အပြီးပါ နေ၏။

**'ယာ ယထာဘူတဿ ပညာ၊ အယံ အဓိပညာ၊'**

**မြန်မာပြန်**။ အာနပါနသတိကို ပွားများနေသော ယောဂီ ပုဂ္ဂိုလ်အား အကြင်ယထာဘူတ အမှန်အတိုင်းသိသော ဉာဏ်ပညာသည်ရှိ၏။ ဤပညာသည် အဓိပညာသိက္ခာ သာသနာကြီးပါပေတည်း။

http://www.dhammavideo.com/



သမ္မာဒိဋ္ဌိမဂ္ဂင်

ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါမရှိ၊ အမြဲတည်သော အတ္တလိပ်ပြာမရှိ၊ စီမံခန့်ခွဲသူမရှိ၊ ရုပ်နှင့်နာမ်နှစ်မျိုးသာလျှင် ကြောင်းကျိုးဆက်၍ ဖြစ်ပျက်နေခြင်းမျှသာ ဖြစ်၏ဟူ၍ ယထာဘူတ သဘာဝအမှန်အတိုင်း သိမြင်သော ဝိဇ္ဇာဉာဏ်၊ သမ္မာဒိဋ္ဌိမဂ္ဂင်ကြီးတစ်ပါး။

**သမ္မာသင်္ကပ္ပမဂ္ဂင်**

အမှန်အတိုင်း ကြံစည်တွေးတောမှု သမ္မာသင်္ကပ္ပမဂ္ဂင်ကြီး တစ်ပါး။

ဤမဂ္ဂင်ကြီး(၂)ပါးပြည့်စုံလျှင် အဓိပညာ လှေဖောင်ကြီး ကို စီးနင်းလိုက်ပါနေသည်မည်၏။ တမင်ပြုလုပ်နေရသည်မဟုတ်၊ ထွက်လေဝင်လေ ရှုနေရုံမျှနှင့် အဓိပညာ သိက္ခာသာသနာကြီး ကျင့်ကြံ တည်ထောင်ပြီးဖြစ်တော့သည်။ ‘စက္ခုဥဒပါဒိ’ ဓမ္မစကြာ အမြင်ပေါက်လေပြီ။

ဤအာနပါနကို သတိပြုပြီး သိမှုဖြင့် အားထုတ်နေသော် ယောဂီပုဂ္ဂိုလ်၏ ထွက်လေဝင်လေ နှစ်ပါး အာရုံ၌ သိနေသော မဟာကုသိုလ်ဉာဏသမ္ပယုတ် ဘာဝနာပညာ



သည် အဓိပညာသိက္ခာမည်၏။

ဤအာနာပါနကို အားထုတ်သောသူသည် မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ်ဖြင့် အားထုတ်ကြောင်းကို မဟာဋီကာ (၃၂၀)၌

တသ္မာတိ ယသ္မာဉာဏသမ္ပယုတ္တ စိတ္တေနေဝ အဿာသ ပဿာသေ ပဝတ္တေတိ၊ န ဝိပ္ပယုတ္တစိတ္တေန။

**မြန်မာပြန်။** အကြင် ကြောင့် ဉာဏသမ္ပယုတ် စိတ်ဖြင့်သာလျှင်အဿာသ ပဿသ တို့ကိုဖြစ်စေ၏၊ ဝိပ္ပယုတ် စိတ်ဖြင့် ဖြစ်စေ သည်မဟုတ်။

ထို အာနာပါန၊ ထွက်သက်ဝင်သက်တို့၌ သတိ ရှေ့သွားရှိသော ဘာဝနာကို နှလုံးသွင်းခြင်းနှင့် တကွ အားထုတ်၏။

တတ္ထ သတိပုဗ္ဗင်္ဂမော ဘာဝနာမနသိကာရော။ (မဟာဋီပ ၃၂၂)

ဤအာနာပါနသတိ၌ ထိုသိက္ခာ(၃)ပါးတို့ကို မှီဝဲခြင်းကို ကျင့်ခြင်းဟူ၍မှတ်။

http://www.dhammavideo.com/



## တဒါသေဝနခေတ္တ သိက္ခနုတ္တိ အစိပ္ပေတ်

(ယင်းဋီကာ)

ဟိသစ္စ–မှန်၏၊ ဧတ္တ–ဤအာနာပါနဿတိအရာ ၌၊ တဒါသေဝန်–ထိုသိက္ခာသုံးပါးတို့ကို မှီဝဲခြင်းကို၊ သိက္ခနုတ္တိ–ကျင့်ခြင်း ဟူ၍၊ အစိပ္ပေတံ–အလိုရှိအပ်၏။

## အာနာပါနတရားတစ်ခုကို ပွားလိုက်လျှင် အဓိသီလ အဓိစိတ္တ အဓိပညာ သိက္ခာ(၃)ရပ် အကုန် ပါပံ့

ထို့ကြောင့် –

၁။ ဝိနယပိဋကေ ဝိသေသေန အဓိသီလသိက္ခာ ဝုတ္တာ။

၂။ သုတ္တန္တပိဋကေ အဓိစိတ္တသိက္ခာ။

၃။ အဘိဓမ္မပိဋကေ အဓိပညာသိက္ခာ။

(ဝိဋ္ဌ၊ ၁။ ၁၅)



### အဓိသီလသိက္ခာ

(၁) ဝိနည်းပိဋကဌ် အဓိစိတ္တ အဓိပညာ တို့မှ ထူးသော အားဖြင့် အဓိသီလသိက္ခာကို ဟောတော်မူ၏။

ဝိနည်းပိဋကဌ် အဓိသီလသိက္ခာကို အများအပြား ဟောတော်မူ၏။ ဝေရဉ္ဇကဏ္ဍ၊ မဟာဝါ ပဗ္ဗဇ္ဇခန္ဓက စသည် တို့၌ သမာဓိပညာအကြောင်းအရာများကို ဟောထားသော်လည်း မများလှ၊ ကျန်ဝိနည်း ပိဋက အားလုံး၌ကား အဓိသီလသိက္ခာဟူသော သိက္ခာပုဒ်များ ချည်းသာဖြစ်သည်။

### အဓိစိတ္တသိက္ခာ

(၂) သုတ္တန်ပိဋကဌ် အဓိသီလသိက္ခာ၊ အဓိပညာ သိက္ခာတို့မှ ထူးသောအားဖြင့် အဓိစိတ္တသိက္ခာကို ဟောတော်မူအပ်၏။

(လောကီဈာန်သမာဓိနှင့် ယှဉ်သောစိတ်ကို အဓိစိတ္တ ဟုခေါ်သည်။)

သုတ္တန်ပိဋကဌ် ဝိဝိစ္စေဝ ကာမေဟိ စသည်ဖြင့် အဓိစိတ္တ ခေါ်သော သမာဓိတရားကိုသာ များစွာဟော

http://www.dhammavideo.com/



**အဓိပညာသိက္ခာ**

(၃)အဘိဓမ္မာပိဋကဌ် အဓိသီလ အဓိစိတ္တသိက္ခာ တို့မှ ထူးသောအားဖြင့် အဓိပညာသိက္ခာကို ဟောတော်မူအပ်၏။

အဘိဓမ္မာပိဋကဌ် အဓိပညာခေါ်သောပညာဆိုင် ရာ ရုပ်နာမ်ခွဲသော တရားကိုသာ များစွာဟောတော်မူ၏။

တစ်နွယ်ငင် တစ်စင်ပါဆိုသကဲ့သို့ အာနာပါနဟု ဆိုအပ်သော တရားနွယ်ကြီး တစ်နွယ်ကို စ၍ကိုင်ပွါး လိုက်လျှင် ပိဋကသုံးသွယ်အကုန်ပါဝင်၍ အရဟတ္တဖိုလ် ရဟန္တာအဖြစ်သို့တိုင်ရောက်မှ တရားနွယ်ကြီး ပြီးဆုံး လေတော့သည်။

## ဝိနယပိဋကတော်ကြီး၌ တစင်လုံးအကုန်ပါပုံ

သံဝရော အဝိပ္ပဋိသာရတ္ထာယ။ (ဝိသုဒ္ဓိမဂ်-နှာ-၁၃)

၁။ ကာယကံ ဝစီကံစောင့်စည်းခြင်း(သီလ)သည် စိတ်နှလုံး မသာမယာမဖြစ်ခြင်းအကျိုးငှါ(ဝါ) စိတ်နှလုံး သာယာအေးမြခြင်း အကျိုးငှါဖြစ်၏။



၂။ စိတ်နှလုံး၏သာယာမြေခြင်းသည်ဝမ်းမြောက် သမှု နသောပီတိ အကျိုးငှါဖြစ်၏။

၃။ ဝမ်းမြောက်သမှု နသောပီတိဖြစ်ခြင်းသည် ဝမ်းသာရွှင်ပျ ဗလဝပီတိအကျိုးငှါဖြစ်၏။

၄။ ဝမ်းသာရွှင်ပျဗလဝပီတိ ဖြစ်ခြင်းသည်ကာယ ပဿဒ္ဓိအကျိုးငှါ(ဝါ) ကိုယ်စိတ်ရွှင်လန်းငြိမ်းချမ်းခြင်း အကျိုးငှါဖြစ်၏။

၅။ ကိုယ်စိတ်ရွှင်လန်းငြိမ်းချမ်းခြင်းသည် ကာယိကသုခ စေတသိကသုခ အကျိုးငှါ(ဝါ) ကိုယ်စိတ် ရွှင်လန်း ငြိမ်းချမ်းခြင်း အကျိုးငှါ ဖြစ်၏။

၆။ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းသည်စူးစိုက်မှု သမာဓိအကျိုးငှါဖြစ်၏။

၇။ တည်ကြည်မှုသမာဓိဖြစ်ခြင်းသည် မဖေါက် မပြန် ဟုတ်မှန်တိုင်းပင် သိမြင်သမှု နသောဝိပဿနာ ဉာဏ် အကျိုးငှါ ဖြစ်၏။

၈။ နသောဝိပဿနာဉာဏ်ဖြစ်ခြင်းသည် ဆင်းရဲ ဝဋ်ကြီး၍ ငြီးငွေ့နိုင်ကြောင်း အကောင်းဆုံး ဝုဋ္ဌာနဂါမိနီ ဝိပဿနာဉာဏ် အကျိုးငှါဖြစ်၏။

၉။ အကောင်းဆုံး ဝုဋ္ဌာနဂါမိနီဝိပဿနာ ဖြစ်ခြင်း

http://www.dhammavideo.com/



သည့် မတာပ်နှစ်သက်ကြောင်း အရိယာမဂ်အကျိုးငှါ ဖြစ်၏။

၁၀။ မတာပ်နှစ်သက်ကြောင်း အရိယာမဂ်ဖြစ်ခြင်း သည် ကိလေသာအပေါင်း ကောင်းကောင်းလွတ်လပ် အရဟတ္တဖိုလ် အကျိုးငှါဖြစ်၏။

၁၁။ အရဟတ္တဖိုလ်ဖြစ်ခြင်းသည် အရဟတ္တဖိုလ် ကိုပင် သိမြင်တတ်သော ပစ္စဝေက္ခဏာဉာဏ် အကျိုး ငှါဖြစ်၏။

၁၂။အရဟတ္တဖိုလ်ကိုပင် သိမြင်တတ်သော ပစ္စဝေက္ခဏာဉာဏ် ဖြစ်ခြင်းသည် အနုပါဒါန ၊ သခ်ါရ မှန်သမျှ မကျန်ရအောင်လုံးဝမယူမူ၍ ဒုက္ခခပ်သိမ်း ငြိမ်းရောမှန်ပရိနိဗ္ဗာန် အကျိုးငှာဖြစ်၏။

(ပါရာဇိကဏ်ဘာသာဋီကာ-ပ၊၃၄၊)

သီလလုံခြုံသဖြင့် စိတ်နှလုံးကြည်သာ အေးမြရခြင်းမှအစ၊ အရဟတ္တဖိုလ် နိဗ္ဗာန်အထိ အကျိုးရှိပုံကို သိရာ၏။



# အာနာပါန တန္ခယ်ငင် တစင်ပါ
# သီလ သမာဓိ ပညာ သိက္ခာသုံးပါးလုံးပါ

## သီလ

သီလဖြင့်–ဝိဇ္ဇာသုံးပါးကိုရခြင်း၏ဥပနိဿယအကြောင်း။

သီလဖြင့်– အပါယ်လေးပါးကိုလွန်မြောက်နိုင်ခြင်း–

သီလဖြင့်–ကိလေသာကိုတဒင်္ဂပဟာန်အားဖြင့်ပယ်နိုင်ခြင်း–

သီလဖြင့်–ဝီတိက္ကမကိလေသာကိုပယ်နိုင်ခြင်း–

သီလဖြင့်–မကောင်းမှုဒုစရိုက်၊ညစ်နွမ်းသောသံကိလေသကို သုတ်သင်နိုင်ခြင်း–

သီလဖြင့်–သောတာပန်–သံကဒါဂါမ်အဖြစ်ကို ရနိုင်ခြင်း၏ ဥပနိဿယ(အားကြီးသော)
အကြောင်းဖြစ်သည်။

(သီလသမ္ဗတ္တိဉ္စ နိဿာယ တိဿောဝိဇ္ဇာ ပါပုဏန္တိ။)

## သမာဓိ

သမာဓိဖြင့်–အဘိညာဉ်(၆)ပါးကို ရခြင်း၏ ဥပနိဿယ
အကြောင်း။

သမာဓိဖြင့်–ကာမလောကကို လွန်မြောက်နိုင်ခြင်း–

http://www.dhammavideo.com/



သမာဓိဖြင့်–ကိလေသာကို ဝိက္ခမ္ဘနပဟာန်အားဖြင့် ပယ်
နိုင်ခြင်း–

သမာဓိဖြင့်–ပရိယုဋ္ဌာနကိလေသာကို ပယ်နိုင်ခြင်း–

သမာဓိဖြင့်–ညစ်နွမ်းသော တဏှာကို သုတ်သင်နိုင်ခြင်း–

သမာဓိဖြင့်–အနာဂါမ် အဖြစ်ရနိုင်ခြင်း ဥပနိဿယ
အကြောင်း ဖြစ်သည်။

(သမာဓိသမ္ပဒဉ္စိ နိဿာယ ဆအဘိညာ ပါပုဏာတိ။)

## ပညာ

ပညာဖြင့်–ပဋိသမ္ဘိဒါဂုဏ်(၄)ပါးရခြင်း ဥပနိဿယ
အကြောင်း၊

ပညာဖြင့်–မရှိမပဋိပဒါကို မှီဝဲနိုင်ခြင်း၊

ပညာဖြင့်–ဘုံသုံးပါး လွန်မြောက်နိုင်ခြင်း၊

ပညာဖြင့်–ကိလေသာကိုသမုစ္ဆေဒပဟာန်ဖြင့် ပယ်နိုင်ခြင်း၊

ပညာဖြင့်–အနုသယကိလေသာကို ပယ်နိုင်ခြင်း၊

ပညာဖြင့်–ဒိဋ္ဌိသံကိလေသာကို သုတ်သင်နိုင်ခြင်း၊

ပညာဖြင့်–ရဟန္တာအဖြစ်ကိုရနိုင်ခြင်းအကြောင်းဖြစ်သည်။



(ပညာသမ္ပတ္တိဉ္စ နိဿာယ စတဿော ပဋိသမ္ဘိဒါ
ပါပုဏာန္တိ။ ဝိသုဒ္ဓိမဂ်။)

(ဝိသုဒ္ဓိမဂ် နှင့် ကျေးဇူးရှင်ကန္နီဆရာတော်ဘုရားကြီး၏
သစ္စာပါရဂူကျမ်း–၄၇၈။)

## ဗြဟ္မစရိယ သုံးပါးလုံးပါ

သိက္ခတ္တယပရိဂ္ဂဟိတတ္တာ(လ) ဗြဟ္မစရိယံ။

(ပါရာဇိကဏ်–၉၉)

သိက္ခတ္တယပရိဂ္ဂဟိတတ္တာ– သိက္ခာသုံးရပ်ဖြင့် သိမ်းယူအပ်
သည်၏ အဖြစ်ကြောင့်၊ ဗြဟ္မဘူတေဟိ–ဗြဟ္မဖြစ်၍ဖြစ်
ကုန်သော၊ သေဋ္ဌေဟိ – မြတ်သောဘုရား ပစ္စေကဗုဒ္ဓါ
အရိယာသာဝကတို့သည်၊ စရိတဗ္ဗတာ–ကျင့်ထိုက်သည်၏
အဖြစ်ကြောင့်လည်းကောင်း၊ တေသံ – ထိုမြတ်စွာဘုရား
ပစ္စေကဗုဒ္ဓါ အရိယာသာဝကတို့၏ ၊ စရိယဘာဝတောစ–
အကျင့်၏ အဖြစ်ကြောင့်လည်းကောင်း ၊ ဗြဟ္မစရိယံ–
ဗြဟ္မစရိယမည်၏။

သိက္ခတ္တယေန–သီလ သမာဓိ ပညာ သိက္ခာ(၃)ပါး
အပေါင်းဖြင့်၊ ပရိဂ္ဂဟိတံ – သိမ်းယူအပ်သော ဗြဟ္မစရိယ
တည်း။

http://www.dhammavideo.com/



သိက္ခာသုံးပါးဖြင့် သိမ်းယူအပ်သော ဗြဟ္မစရိယ ဆိုသည်ကား...

၁/ တန္တိဗြဟ္မစရိယ
၂/ သိက္ခတ္တယဗြဟ္မရိယ
၃/ မဂ္ဂဗြဟ္မရိယ...(၃)ပါး။

၁။ **တန္တိဗြဟ္မစရိယ** ဆိုသည်ကားသိက္ခာသုံးပါးကိုပြသော ပါဠိတော် တရား ဓမ္မဖြစ်သောကြောင့် သိက္ခာသုံးပါးဖြင့် သိမ်းယူလျှင် ထိုပါဠိတော်တရားအားလုံး ပါဝင်တော့၏။

၂၊ **သိက္ခတ္တယဗြဟ္မစရိယ** ဆိုသည်ကား သီလ သမာဓိ (ဝိပဿနာ)ပညာဟူသော ပဋိပတ်အကျင့်များဖြစ်ပေ၏။

သီလဟူရာ၌–သီလအကျယ်အားလုံးပါဝင်၏။
သမာဓိ၌လည်း–သမာဓိအကျယ်အားလုံးပါဝင်၏။
ပညာ၌လည်း–ပညာအကျယ်အားလုံးပါဝင်၏။

ထို့ကြောင့်...
သိက္ခာသုံးပါးဖြင့် သိမ်းယူလျှင် ပဋိပတ္တိဗြဟ္မစရိယ



အားလုံးပါဝင်တော့၏။

၃။ **မဂ္ဂဗြဟ္မစရိယ**ဆိုသည်ကား – မဂ္ဂင်ရှစ်ဖြာ ပဋိဝေဓ သာသနာပင်တည်း။

ထိုမဂ္ဂဗြဟ္မစရိယ၌လည်း–သီလ သမာဓိ ပညာ သိက္ခာ (၃)ပါးအပြင်မရှိရကား၊ သိက္ခာသုံးပါးဖြင့် သိမ်းယူလျှင် မဂ္ဂဗြဟ္မစရိယ အားလုံးကုန်စင်အောင် ပါလေတော့၏။

## သီလက္ခန္ဓစသည် ငါးပါးလုံးပါ

'သီလာဒိပဉ္စက္ခန္ဓယုတ္တာတော ကေဝလပရိပုဏ္ဏံ။'
'သီလအစရှိသော ငါးပါးသောတရားဂုဏ်ကျေးဇူးနှင့် ယှဉ်ခြင်းကြောင့် အလုံးစုံ ထက်ဝန်းကျင်ပြည့်စုံ၏။'

သီလက္ခန္ဓ သမာဓိက္ခန္ဓ ပညာက္ခန္ဓ ဝိမုတ္တိက္ခန္ဓ ဝိမုတ္တိဉာဏ–ဒဿနက္ခန္ဓဟူသော ဤငါးပါးအပြင် အကောင်းတရား မရှိတော့ချေ။

http://www.dhammavideo.com/



ထို့ကြောင့် ၎င်းတရားငါးပါးကို နိဗ္ဗာန်အထိ အကောင်းဆုံးတရားဟူ၍ စွဲစွဲမြဲမြဲမှတ်လေ။

၁၊သီလက္ခန္ဓ သီလကျေးဇူး။
၂၊သမာဓိက္ခန္ဓ သမာဓိကျေးဇူး။
၃၊ပညာက္ခန္ဓ ပညာကျေးဇူး။
၄၊ဝိမုတ္တိက္ခန္ဓ အရဟတ္တဖိုလ်။
၅၊ဝိမုတ္တိဉာဏဒဿနက္ခန္ဓ အရဟတ္တဖိုလ်ကို သိတတ် မြင်တတ်သော ပစ္စဝေက္ခဏာဉာဏ်။

ဤသို့ သိက္ခာသုံးပါး၊ ဗြဟ္မစရိယသုံးပါး၊ ခန္ဓာငါးပါးလုံးပါဝင်ပြီးစီး၍ အကျိုးအာနိသင် ကြီးမားသော တစ်ခုတည်းသော တရားသည် ဤအာနာပါနဿတိကမ္မဋ္ဌာန်းကြီးပင်တည်း။

ထို့ကြောင့် ဧကဓမ္မော ဘိက္ခဝေ ဘာဝိတော ဗဟုလီကတော မဟပ္ဖလော ဟောတိ မဟာနိသံသော။ ကတမော ဧက ဓမ္မော၊ အာနာပါနဿတိ။

(မဟာဝဂ္ဂသံ၊ပါ ၂၇၁)



ရဟန်းတို့ တစ်ခုသောတရားကို ပွားများအပ်၊ ကြိမ်ဖန်များစွာ ပြုလုပ်အပ်သည်ရှိသော် အကျိုးကြီး၏။ အာနိသင်ကြီး၏။

တစ်ခုသောတရားဟူသည်၊ အဘယ်နည်း။

ထွက်သက်ဝင်သက်ကို အောက်မေ့မှု အာနာပါနဿတိ ပင်တည်း။

မုံရွာမြို့ ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးကား ဤတစ်ခုတည်းသော အာနာပါနကမ္မဋ္ဌာန်းကို အထူးနှစ်သက်တော်မူ၏။ (အာနာပါနဒီပနီ၌) အောက်ပါ အတိုင်းရေးသားတော်မူ၏။

http://www.dhammavideo.com/



## ဤအာနာပါန တစ်ခုနှင့်ပင် ကိစ္စ(၄)ပါးပြီးနိုင်ပုံ

(၁) အာနာပါနအလုပ်တစ်ခုနှင့်ပင် ကာယဂတာသတိ ဘာဝနာကိစ္စ၊
(၂) အပ္ပနာစျာန်လေးပါးဟူသော သမထဘာဝနာကိစ္စ၊
(၃) ဝိပဿနာ ဘာဝနာကိစ္စ၊
(၄) ဝိဇ္ဇာဝိမုတ္တိ ဟုဆိုအပ်သော မဂ္ဂဘာဝနာကိစ္စ၊
(၅) ဖလသစ္ဆိကိရိယာကိစ္စ၊ဖိုလ်ကိုမျက်မှောက်ပြုခြင်းတို့သည် အပြီးတိုင်လာ၏။

လောကုတ္တရာဝိဇ္ဇာ(၄)ပါးနှင့်ဝိမုတ္တိ(၄)ပါးကား
(၁) မဂ်ဉာဏ်(၄)ပါးသည် လောကုတ္တရာဝိဇ္ဇာ(၄)ပါး မည်၏။
(၂) ဖိုလ်ဉာဏ်(၄)ပါးသည် ဝိမုတ္တိ(၄)ပါးမည်၏။

**လိုရင်းအဓိပ္ပါယ်ကား။**

အာနာပါနကမ္မဋ္ဌာန်းအလုပ်ကို နေ့ရှည်ရက်များ ကြီးပွားအောင် လုပ်ဆောင်နိုင်ပါမူကား ဝိဇ္ဇာ ဝိမုတ္တိတို့ဖြင့်



သိမ်းကျုံး၍ ဟောတော်မူသည်။ဗောဓိပက္ခိယ တရား(၃၇)ပါးကို ပွားများမှု အကုန်ပြီးစီး၏ ဆိုလိုသည်။

## ကျေးရွှေးရှင်ဝေဘူဆရာတော်ဘုရားကြီးနှင့် အာနာပါနကမ္မဋ္ဌာန်း

ဤစာရေးသူသည် ကျေးရွှေးတော်ရှင် ဝေဘူ ဆရာတော်ဘုရားကြီးထံတွင် သုံးဌာနလုံး၌ပင် ဆည်းကပ်နေထိုင်ခဲ့ဖူးပါသည်။

ထိုဝေဘူဆရာတော်ဘုရားကြီးကား မြန်မာပြည်၊ မန္တလေး၊ ရန်ကုန်စသော အမြို့မြို့အရွာရွာ၊ အိန္ဒိယ၊ သီဟိုဠ် (သီရိလင်္ကာ) စသော အမြို့မြို့ အရွာရွာတို့၌ ဤအာနာပါန ထွက်သိ ဝင်သိ တရားတစ်ခုတည်းကိုပင် ဟောတော်မူသည်။ တရားတော်ကား ထိ–သိ ဆိုသည့် အတိုင်း ပိဋကတ် (၃)ပုံကို ငြိမ်ငုံမိအောင် ထိလှ မိလှ၏။

ဝေဘူဆရာတော်ဘုရားကြီးကိုယ်တော်တိုင်လည်း ၄င်းတရား ကိုပင်အားထုတ်၍ ပြီးစီးအောင်မြင်တော်မူ၏။

ဤစာရေးသူလည်း ဆရာတော်ထံတွင် နေသမျှ

http://www.dhammavideo.com/



ကာလပတ်လုံး ထိ-သိကိုပင် အားထုတ်ရ၏။

ဝေဘူဆရာတော်ဘုရားကြီး ဟောတော်မူသော တစ်ခုတည်းသော အာနာပါနဟု ဆိုအပ်သော တရားနွယ်ကြီးတစ်နွယ်ကိုကိုင်၍ အားထုတ်လျှင် ပိဋကတ်သုံးပုံ အလုံးစုံ အကုန်ပင် တစင်ကြီးပါပုံကို ဓမ္မာစရိယ ဦးဌေးလှိုင်ပြုစုသော သန္ဒိဋ္ဌိကတရားတော်များစာအုပ်မှ အောက်ပါ အတိုင်း ထုတ်နုတ်၍ ပြလိုက်ပါသည်။

(နှာ-၃၇)

## ပိဋကသုံးပုံ၏လိုရင်းအချုပ်

'ပိဋကသုံးပုံဆိုတာ အလွန်ကျယ်ဝန်းတယ်။ ပိဋက သုံးပုံကို အဆီထုတ်ပါ ဆိုလျှင် ဗောဓိပက္ခိယတရား (၃၇)ပါး ရတယ်။

ဗောဓိပက္ခိယတရား(၃၇)ပါးကို အဆီထုတ်လျှင် မဂ္ဂင်ရှစ်ပါးရတယ်။

မဂ္ဂင်ရှစ်ပါးကို အဆီထုတ်လျှင် သိက္ခာသုံးပါး ရတယ်။



သိက္ခာသုံးပါးဆိုတာ အဓိသီလ - အဓိစိတ္တ - အဓိပညာ ပါပဲ။

သိက္ခာသုံးပါးကို အဆီထုတ်လျှင် ဧကော ဓမ္မော တရားတစ်ခုရတယ်။

ရုပ်ပေါ်နာမ်ပေါ်မှာနေပြီး ယခုလိုဆောင်ထားတော့ (ရှုမှတ်နေတော့) ကာယကံ သောင်းကျန်းမှု၊ ဝစီကံ သောင်းကျန်းမှုမရှိဘူး။ အဲဒါ **အဓိသီလ** လို့ခေါ်တယ်။

အဓိသီလ အားကောင်းလျှင် စိတ်တွေသောင်းကျန်းမှုမရှိဘဲ ငြိမ်ဝပ်ပိပြားပြီး တည်နေတော့တယ်၊ အဲဒါ **အဓိစိတ္တ**လို့ ခေါ်တယ်။

အဓိစိတ္တ(သမာဓိ)အားကောင်းလို့အချိန်ကြာလျှင် ဘယ်လူ၊ ဘယ်နတ်၊ ဘယ်ဗြဟ္မာမှ ဖန်တီးလို့မဖြစ်ဘူး။ လျှပ်တပြက်အတွင်း ကုဋေတသိန်းဖြစ်ပြီးပျက်နေတယ်။

ရုပ်ကို နာမ်ကသိနေလျှင် ဖြစ်ပျက်ကို သိတော့တာပဲ၊ ဖြစ်ပျက်ကိုသိတာ **အဓိပညာ** လို့ခေါ် တယ်။

အများနားလည်အောင် ပြောရမယ်ဆိုလျှင် ခန္ဓာကိုယ်မှာ ထင်ရှားတဲ့ အစိတ်အပိုင်းတစ်ခုဖြစ်တဲ့ နှာဖျား နှာဝမှာ ထွက်လေ ဝင်လေ နှစ်ရပ်ဟာ အမြဲ တိုက်ဝင် တိုက်ထွက်နေတယ်။

http://www.dhammavideo.com/



နှာဖျား နှာဝမှာ ကာယပသာဒအကြည်က အထိခံ၊ ထွက်လေ–ဝင်လေ ဖြစ်တဲ့ လေနှစ်ရပ် ဝါယော ဖောဋ္ဌဗ္ဗက ထိတယ် ၊ ထိုအထိခံနဲ့ **ထိတာက ရုပ်၊ သိတာက နာမ်** ဆိုတော့ ဒကာကြီး၊ ဒကာမကြီးတို့ သူများမေးမနေနဲ့၊ ကိုယ့်နှာဝကို ဉာဏ်နဲ့စောင့်ကြည့်၊ ဝင်တော့ ထိဝင်မယ်၊ ထွက်တော့လည်း ထိထွက်မယ်၊ ထိတာကို သိနေလျှင် လောဘ–ဒေါသ–မောဟ ဖြစ်ခွင့်မရလို့ လောဘမီး၊ ဒေါသမီး၊ မောဟမီး ငြိမ်းတယ်။ ငြိမ်းတော့ အေးတယ်။

မထိခင်ကလည်း သိလို့မဖြစ်ဘူး၊ ထိပြီးပြန်တော့လည်း သိလို့မဖြစ်ဘူး၊ ထိတုန်းကိုသာ သိလို့ဖြစ်တယ်။ အဲဒါကို **ပစ္စုပ္ပန်တည့်တည့်**လို့ ဆိုတယ်။

ထိတာကိုသိနေလျှင် ရုပ်နှင့်နာမ်သာရှိပါကလား လို့ သိလိမ့်မယ်။ ရုပ်နာမ်မှတပါးငါ၊ သူတပါး၊ ယောက်ျား၊ မိန်းမ မရှိဘူးဆိုတာ ဘုရားရှင်၏ တရားတော်အမှန်ပါ ကလားလို့ ကိုယ့်ဟာကိုယ်သိလိမ့်မယ်၊ သူများကို မေးနေဖို့ မလိုဘူး။ နှာဖျား နှာဝမှာ လေထိတာကို သိနေလျှင် ထိုအချိန်မှာ အတ္တဆိုတဲ့ ကိုယ်မရှိဘူး။

ထိုသိနေတဲ့ အချိန်မှာ ဉာဏ်အမြင်စင်ကြယ်တယ်၊ သမ္မာဒိဋ္ဌိဖြစ်တယ်၊ ထိတာကိုသိနေတဲ့အချိန်မှာ ရုပ်နာမ်



မှတပါး ဘာမျှမရှိပါကလားလို့ သိတာကို နာမ်ရုပ်ကို ပိုင်းခြားပြီးသိတာမို့လို့ **နာမရူပ ပရိစ္ဆေဒဉာဏ်** လို့ ခေါ်တယ်။

တထိထဲထိ တထိထဲသိနေလျှင် အတ္တစင်၍ ဉာဏ်အမြင်စင်ကြယ်တဲ့ အကျိုးရတယ်။ ဒါဟာ တဒင်္ဂပဟာန်ခဏအချိန်ကလေးမှာ ရတဲ့အကျိုး၊ နည်းတယ်လို့များ မမှတ်လိုက်ကြနဲ့။

ကမ္မဋ္ဌာန်းထိုင်ရတာများ ဘာမှလည်း မတွေ့ပေါင်၊ ဘာမှလည်းမရပေါင်လို့များ မမှတ်ကြနဲ့။ မြင့်မြတ် တဲ့ဘဝ ဘုရားသာသနာနဲ့ ကြုံကြိုက်တဲ့အခါမှာ ဒီလို အကျိုးထူးများရနိုင်တယ်။ စားဖို့သောက်ဖို့အသာထားပြီး အထူးကြိုးစားကြ။'

## (ထိ–သိ) ပိဋကသုံးပုံ ခြုံငုံမိ

ကျေးဇူးရှင်ဝေဘူဆရာတော်ဘုရားကြီး မြန်မာလို သက်သက်ဟောကြားတော်မူအပ်သော (ထိ–သိ) နှစ်လုံးတည်းဖြင့်ပိဋကသုံးပုံ ခြုံမိအောင်(ထိ)လှုပါပေ၏။ ပိဋက(၃)ပုံငုံမိအောင်(သိ)ရပါပေ၏။ အနည်းငယ် ရှင်း

http://www.dhammavideo.com/



(ထိ–သိ) ရှုမှတ်နေဆဲတွင် သိက္ခာသုံးပါး အလိုလို ပါပြီးဖြစ်၏။

(၁) သိက္ခာသုံးပါးဆိုသည်ကား ပိဋက(၃)ပုံ ပင်တည်း၊

(၂) ပိဋက ၃ပုံဆိုသည်ကား သိက္ခာသုံးပါးပင်တည်း၊

(၁) မဂ္ဂင်ရှစ်ပါး ဆိုသည်ကား ပိဋက (၃)ပုံပင်တည်း၊

(၂) ပိဋက(၃)ပုံဆိုသည်ကား မဂ္ဂင်ရှစ်ပါးပင်၊ အထူးမရှိ တော့ပေ။

မဂ္ဂင်ရှစ်ပါးတို့တွင် သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ နှစ်ပါးကို အဓိပညာ သိက္ခာဟုခေါ်သည်။ သမ္မာဒိဋ္ဌိကား ကောင်းသော ဉာဏ်အမြင်ဖြစ်၍ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ လေးပါးတို့ကို သိတတ်သောဉာဏ်အမြင် ပေတည်း။

ဒုက္ခသစ္စာကား – သံ ခိ တ္တေ န ပဉ္စုပါဒါနက္ခန္ဓာပိ ဒုက္ခာ (ဓမ္မစကြာ)

ပဉ္စုပါဒါနက္ခန္ဓာ၌ အနိစ္စဆိုသည်ကား ခန္ဓာငါးပါးပင်၊
ဒုက္ခဆိုသည်ကား ခန္ဓာငါးပါးပင်၊
အနတ္တဆိုသည်ကား ခန္ဓာငါးပါးပင်



## သိက္ခာ–၃ ပါး ကျေးဇူးပြုပုံ

၁။ အဓိသီလသည် အထက်အဓိစိတ္တကို ကျေးဇူးပြု၏။

၂။ အဓိစိတ္တသည် အထက်အဓိပညာကို ကျေးဇူးပြု၏။

၃။ အဓိပညာသည် အထက်မဂ်ဖိုလ်နိဗ္ဗာန်ကို ကျေးဇူး ပြု၏။

ဤကဲ့သို့ ဆင့်ကာဆင့်ကာ ဆက်ကာ ဆက်ကာ ကျေးဇူးပြုကြသဖြင့် (ထိ–သိ)သည် နိဗ္ဗာန်တိုင်အောင် ကျေးဇူးပြုနိုင်ပေ၏ဟု စွဲစွဲမြဲမြဲမှတ်လေ။

ဘုရားရှင်နှင့် ပစ္စေကဗုဒ္ဓါတို့မှတပါး အဓိပညာ သိက္ခာကို မိမိအလိုလိုသိနိုင်သော ပုဂ္ဂိုလ်ဟူ၍ မရှိ၊ ရှင်သာရိပုတ္တရာအရှင်မြတ်ကြီးသော်မှ ရှင်အဿဇိထံ၌ နည်းယူရသေးသည်။

အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာဟူသော သိက္ခာ သုံးပါးမှတပါး နိဗ္ဗာန်ရောက်ကြောင်း တရားမရှိပြီ၊ ထို့ကြောင့်

ယသ္မိံဋ္ဌိတော မဂ္ဂဉ္စေဝ ဖလဉ္စေဝ၊ အရိယော ဟောတိ၊ တံ မဂ္ဂဖလသင်္ခါတံ၊ ခန္ဓတ္တယ သင်္ဂဟိတံ သာသနံ အရိယဘူမိ။

(ရှေးပြည်ကြီးမဏ္ဍိုင်ရိုက် သစ္စဝိဘင်း မူလဋီကာ၊ နှာ–၆၃)

http://www.dhammavideo.com/



**မြန်မာပြန်**။ အကြင်သာသနာ၌တည်သော၊ မဂ်၌တည်သော ပုဂ္ဂိုလ်သည်လည်းကောင်း၊ ဖိုလ်၌တည်သော ပုဂ္ဂိုလ်သည်လည်းကောင်း အရိယာသည်ဖြစ်၏၊မဂ်ဖိုလ်ဟုဆိုအပ်သော သီလက္ခန်စသော ခန္ဓာသုံးပါးအပေါင်းဖြင့် သိမ်းယူအပ်သော ထိုသာသနာတော်သည် အရိယာတို့၏ နယ်မြေတည်း။

## ကန္နီဆရာတော်ကြီးဩဝါဒ<br>ထွက်လေဝင်လေ သတိပြုရကျိုး

ဤစာရေးသူသည် ၁၃၂၅–ခုနှစ် ကန္နီဆရာတော် ဘုရားကြီးထံတွင် အားထုတ်နေစဉ် အာနာပါနတည်းဟူသောအညာကို ကိုင်လျက်ထွက်ဝင်(၂)ပါးသတိထား၍ အားထုတ်ရန် ဩဝါဒပေးပါသည်။

ထွက်သည် ဝင်သည် (တစ်) စသည်ဖြင့် နှာသီးဖျား၌ သတိကိုထား၍ရပ် သွား ထိုင် လျောင်း ဟူသော ဣရိယာပုတ်လေးပါးတို့တွင် မိမိနှင့်သင့်လျော်ဆုံးသော ဣရိယာပုတ်ဖြင့် အာနာပါနကမ္မဋ္ဌာန်းကို အားထုတ်သော



ယောဂီပုဂ္ဂိုလ်သည် နီဝရဏငါးပါးတို့ကို ပယ်ရာ ရောက်၏။

ပယ်ရာရောက်တော့ ဘာဖြစ်တုံး။

ပယ်ရာရောက်တော့ ကိုယ် နှုတ် စိတ် နှလုံး သုံးပါးလုံး တို့ကို စောင့်ရှောက်ရာရောက်တော့၏။

ရောက်တော့ ဘာဖြစ်တုံး။

စောင့်ရှောက်ရာ ရောက်တော့ ကာယကံသုံးပါးလုံးမှုကြောင့် အပါယ်လေးဘုံမှလွတ်၏။ ဝစီကံလုံမှုကြောင့် လူ့ဘုံနတ်ဘုံမှလွတ်၏၊ မနောကံလုံမှုကြောင့် အနုသယကိလေသာများချုပ်ငြိမ်း၍ သုံးဆယ့်တစ်ဘုံမှ လွတ်မြောက်နိုင်၏။

ထိုမှတပါးလည်း အာနာပါနကမ္မဋ္ဌာန်းကိုပွားများအားထုတ်သော ယောဂီပုဂ္ဂိုလ်သည် စိတ်စင်ကြယ်၏။

စိတ်စင်ကြယ်တော့ ဘာဖြစ်တုံး၊

စိတ်စင်ကြယ်တော့ စိုးရိမ်ခြင်း၊ ငိုကြွေးမြည်တမ်း ခြင်း၊ ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်းတို့နှင့်တကွ၊ နီဝရဏ အာသဝ – ဩဃ – ယောဂ – ဂန္ထ – ဥပါဒါန် သံယောဇဉ် –အနုသယ–အကုသိုလ်စိတ်(၁၂)ပါးတို့ကိုပါ ပယ်ရာ

http://www.dhammavideo.com/



ပယ်ရာရောက်တော့ ဘာဖြစ်တုံး။

ပယ်ရာရောက်တော့ သတိပဋ္ဌာန်လေးပါးစသော (၃၇) ပါးသော ဗောဓိပက္ခိယတရားတို့ကို ပွားများရာ ရောက်တော့၏။

ပွားများရာရောက်တော့ ယခုဘဝတွင် ဈာန်သမာပတ် အဘိညာဏ်တို့ကိုရစေနိုင်သည့်ပြင်၊ တစ်ခုသောနေရာ၌ထိုင်လျက်သာလျှင် အလုံးစုံသောအာသဝေါတရားတို့ကို ကုန်စေ၍ ရဟန္တာဖြစ်နိုင်၏။

တိုသို့မဖြစ်က သေခါနီးအခါ၌'သမသီသိရဟန္တာ' ဖြစ်နိုင်၏။မဖြစ်ခဲ့သော် ဒုတိယဘဝနတ်သားဖြစ်၍ ဓမ္မကထိကနတ်သား၏ တရားကိုနာ၍ ရဟန္တာဖြစ်နိုင်၏။ မဖြစ်ခဲ့သော် နောင်ပွင့်လတ္တံ့သော ဘုရားရှင်တို့၏ အထံမှာ'သုခပဋိပဒါခိပ္ပါဘိညာ' ရဟန္တာပုဂ္ဂိုလ်ဖြစ်နိုင်၏။



## စွန်းလွန်းဆရာတော်ကြီးဩဝါဒ ထိမှုသိမှု အနုသယပယ်ပုံ

စွန်းလွန်းဆရာတော်ဘုရားကြီးကား အသီးတရာ အညှာတခုဟူသော ဥပမာနှင့်အညီ ထိ–သိ အညှာမှကိုင်၍ သက္ကာယဒိဋ္ဌိ အရှုပ်ကြီးကိုအမြစ်ပြုတ်အောင်ကိုင်လှုပ် ခွာပစ်ပုံ (သာရဏီယကထာနှာ–၄၉) ကို ဤသို့ဟောကြား တော်မူ၏။

'ထိမှု သိမှုကို သတိပြု သတိထားပြီးရှုနေပြီ၊ သိကာမျှကို သာသိနေပြီ၊ ထိကာမျှ သိကာမျှကိုသာ သိပြီးရှုနေတဲ့ အချိန် သူ့ထိမှုနှင့်၊ သူ့သိမှုနှင့်၊ သတိနှင့်ပြိုင်ပြိုင် ကျနေတဲ့အချိန်မှာ နှာခေါင်းဆိုတဲ့ သတ္တဝါအယူကို စွန့်နေတယ်။

နှာခေါင်းဆိုတဲ့ သတ္တသညာဟာ ကွာနေတယ်၊ (ရုပ်ပေါ် နာမ်ပေါ် ရောက်နေတယ်)၊ အဲသလိုနှာခေါင်း ဆိုတဲ့ သတ္တဝါအယူကို စွန့်တော့၊ နှာခေါင်းဆိုတဲ့ သတ္တသညာကွာနေတော့၊ ထိကာမျှ၊ သိကာမျှ သိ သိနေတဲ့ အချိန်မှာ နှာခေါင်းဟာ ငါ့ကိုယ်လို့စွဲယူနေတဲ့ သက္ကာယဒိဋ္ဌိ ဖြစ်သေးသလား။

နှာခေါင်းဟာ ငါ့ကိုယ်လို့စွဲယူတဲ့ သက္ကာယဒိဋ္ဌိ

http://www.dhammavideo.com/



မဖြစ်တော့ဘူး။နှာခေါင်းမှာ သက္ကာယဒိဋ္ဌိ ကွာတယ်။

နှာခေါင်းမှာ သက္ကာယဒိဋ္ဌိ ကွာတော့ တကိုယ်လုံး သက္ကာယဒိဋ္ဌိကွာတော့တာပါဘဲ။ အဲသည်သက္ကာယဒိဋ္ဌိ ကွာတဲ့ စိတ်နဲ့ ထိမှု သိမှု သတိပြု သတိထားရှုနေလျှင် နှာခေါင်းမှာ ငါလို့စွဲယူတဲ့မာန မဖြစ်တော့ဘူး။

နှာခေါင်းမှာမာနမဖြစ်လျှင် နှာခေါင်းမှာမာနကွာ တယ်။နှာခေါင်းမှာကွာတော့ တကိုယ်လုံး မာနကွာတော့ တာပဲ။

အဲသည်လိုမာနကွာတဲ့စိတ်နဲ့ ထိမှု သိမှု သတိပြုမှု သတိထားရှုနေလျှင် နှာခေါင်းဟာ ငါ့ဟာ ငါ့ဥစ္စာလို့ စွဲယူတဲ့ တဏှာမဖြစ်တော့ဘူး။ နှာခေါင်းမှာတဏှာမဖြစ် လျှင်၊ နှာခေါင်းမှာ တဏှာကွာလျှင် တကိုယ်လုံး တဏှာ ကွာတော့တာပါဘဲ။

ဒိဋ္ဌိစွဲက'ငါ့ကိုယ်'၊မာနစွဲက'ငါ'၊ တဏှာစွဲက'ငါ့ဟာ ငါ့ဥစ္စာ'၊ အဲသည် တဏှာ မာန ဒိဋ္ဌိကိုဘဲ ပပဉ္စတရား၊ သံသရာချဲ့ထွင်တဲ့ တရားလို့ခေါ်တယ်။

အဲသည်တဏှာ မာနဒိဋ္ဌိဟာ တဒင်္ဂသေပြီး တဒင်္ဂနေပြီး သမုစ္ဆေဒ သွားမှာပါဘဲ။ အဲသည်အခါမှာ အဝိဇ္ဇာ နုသယ ပဋိဃာနုသယလဲ တဒင်္ဂ သေတော့တာပါဘဲ။



သေပုံသွင်းပြပါမယ်။

အဲသည် ထိမှု သိမှု သတိပြု သတိထားနေတဲ့ အချိန်မှာ မသိမှုမောဟမဖြစ်တော့ဘူး။

မသိမှုမောဟ မဖြစ်လျှင် အဝိဇ္ဇာနုသယလည်း တဒင်္ဂ ပယ်သည် မည်တော့တာပါဘဲ။

အဲသည်အခိုက်မှာ ကြမ်းတမ်းခက်ထန်ပြစ်မှားတဲ့ ဒေါသ မဖြစ်တော့ဘူး။ မဖြစ်လျှင် ပဋိဃာနုသယလဲ တဒင်္ဂ ပယ်သည် မည်တော့တာပါဘဲ။

အဲသည်အချိန်မှာ ဘုရားယုံမှားခြင်းလည်းကင်း နေတယ်။တရားယုံမှားခြင်းလည်းကင်းနေတယ်။ သံဃာယုံ မှားခြင်းလည်းကင်းနေတယ်။ အကျင့်သိက္ခာယုံမှားခြင်း လည်းကင်းနေတယ်။ အတိတ်လည်းယုံမှားခြင်းကင်းနေတယ်။အနာဂတ် လည်းယုံမှားခြင်း ကင်းနေတယ်။ရှေ့အစွန်း နောက်အစွန်း လဲ ယုံမှားခြင်းကင်းနေတယ်။ ပဋိစ္စသမုပ္ပါဒ် လည်း ယုံမှားခြင်းကင်းနေတယ်။အဘိဓမ္မာမှာ ယုံမှားခြင်း ရှစ်ပါး ကို အဲသည်လိုပြတယ်။

အဲသည်လို ယုံမှားခြင်းကင်းနေလျှင် ဝိစိကိစ္ဆာ လည်းမဖြစ်တော့ဘူး။ဝိစိကိစ္ဆာနုသယကိုတဒင်္ဂပယ်သည်

http://www.dhammavideo.com/



မည်တော့တာဘဲ။တဒင်္ဂနေပြီး သမုစ္ဆေဒ သွားမှာဘဲ။

လောဘကို ကာမရာဂါနုသယ၊ ဘဝရာဂါနုသယ နှစ်ပါးခွဲလိုက်လျှင်၊ အနုသယခုနစ်ပါး 'အန္တောဂဓ'ဝင်ပြီး အနုသယခုနစ်ပါးကို တဒင်္ဂ ပယ်သည် မည်တော့တာပါဘဲ။

**အကြောင်းကား–**

ထိကာမျှ သိကာမျှကို သတိပြု သတိထားနေတဲ့ အခါမှာ မရှိပညတ်, ရှိပညတ်တွေ လွန်မြောက်နေတယ်။ အဲသည်လိုနေလျှင် ဝိပဿနာဉာဏ်ဖြစ်တယ်။

ဝိပဿနာဉာဏ်ဖြစ်လျှင် အနုသယ ခုနစ်ပါးကို တဒင်္ဂပယ်နိုင်တယ်။ ပယ်နိုင်လျှင် – အနုမာနသိဒ္ဓိဖြင့် နိဗ္ဗာန်ကို မှန်းဆ၍ အာရုံလည်းပြုနိုင်ပါတယ်။

'လောဘက္ခယနိဗ္ဗာန်၊ မောဟက္ခယနိဗ္ဗာန်၊ ဒေါသက္ခယနိဗ္ဗာန် နိဗ္ဗာန်နှစ်ဆယ့်ငါးပါးအပြား ရှိသည်။ အနုမာနသိဒ္ဓိတဒင်္ဂပဟာန်ပေါ့။'



## မန်လည်ဆရာတော်၏ အတ္တဒိဋ္ဌိ

ဤစာရေးသူ ၁၃၂၅ခုနှစ်က ကျေးရှုးရှင် ကန္နီဆရာတော်ဘုရားကြီးအထံတွင် တရားအားထုတ်နေ ခိုက် ဆရာတော်ဘုရားကြီးက တရံတခါ ဘွဲ့မခေါ်၊ မောင်းထောင်ဟုသာ ခေါ်လေ့ရှိ၏။တရံတခါ ဘွဲ့ခေါ်၏။ ဆရာတော်ဘုရားကြီးက မောင်းထောင် .....။

ဤစာရေးသူ–––––––အရှင်ဘုရား။

ကန္နီဆရာတော်ကြီး–––––––သက္ကာယဒိဋ္ဌိ အရာ လိမ်မာ ရဲ့လား။

မောင်းထောင်–––––––မလိမ္မာသေးပါ အရှင်ဘုရား။

ကန္နီဆရာတော်ကြီး––––––– မလိမ်မာသေး ပြောရသေး တာပေါ့။

မောင်းထောင်–––––––မှန်ပါအရှင်ဘုရား။

ကန္နီဆရာတော်ကြီး––––––ဘုန်းကြီး မန်လည်ဆရာတော် ဘုရားကြီးအထံမှာ နှစ်အကြာဆုံး နေခဲ့ဘူးတယ်။

မောင်းထောင် –––––– မှန်ပါအရှင်ဘုရား။

ကန္နီဆရာတော်ကြီး––––––ဘုန်းကြီးကို မန်လည်

http://www.dhammavideo.com/



ဆရာတော် ဘုရားကြီးက 'မောင်သောဘိတ အတ္တဒိဋ္ဌိ သိရဲ့လား' ဟုမေးတယ်။

ကန္နီဆရာတော်ကြီး---ဘုန်းကြီးကလဲ မသိပါဘုရားလို့ လျှောက်လိုက်တယ်။

မန်လည်ဆရာတော်---အတ္တ သိချင်သလား။

ကန္နီဆရာတော်---သိချင်ပါ အရှင်ဘုရား။

မန်လည်ဆရာတော်---အတ္တသိချင်ရင်ဟိုမဲဇာချောင်း မြင်ရဲ့လား။

ကန္နီဆရာတော်---မြင်ပါ အရှင်ဘုရား။

မန်လည်ဆရာတော်--- မြင်ရင်ဆင်းရမည်–
ဆင်းရဲရဲ့လား–
ဆင်းဝံ့ရဲ့လား–
ဆင်းရမည်။

ကန္နီဆရာတော် --- ဆင်းဝံ့ပါသည်ဘုရား။

မန်လည်ဆရာတော် --- ဒါဖြင့် ရှေ့နားကကုဋီထဲ ဆင်းဝံ့ရဲ့လား။

ကန္နီဆရာတော်--- ဆင်းဝံ့ပါသည်။ ဆင်းပါမည် ဘုရားဟု ရဲဝံ့စွာလျှောက်ထားမှ–

'ကာယ ဝစီ မနောမှထွက်သမျှ အတ္တဒိဋ္ဌိဘဲ' ဟုမိန့်တော်



မန်လည်ဆရာတော် (ပုံပမာ)ယောကျ်ား–မိန်းမ– နေ–လ–နက္ခတ်–တော–တောင်–ရေ–မြေစသည် တည်းဟုမိန့်၏။

ဘုန်းကြီးသာ မန်လည်ဆရာတော်နှင့်တွေ့လို့ သက္ကာယ အရာမှာ (သောထူး) လုပ်နေတာ၊အခြား သူများမှာ သက္ကာယအရာ တယ်မလွယ်လှဘူး။

ဘုန်းကြီးလျှောက်ထားဘူးတဲ့ ဆရာတော်များ ပြောဦးမယ်–

၁။မိုင်းကိုင်းဆရာတော်

၂။ကျီဝန်ဆရာတော်

၃။ဦးသာသြ

၄။ညဝါအကျော်–အရှေ့ပြင်တိုက်တော်ဆရာတော်များက 'ကျုပ်တို့တော့ စာနည်းထက်ပိုမသိဘူး – ထိုးထွင်းဖေါက် ခွဲ၍သိနိုင်သော ဉာဏ်က အလွန် နည်းပါသေးတယ်ဗျာ'ဟု မိန့်ကြ၏။

ဥပမာ–သဝိညာဏက အဝိညာဏက အရာပြောဆိုသော အခါ ခံစားသောယောကျ်ားဟု နှစ်ခွန်းပြောသော စကား မျိုးကိုခံစား ပရမတ်မှတ်။ ယောကျ်ား ပညတ်မှတ်။

http://www.dhammavideo.com/



ယောကျ်ားခံစားသည်ဟု နှစ်ခွန်းပြောသောစကား မှာယောကျ်ားပညတ်။ ခံစားပရတ်မတ်စသည်မှတ်လေ။

ကန္နီဆရာတော်---သက္ကာယအရာ လိမ်မာအောင် လုပ်မောင်းထောင်။

မောင်းထောင်---မှန်ပါအရှင်ဘုရား။

## ဘုရားအဆူဆူတို့၏ လက်သုံး လိုရင်းပဓာနတရားကြီး

ရှေးရှေးအလုံးစုံပွင့်တော်မူကြကုန်ပြီးသော ဘုရားရှင်တို့နှင့်တကွ ဤဂေါတမဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်လည်း ဤအာနာပါနဿတိသမာဓိဖြင့် သာ ဘုရားအဖြစ်သို့ရောက်တော်မူကြကုန်၏။ရောက်တော်မူကြမြဲ ဓမ္မတာ ဖြစ်ပေ၏။

ဘုရားအဖြစ်သို့ ရောက်ပြီးသော အခါ၌လည်း အာနာပါနကို အသက်ထက်ဆုံး မစွန့်ကြကုန်။

ဤအာနာပါန ကမ္မဋ္ဌာန်းကား အလွယ်ကူဆုံး ဖြစ်၏။

ဘုရားရှင်သည် အခြားသော သမထကမ္မဋ္ဌာန်း



တို့ထက် ထူးကဲလွန်မြတ်သော ဂုဏ်ပုဒ်တို့နှင့်ချီးမွမ်းထားတော်မူ၏။

ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊ဋီကာကြီးတို့၌ 'လူသာမန်၊ ရှင်သာမန်တို့နှင့်၊ ထိုက်တန်သောကမ္မဋ္ဌာန်းမဟုတ်၊ လူပညာရှိ ရဟန်းပညာရှိတို့နှင့်သာ ထိုက်တန်သော ကမ္မဋ္ဌာန်း ဟုပြဆိုကြ၏။

သဗ္ဗသမာဓိဘာဝနာသုစ သဗ္ဗသဗ္ဗညုဗောဓိ သတ္တာနံ ဗောဓိမူလေ ဣမိနာဝ သမာဓိနာ သမာဟိတ စိတ္တာနံ ယထာဘူတာဗောဓတော အယမေဝသမာဓိ ဘာဝနာ ပဓာနာတိစ။

(ပဋိသမ္ဘိဒါ-ဋ္ဌ-၃-၆၉။)

**မြန်မာပြန်။** အာနာပါနဿတိ သမာဓိကမ္မဋ္ဌာန်း၏ အကျိုးကိုဆက်၍ဆိုဦးအံ့၊ အလုံးစုံသောသမာဓိကိုဖြစ်စေတတ်သော ဘာဝနာ တို့တွင် အလုံးစုံသောသဗ္ဗညု ဘုရားလောင်းတော်တို့အား ဗောဓိပင်ရင်း၌ ဤအာနာပါနဿတိ သမာဓိသာလျှင် တည်ကြည်သောစိတ်ရှိကုန်သည်ဖြစ်၍ ဟုတ်မှန်တိုင်းသောတရားကို ထိုးထွင်း၍သိတော်မူခြင်းကြောင့် ဤအာနာပါနဿတိ သမာဓိဘာဝနာကိုသာလျှင် အကြီးဥက္ကဋ္ဌလိုရင်းပဓာနတရားဟူ၍ ဟောတော်မူ အပ်၏။

http://www.dhammavideo.com/

## 'ဘုရားအလောင်းတော်မြတ် ကနဦးအစ'
## 'အာနာပါန ကမ္မဋ္ဌာန်းက'

ဘုရားအလောင်းတော်သိဒ္ဓတ္ထမင်းသားလေး ငယ်ရွယ်စဉ်အခါ၊ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးလယ်ထွန်မင်္ဂလာပြုလုပ်နေစဉ်၊ မင်းသားကလေးကား အရိပ်ကောင်းမွန်သော ဇမ္ဗုသပြေပင်အောက်ဝယ် တင့်တယ်စွာတင်ပလ္လင်ခွေ၍ ထွက်သက် ဝင်သက် အာနာပါန ကမ္မဋ္ဌာန်းအားထုတ်နေရာ ပဌမဈာန်ကို ရလေသည်။

ထိုသို့တင်ပလ္လင်ခွေကာ ဈာန်ဝင်စားနေစဉ် အထိန်းတော်များနှင့် ခမည်းတော်ကြီးတို့ ငြိမ်သက်စွာ ကျနေ့ဖြင့် ထိုင်နေပုံကို မြင်ကြရသည့်အတွက်ကြောင့် အံ့ဩ၍မဆုံး ဖြစ်ကြလျက် လက်အုပ်ကလေးချီကာ ချီကာဖြင့် ရှိခိုးဦးတိုက်ကြလေသည်။



ဗုဒ္ဓဝင်အဋ္ဌကထာ (၃၅၅) ၌
'သဗ္ဗဗုဒ္ဓါနံ သမတိံသဓမ္မတာ'

ခပ်သိမ်းကုန်သော ဘုရားရှင်တို့အား ဓမ္မတာသုံးဆယ်ရှိကြကုန်မြဲ ဖြစ်၏။ ယင်းဓမ္မတာ သုံးဆယ်တို့အပါအဝင် 'အာနာပါနဿတိ ကမ္မဋ္ဌာန ပရိကမ္မံ မာရဗလဝိဒ္ဓံသနံ'။ အာနာပါနကမ္မဋ္ဌာန်းကို စီးဖြန်းတော်မူ၍ မာရ်စစ်သည် အပေါင်း ကို အောင်တော်မူ၏။

'ဗောဓိပလ္လင်္ကေယော တိဃောဝိဇ္ဇာ အာဒိံ ကတွာ အသာဓါရဏဉာဏပ္ပဋိလာဘော'။

ဗောဓိပလ္လင်၌သာလျှင် သုံးပါးသောဝိဇ္ဇာကို အစ ပြု၍ အသာဓာရဏဉာဏ်စသော ကျေးဇူးကိုရတော်မူသည်ဟု မိန့်ဆို ထားသည်။

ဂင်္ဂါဝါဠု သဲစုမက၊ သမုဒ္ဒရာဝါဠု သဲစုမကပွင့်တော်မူကြကုန်ပြီးသောဘုရားအဆူဆူတို့သည် ဤအာနာပါနဿတိ ကမ္မဋ္ဌာန်းကိုပွါး၍ သမ္မာသမ္ဗောဓိဉာဏ်တော်ကြီးကို ရတော်မူကြ ကုန်၏။ ရတော်မူကြမြဲ ဖြစ်၏။

ဣမမေဝဟိ ကမ္မဋ္ဌာနံ ဘာဝေတွာ၊ သဗ္ဗေပိသမ္မာသမ္ဗုဒ္ဓါ သမ္မာသမ္ဗောဓိံ အဓိဂစ္ဆန္တိ။

http://www.dhammavideo.com/



အရိယမဂ္ဂဿပါဒကဘူတော၊အယံ သမာဓိ အနုက္ကမေန ဝဍ္ဎိတွာ အရိယမဂ္ဂဘာဝံ ဥပဂတော ဝိယဟောတိ

**တိ အာဟ အနုပုဗ္ဗေန အရိယမဂ္ဂဝုဒ္ဓိပ္ပတ္တောတိ။**

(မဟာဋီ-ပ-နှာ-၃၁၄။)

**မြန်မာပြန်။** မှန်၏။ဤအာနာပါနကမ္မဋ္ဌာန်းကို သာလျှင်ပွါး၍အလုံးစုံကုန်သောဘုရားရှင်တို့သည် သမ္မာ သမ္ဗောဓိဉာဏ် ကို ရတော်မူကုန်၏။

အရိယာမဂ်၏အခြေခံဖြစ်၍ဖြစ်သော ဤအာနာပါနဿတိသမါဓိသည် အစဉ်အားဖြင့်(ဝါ)အစဉ်အတိုင်းပွါး၍အရိယာမဂ်အဖြစ်သို့ ရောက်ဘိသကဲ့သို့ဖြစ်၏။ ထို့ကြောင့် 'အနုပုဗ္ဗေန အရိယမဂ္ဂဝုဒ္ဓိပ္ပတ္တော'ဟူ၍ဟောတော်မူပြီ။

ဤအာနာပါနကမ္မဋ္ဌာန်းကိုဘုရားရှင်ပစ္စေကဗုဒ္ဓါဘုရားရှင်၏ သားတော်ဖြစ်ကြကုန်သောပုဂ္ဂိုလ်တို့လည်းအားထုတ်ကြ ကုန်၏။

က္လဒံ ပန အာနာပါနဿတိကမ္မဋ္ဌာနံ ဂရုကံ၊ ဂရုကဘာဝနံ၊ ဗုဒ္ဓ ပစ္စေကဗုဒ္ဓ ဗုဒ္ဓပုတ္တာနံ မဟာပုရိသာနံ ယေဝ မနသိကာရဘူမိဘူတံ၊ နေဝါတ္တရံ။

(ပဋိသံ-နှာ ၉၈)



**မြန်မာပြန်။** ထွက်လေ ဝင်လေကို သတိပြု၍အားထုတ်သောဤအာနာပါနကမ္မဋ္ဌာန်းသည် လေး၏၊ အလေးအမြတ်ပြုအပ်သော ဘာဝနာကြီးပါပေတည်း၊ဘုရားပစ္စေကဗုဒ္ဓါဘုရားရှင်၏သားတော်ဖြစ်ကုန်သော ယောကျ်ားမြတ်တို့၏သာလျှင် နှလုံးသွင်းရာဖြစ်၍ဖြစ်၏။ ဤမှတပါးသောသူသည် နှလုံးသွင်းရာ မဖြစ်ချေ။

(ဝိသုဒ္ဓိမဂ်လည်း ဤအတိုင်းမိန့်)

## ဘုရားဖြစ်ပြီးနောက်၌လည်း အာနာပါနဿတိပွါးများပုံ

သဗ္ဗညု မြတ်စွာဘုရားသည် ကောသလနဂ်လတော အုပ်အတွင်း သီတင်းသုံးနေတော်မူသော ထိုဝါတွင်း ကာလဝယ်

'က္လစ္ဆာမယံ ဘိက္ခဝေ၊တေမာသံ ပဋိသလ္လီယိတုံ နာမှိကေနစိ၊ ဥပသင်္ကမိတဗ္ဗော အညတြ ·တနုပိဏ္ဍပါတနီဟာရကေန '

'ချစ်သားရဟန်းတို့၊ ငါဘုရားသည်အဖေါ်မမှီးတကိုယ်

http://www.dhammavideo.com/



ဟည်းဖြစ်၍ ဝါတွင်းသုံးလပတ်လုံး၊ သီတင်းသုံးနေအံ့သောငှါအလိုရှိသည်၊ ငါဘုရားအထံမှောက်သို့ ဆွမ်းအပို့ရောက်သောရဟန်းမှတပါး၊ တစုံတယောက်သောသူသည် မလာရောက်အပ် မချဉ်းကပ်အပ်’ဟူ၍ မိန့်ကြားတော်မူပြီးလျှင် ထိုဝါတွင်းသုံးလအတွင်းဝယ် တကိုယ်တည်း တပါးတည်း ကိန်းအောင်းမွေ့လျော် နေတော်မူခဲ့ပါပေသည်။

## အာနာပါနသတိကိုပွါး၍ဝါကပ်ခြင်း

သုံးလလွန်မြောက်၍ တပါးတည်းကိန်းအောင်း ရာမှ ထတော်မူပြီးသောအခါ များစွာသော ရဟန်းတော် တို့ကို ‘သစေ ခေါ ဘိက္ခဝေ အညတိတ္ထိယာ ပရိဗ္ဗာဇကာ ဧဝံ ပုစ္ဆေယျုံ’။

(မဟာဝဂ္ဂသံ. ပါ. ၂၈၃)

ချစ်သားရဟန်းတို့- သင်ချစ်သားတို့ကို သာသနာပြင်ပ အယူတပါးရှိသော ပရိဗိုဇ်တို့က–

‘ကတမေနာဝုသော ဝိဟာရေန သမဏော ဂေါတမော ဝဿာဝါသံ ဗဟုလံဝိဟာသိ’။



ငါ့ရှင်တို့-ငါ့ရှင်တို့၏ ဆရာဖြစ်သောရဟန်းကြီးဂေါတမသည် အဘယ်မည်သောနေခြင်းမျိုးဖြင့် ဝါတွင်းသုံးလပတ်လုံးနေခဲ့ပါသနည်းဟု မေးမြန်းခဲ့သည်ရှိသော် သင်ချစ်သားတို့သည်–

ငါ့ရှင်တို့-ငါတို့၏ဆရာဖြစ်တော်မူသော သဗ္ဗညုမြတ်စွာဘုရားသည် ကြိမ်ဖန်များစွာ အာနာပါနသတိသမာဓိဖြင့်ဝါတွင်းသုံးလပတ်လုံး နေတော်မူခဲ့ပါသည်ဟု ဖြေကြားရမည်။

ချစ်သားရဟန်းတို့- ငါဘုရားသည်ကား ဤဝါတွင်းသုံးလပတ်လုံး တဆယ့်ခြောက်ပါးသောအခြင်းအရာဖြင့် အာနာပါနသတိ ဘာဝနာကို ပွါးများ၍နေခဲ့ပေပြီ၊

ချစ်သားရဟန်းတို့–

(၁) အရိယဝိဟာရ–အရိယာတို့၏နေရာ (စံအိမ်) အရိယာတို့၏ နေခြင်းဟူ၍လည်းကောင်း၊

(၂) ဗြဟ္မဝိဟာရ–မြတ်သောနေရာ မြတ်သော နေခြင်းဟူ၍လည်းကောင်း၊

(၃) တထာဂတ ဝိဟာရ–ရှေးဘုရားတို့နှင့်အတူ လာခြင်းကောင်းတော်မူသော သဗ္ဗညုမြတ်စွာဘုရားတို့၏ နေရာ နေခြင်းဟူ၍လည်းကောင်း

http://www.dhammavideo.com/



ခေါ်ဆိုပညတ် ပြောဆိုအပ်ပါမူကား အာနာပါန သတိသမာဓိ ဘာဝနာကိုပင် ခေါ်ဆိုပညတ်ထိုက်ပါပေ သည်။

## ကျင့်ဆဲသေက္ခပုဂ္ဂိုလ်တို့လည်း ဤအာနာပါနသတိကို့ပွါး

ချစ်သားရဟန်းတို့ သိက္ခာသုံးရပ်ကို ဖြည့်ကျင့်ဆဲဖြစ်ကြ သော ပုဂ္ဂိုလ်တို့အားလည်း (အာနာပါနသတိဘာဝနာ) ကိုလေ့လာ ပွါးများအပ်သည်ရှိသော် (အာသဝက္ခယ) အမည်ရသော (အရဟတ္တဖိုလ်ကို) ရစေနိုင်ရောက်စေနိုင် ဖြစ်နိုင်ပေသည်။

အရဟတ္တဖိုလ် ပေါက်ရာက်တော်မူကြပြီးသော ရဟန္တာအရှင်မြတ်တို့အားလည်း (အာနာပါနသတိ သမာဓိဘာဝနာ) သည် ပွါးများအပ်၊ ကြိမ်ဖန်များစွာလေ့လာ အပ်သည်ရှိသော် ဒိဋ္ဌဓမ္မပစ္စက္ခဘာဝဌ်ပင် ဖလသမာပတ် သို့ရောက်၍ ချမ်းချမ်းသာသာနေရခြင်း၊ သတိသမ္ပဇဉ် တရားကို ရရှိခြင်းတည်းဟူသော အကျိုးငှါ ဖြစ်ပါပေ သည်ဟုဤကုဏ္ဍာနုဂ်လသုတ္တန်ဒေသနာတော်မြတ်ကို များ စွာသောရဟန်းတော်တို့ကို အကြောင်းပြု၍ မြတ်စွာဘုရား



ဟောကြားတော်မူအပ်ခဲ့ပေသည်။

(မဟာဝဂ္ဂသံယုတ်၊ကုဏ္ဍာနုဂ်လသုတ်။)

## အာနာပါန ဣဏ္ဍာသယ ကမ္မဋ္ဌာန်းကြီး

ဘဂဝတော ပနိဒံစတုတ္ထဈာနံ ဗောဓိရုက္ခမူလေ နိဗ္ဗတ္တိတံ တံ တဿ ဝိပဿနာပါဒကဈ္ဈေဝ ဟောတိ၊ အဘိညာပါဒကဥ္စ၊ သဗ္ဗကိစ္စသာဓ ကဥ္စ၊ သဗ္ဗလောကိယ လောကုတ္တရာ ဂုဏာဒါယကန္တိ ဝေဒိတဗ္ဗံ။ ( မူလပံ၊ ဘယဘေရဝသုတ် အဖွင့်၊ မ-ဋ္ဌ-၁၊ ၁၂၉ နှင့် ပါရာဇိကဏ် ဈာန်ခန်း။)

**မြန်မာပြန်။** မြတ်စွာဘုရားရှင်သည် ဤအာနာပါန စတုတ္ထဈာန်ကို ဗောဓိပင်ရင်း၌ ဖြစ်စေအပ်ပြီ။ ထိုဈာန် သည်ပင် ဘုရားရှင်အဖို့ ဝိပဿနာ အခြေခံလည်း ဟုတ်၏။ အရာခပ်သိမ်းကိုပြီးပြည့်စေ၏။ လောကီ လောကုတ္တရာ ဂုဏ်ကျေးဇူးမှန်သမျှပေးစွမ်းနိုင်သောတရားဟု မှတ်သား ရမည်။

http://www.dhammavideo.com/



ဤကားအာနာပါနကမ္မဋ္ဌာန်းကြီးနှင့်စပ်၍ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာတို့၌လာသော ကြည်ညို မှတ်သားအားကျဖွယ်ရာများဖြစ်၏။ ကြပ်ကြပ် သတိမူကြပါလေ သူတော်ကောင်းတွေတို့။

## (၄) ပဋိဘာဂ နိမိတ္တ ကထာ ဥပစာရသမာဓိရရုံ အပါယ်ဘေးလုံ

ရှေးရှေးသောဘဝက အလေ့အလာအားထုတ်မှုနည်းခဲ့သောကြောင့် ယခုဘဝမဂ်ဖိုလ်ကိုမရသေးသော်လည်း ဥပစာရသမာဓိမျှကိုပင် ရသဖြင့် အပါယ်လေးပါး ဘေးကြီးမှ လွတ်နိုင်ပေ၏။ထို့ကြောင့်–

'ဥပစာရသမာဓိဘာဝနာပိ ကာမသုဂတိဘဝ ဝိသေသံ အာဝဟတိယေဝ'

(ဝိသုဒ္ဓိမဂ်–ပ–နှာ–၃၆၉။)

ဟူသော ဝိသုဒ္ဓိမဂ် အဋ္ဌကထာပြဆိုသည်နှင့်အညီ–အပါယ်လေးပါးဘေးလွတ်လျှင်ပင် သာသနာတော်တွင်း၌ လူ၏အဖြစ်ကိုရကျိုးနပ်လှတော့သည်။ မြတ်စွာဘုရား သည်



ပါရမီတော်ကို လွန်ကဲစွာဖြည့်တော်မူရခြင်းသည်လည်း သတ္တဝါတို့ကို ရင်ဝယ်သားကဲ့သို့ သနားတော်မူလှ၍ ဖြည့်ကျင့်တော်မူပေသည်။

ငါတို့ယခုသုဂတိဘဝကိုရနေချေပြီ။ နောင်လည်း သုဂတိ ဘဝကိုရလေက၊ ထို့ထက်မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ကိုရလေက ဘုရားရှင်လည်း ပါရမီဖြည့်ရကျိုးနပ် ပေစွ။

ငါတို့လည်း ဘုရားရှင်အဆုံးအမတော်အတိုင်း လိုက်နာရကျိုး ခံစားရကျိုးရှိပေစွဟု နှလုံးပိုက်၍ ဘုရားရှင်၌ ရှိသေမြတ်နိုးခြင်းကိုပြု၍ 'အာနာပါနသမထသည် ဗြဟ္မာ့ပြည် ရောက်ရုံသာပို့နိုင်သည်။ သာသနာပသာ အားထုတ်အပ်သော ကမ္မဋ္ဌာန်း' ဟု ပြောမိ ဆိုမိ ထင်မိချေ သော် ဘုရားရှင်အပေါ်၌ မယုံကြည်ရာ ရောက်လိမ့်မည်။

ဘုရားရှင်သည် ခမည်းတော်လယ်ထွန်မင်္ဂလာ ပြုသည့်အချိန်မှစ၍အားထုတ်ပြီး မာရ်နတ်ရန်ကို ဤအာနာပါနကမ္မဋ္ဌာန်းကို အားထုတ်လျက် အောင်မြင်တော်မူပါတကား၊ ဘုရားအဆူဆူတို့ ဓမ္မတာလက်စွဲတရားတော်ကြီးပါတကားဟု ရိုသေလေးမြတ်ခြင်းကိုပြု၍ မပြော မဆိုမိစေဘဲ မိမိတို့နှစ်သက်အပ်သော ကမ္မဋ္ဌာန်း တခုခုကို အားထုတ်သင့်ပေ၏။ အချည်းနီးသက်သက် နေ့ ရက် လ

http://www.dhammavideo.com/



တွေကိုကုန်စေ၍ လူတို့ပြည်တွင် အသက်(၁၀၀)ရှည်ရပါသော်လည်း တနေ့ တရက်သာ အသက်ရှည်သော သူတော်ကောင်းတို့၏တနေ့တရက် ကိုမျှမမှီဘဲ မရှိစေအပ်၊ လုံ့ လပြုကာ စီးဖြန်းအားထုတ်အပ်၏။

## ပဋိဘာဂ နိမိတ်ကို မွေးမြူ အသုံးချနည်းအကျဉ်း

**(အမှာ)** ဤအာနာပါနကမ္မဋ္ဌာန်းကို ပွါးများအားထုတ်၍ ပါရမီအားလျော်စွာ ပရိကမ္မနိမိတ် ဥဂ္ဂဟနိမိတ် ပဋိဘာဂ နိမိတ်တို့ကို ရနိုင်၏။ ယင်းနိမိတ်သုံးမျိုးကိုရခဲ့သော် ဘုရားရှင်၏ဂုဏ်တော် ကျေးဇူးတော်များကို အလွန်ကြည်ညိုလေးစားကြ၏။ ယင်းဥဂ္ဂဟနိမိတ် ပဋိဘာဂ နိမိတ်တို့ဖြင့် ကေဂ္ဂတာကျကျ သမာဓိအရအားကောင်း လျှင် နိမိတ်ကို–

ကြီးစေဆို–––ကြီးထွား၏။

သေးစေဆို–––သေးသွား၏။

ကောက်စေဆို–––ကောက်သွား၏။



ဖြောင့်စေဆို–––ဖြောင့်သွား၏။

**အဝေးအနီး** လိုသလိုရ၏။ ထားလျှင် ထားရာ နေ၏။

ဥပမာ - မိမိက နိမိတ်(၃)မျိုး အပြည့်အစုံ ရထားပြီးသူ ဖြစ်လျှင် မိမိ၏မျက်နှာကို အရှေ့သို့မျက်နှာမူ၍ထိုင်၊ မိမိ ရထားသော ပဋိဘာဂနိမိတ်ကို 'ငါ၏အရှေ့(၁၂)တောင် လောက်ရောက်အောင်ပို့မည်'ဟု ရည်မှန်းချက်အတိုင်း ထွက်သက်လေတို့ဖြင့် (၁၂)တောင်လောက်ရောက်အောင် မှန်းချက်အတိုင်းပို့ပါ၊ ရောက်သွားပြီး ရောက်သောအခါ ၎င်းထားသည့်နေရာတွင် ပကတိမျက်စိဖြင့် မြင်ရသလို မိမိကိုယ်တိုင် အထင်အရှားမြင်ရ၏။ ('စက္ခုနာ ပဿန္တသေဝ'ကိုထောက်ထား၍သိရာ၏။)

## နိမိတ် ပို့နည်းပို့ပုံ(ရှေ့နောက်)

'ရှေ့(၁၂)တောင်အစ ရင်ဝအလယ်၊ နောက်(၁၂)တောင် အဆုံး'ဟု ထိုင်လျက် ၎င်းနိမိတ်ကို ထွက်သက်လေဖြင့်ပို့၊ သမာဓိအားကောင်းလျှင် ချက်ချင်းပင်ရောက်၏၊ မြင်ရ၏။

တဖန်၎င်းနိမိတ်ကို ဝင်သက်လေဖြင့် 'ရင်ဝအလယ်'ဟု အာရုံပြုပြီးပြန်ဆွဲယူလျှင် ချက်ချင်းရင်ဝ ပြန်ရောက်၏။ တဖန် မိမိ၏ရင်ဝသို့ရောက်နေသော နိမိတ်ကို 'နောက်(၁၂) တောင်အဆုံး'ဟု အာရုံပြုလျက် ထွက်သက် လေဖြင့်ပို့လိုက်လျှင်မှန်းချက်အတိုင်း(၁၂)တောင်လောက်ရောက်သွား၏။ မြင်ရ၏။ မတွေ့မကြုံဘူးလျှင် မိမိ၏ နောက်ကျောဘက်ကို ဘယ်နည်းနှင့်မှ မမြင်နိုင်ဟု ထင်မြင်ယူဆပေလိမ့်မည်။ ဘုရားရှင်၏တရားတော်သည်ကားမယုံကြည်နိုင် လောက်အောင် ဆန်းကြယ် နက်နဲလှပေ၏။ ဗုဒ္ဓဓမ္မော အစိန္တိယာ။

ယင်း ဥဂ္ဂဟနိမိတ် ပဋိဘာဂနိမိတ်ကို အပြည့်အစုံရပြီးသူ ဖြစ်ခဲ့သော်–

မိမိ၏'ဦးခေါင်းအထက် အပေါ်(၁၂)တောင်အစ ရင်ဝ အလယ် အောက်(၁၂)တောင်အဆုံး'ဟု ထွက်သက် လေဖြင့် အထက်ကိုအာရုံပြုလျက်လွှတ်၍ပို့လိုက်ပါ။ အထက် အရပ်(၁၂) တောင်လောက်မှာ ရောက်နေတော့၏။ မြင်နေရ၏။

တဖန် ဝင်သက်လေဖြင့်'ရင်ဝ အလယ်'ဟု အာရုံ ပြုလျက် ပြန်ယူလိုက်လျှင် ရင်ဝသို့ရောက်လာ၏။



တဖန် ထွက်သက်လေဖြင့် 'အောက်၁၂ တောင် အဆုံး'ဟု အာရုံပြုပြီး မြေအောက်၁၂တောင်လောက် ရောက် အောင်ပို့လျှင် ချက်ချင်းရောက်၏။မြင်ရ၏။

'ဓမ္မေ ကင်္ခတိ - တရားအပေါ် သံသယစိတ် မဖြစ်စေရန် အထူးသတိပြုစေလို၏။'

**(အမှာ)** ၁၃၄၃ ခုနှစ်က ခိုးချောင်းရွာမှ မိညို(ဦးထွန်းရွှေ၏ဇနီးဒေါ်ညို) အသက်(၄၀)အရွယ်လောက်မှာ လာပြီး အားထုတ်ရာတွင် အောက်၁၂တောင်ဟု မြေကြီးအောက် မှန်း၍ပို့လိုက်ရာ၊ ရောက်သွားသောအခါ မိမိထိုင်နေသော ကမ္မဋ္ဌာန်းကျောင်းပါ အောက်သို့ကျွံနစ်ပြီး ကျသွားပြီ လားဟုထင်ကာ ကျောင်းပေါ်မှ ဆင်းပြေးလာ၏။

နိမိတ်ကို အပြည့်အစုံရသောသူမှာ–

| | |
|---|---|
| အထက်မှ | အောက် |
| အောက်မှ | အထက် |
| အရှေ့မှ | အနောက် |
| အနောက်မှ | အရှေ့ |
| တောင် | မြောက်လေးပါးအကုန်ပို့နိုင်၏။ |

ဤကဲ့သို့ နိမိတ်ကို အမျိုးမျိုးကြည်ညိုရန် အဝေး အနီးများကို ပို့လွှတ်သောအခါ၌ သစ်ပင် တော တောင် မြေ

http://www.dhammavideo.com/



ရေ တိုက်တာ အဆောက်အဦး ကျောက်ဖျာ ကျောက်တုံး ကျောက်လုံးတို့ ဖုံးကွယ်နေလိမ့်မည်၊ ပိတ် နေလိမ့်မည်ဟု မယူဆသင့်။

အခုအခံ အကာအကွယ် အပိတ်အပင် အဆီးအတား ဘာမှမရှိချေ။

မဟာပထဝီ မြေကြီးအောက်ပို့ရာအခါ၌လည်းကောင်း၊ အထက်အရပ်ပို့ရာအခါ၌လည်းကောင်း၊ တောင် မြောက်စသည်ပို့ လွှတ်၍ ကြည်ညိုရာအခါ၌လည်းကောင်း ဘုရားရှင်၏ ရောင်ခြည် တော်များ ထက်အောက်ဖီလာ စကြဝဠာကုဋေတသိန်း အဆီးအတားမရှိ ပျံ့နှံ့ကွန့်မြူးကြသည် ဆိုသည်ကို မှန်းဆ၍ အလွန့်အလွန် ကြည်ညိုလေးစားကြရလေတော့ သည်။ ထို့ကြောင့် ရှေးပညာရှိကြီးများက 'စာနည်း ပေနည်း၊ ကျမ်းဂန်နည်းမှာ၊ များလှပါ၍၊ လိုရာဆုံးတိုင်၊ မရောက်နိုင်ကြ၊ အာစရိယနည်းနယကို ဟတ္ထမုဋ္ဌိရသည် ရှိက၊ သမထလမ်း၊ နိဗ္ဗာန်ကမ်းကို၊ ဖြောင့်တန်းစွာဘိ သမာဓိ၊ သိမည်ဧကန်မှတ်ရမည်'ဟု ရေးသားထားတော်မူ ခဲ့ကြပေသည်။



သဗ္ဗညု ဘုရားရှင်၏ သုတ္တန် ဝိနည်း အဘိဓမ္မာ ဒေသနာတော်ကြီးဟူသမျှသည် အနန္တလောကဓါတ်၌ ရှိရှိသမျှသော သက်ရှိ သက်မဲ့ ဝတ္ထုတွေကို အမှန်အတိုင်းသိအောင် မဂ် ဖိုလ် နိဗ္ဗာန်အထိ ရောက်အောင် ဖေါ်ညွှန်းပြသော(ဓမ္မ မှန်ပြောင်းတော်ကြီးတွေဖြစ်ပေသည်။)

## အာနာပါန မှန်ပြောင်းတော်ကြီး

၎င်းအာနာပါန ဓမ္မမှန်ပြောင်းတော်ကြီးအကြောင်း သာဓကတစ်ရပ် ဖော် ပြဦးအံ့။ ။

၁၃၄၃ ခုနှစ်မှာ ဘုတလင်မြို့နယ် ချောင်းမြီးတို ရွာမှ ဒေါ်မယ်ပွေ့နှင့် တကွ ယောဂီလေးငါးယောက်လာ အားထုတ်ကြရာတွင် ပရိကမ္မနိမိတ် ဥဂ္ဂဟနိမိတ် သုံးမျိုး အားလုံးပင်ရအောင် ပြော ဟော ပြသထား၏။ တနေ့သောအခါ–

ဘုန်းကြီးက --- ယနေ့ဘုရားဖူးကြရအောင် ဒေါ်မယ်ပွေ့။
ဒေါ်မယ်ပွေ့ --- မှန်ပါအရှင်ဘုရား။
ကြီး --- ရန်ကုန်ရောက်ဘူးသလား။

http://www.dhammavideo.com/



ပွေ့ --- မရောက်ဘူးပါအရှင်ဘုရား။

ကြီး --- မန္တလေးကော ရောက်ဘူးသလား။

ပွေ့ --- မရောက်ဘူးပါအရှင်ဘုရား။

ကြီး --- သည်လိုဆိုလျှင်ရပ်ရွာကျောင်းမှာ ဘုရားတို့ အာရုံခံတို့ရှိသလား။

ပွေ့ --- ရှိပါဘုရား။

ကြီး --- 'ရပ်ရွာကျောင်းမှာရှိတဲ့ဘုရားကို ကြည်ညို ကြရအောင်၊ မိမိ၏ကမ္မဋ္ဌာန်းကျောင်းရောက်လျှင် နိမိတ် ကိုရအောင် ပွားပြီးလျှင် ပို့လွှတ်နေကျအတိုင်း မိမိ၏ ရွာကကျောင်းဆီ မှန်းပြီး ၎င်းနိမိတ်ကိုအကြည့်ခိုင်းပြီးလျှင် ကျောင်းရှိ ဘုရားတန်ဆောင်းနှင့်တကွ အကုန်ကြည်ညို ပေတော့'ဟု

ဟောပြောလိုက်၏။

နောက်တနေ့-

ကြီး --- ဒေါ်မယ်ပွေ့၊ ဘယ့်နှယ်လဲ၊ ဘုရားကြည်ညို ရရဲ့လား။

ပွေ့ --- အမယ်လေး မပြောစမ်းပါနဲ့ ဘုရားတပည့် တော်မဖြင့် ကြည်ညိုလွန်းလို့ ကြည်ညိုလွန်းလို့ အံ့သြလို့ လဲမဆုံးဘူးဘုရား။



(အဖေါ်ယောဂီများဘက်မျက်နှာလှည့်ပြီး လက်နှစ်ဖက်ခါ လျက်) 'တကတဲ အံ့သြလို့မဆုံး ကြည်ညိုလို့မဆုံးဘူး အတိုင်းတိုင်း မြင်ရတာ အတိုင်းတိုင်း [illegible]'ဟု ဝမ်းပန်းတသာဖြစ်နေရှာတော့သည်။

## နိမိတ်ပေါ်သူ အကျိုးရပုံဥပမာ

သမထဝိပဿနာတရားများကို အားထုတ်သော ယောဂီပုဂ္ဂိုလ်များသည်အားထုတ်ဆဲအခါမှာ ကြယ်ရောင် လရောင် နေရောင် ခရုသင်းအရောင် ပတ္တမြားအရောင် စသောပညတ် ဥဂ္ဂဟနိမိတ် ပဋိဘာဂနိမိတ်များကို တွေ့တတ် ကြ၏။

ထိုနိမိတ်များသည် ယောဂီတို့အဖို့ရေနစ်သူသည် အသက်ဘေးမှချမ်းသာကြောင်း ရရှိထားသော ဝါးလုံး ကလေးများ တုံးတိုကလေးများ စသည့်ဝတ္ထုများနှင့် တူကြ၏။ထိုမှတပါး လမ်းမှားသောသူအဖို့ ဘွားကနဲ တွေ့ရှိရသောလမ်းမ တော်ကြီးများနှင့်လည်းတူကြ၏။

(ကျေးဇူးတော်ရှင်ကန္နီဆရာတော်ကြီး အမိန့်ရှိပုံ။)

http://www.dhammavideo.com/



မှတ်ချက်။ (ပဓါနပါရဂူခေါ်ကန္နီဆရာတော်၏ ဥပနိသျ လက်တွေ့အလုပ်ပေးတရားတော် ကျမ်းစာအုပ်) မကြာမီ ထွက်ရှိလာပါမည်။ အကျယ်ကို ၎င်းကျမ်းစာအုပ်တွင်ကြည့်ရှုနိုင်ကြပါသည်။ဤကျမ်းစာအုပ်၌ ဖေါ်ပြထားသည့် ယောဂီအမျိုးသမီးနှစ်ဦး၏ ကိုယ်တွေ့မှာ အကျဉ်းမျှ ဖေါ်ပြခြင်းဖြစ်ပေသည်။

(နောက်ဆက်တွဲ)

**မောင်းထောင် မြေဇင်းတောရ**

**အာနာပါနအလုပ်ပေးတရား**

**(ကိုယ်တွေ့မှတ်တမ်း)**

မြေဇင်းတောရဆရာတော်ဘုရားကြီး ကိုယ်တိုင် 'ပဓါနပါရဂူ' အလုပ်ပေးတရား ရေးဖို့စီစဉ်ထားပြီး ဖြစ်၏။ သို့သော် 'လက်တွေ့ကျ ရေးလို့မရချင်ဘူး' ဟု လည်း အမိန့်ရှိပါ သည်။

ထိုစာအုပ်မထွက်မီ၊ ဆရာတော်ဘုရားကြီးထံ အားမထုတ်ဖြစ်မီ ရပ်ဝေးမှယောဂီများနှင့် တရားအား



မထုတ်ဖူးသေးသူများ အနည်းဆုံး သမာဓိအခြေပျိုး ဝါရေဝါ မှတ်လောက် ရှုမှတ်တတ်ကြစေရန် ရည်ရွယ်၍ ဤနောက် ဆက်တွဲကို ထည့်ပေးလိုက်ပါသည်။

ဆရာတော်ဘုရားကြီး၏ ခြေရင်း၌ စနစ်တကျ အားထုတ်ခဲ့သူ ကန္နီဦးပဋ္ဌင်း ဦးမဏ္ဍလ (ဓမ္မာစရိယတန်း) က ရေးသားချီးမြှင့်၍ ဆရာတော်အား ဖတ်ပြပြီး အတည် ပြုချက်ရယူပြီး ဖြစ်ပါသည်။ ဤစာမူ၌လည်း တစုံတရာ ဖြည့်စွက်ပယ်နုတ်ခြင်းမပြုပဲ ကာယကံရှင်သဘောပေါက် သလိုရေးထားသည့် မူအတိုင်းပင် ထည့်လိုက်ပါသည်။ ကိုယ်တွေ့ခံစားချက်ဖြင့် ရေးထား၍ ပိုပြီးနားလည် လွယ်မည် ယူဆ၍ဖြစ်ပါသည်။

မည်သို့ဖြစ်စေ သိမ်မွေ့လာသော အပိုင်းရောက်လျှင် ဆရာမပါဘဲ မလုပ်သင့်ပါ။

ချမ်းသာကြပါစေ။

**ဓမ္မာစရိယဦးဌေးလှိုင်**

http://www.dhammavideo.com/

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ**

မောင်းထောင် မြေဇင်းတောရကျောင်းသို့ တရားထိုင်ရန် ရောက်လာသော ယောဂီဒါယကာ ဒါယိကာမတို့သည် နေ့စဉ် ဘောဇဉ်သုံးဆောင်ပြီးလျှင် ဖူးပါးသော ဥပုသ်သီလကို နေ့တိုင်းဆောက်တည်ရပါသည်။



**ပရိကမ် ပုဗ္ဗကိစ္စ**
**(ရှေးဦးပြုဖွယ်)**

ပန်း ဆီမီး ရေချမ်းတို့ကိုကပ်၍ ဗုဒ္ဓမြတ်စွာ ရှေ့တော်မှောက်၌ ဘုရားအစရှိသော သူတော်ကောင်းတို့ အပေါ်၌ ကန်တော့တောင်းပန်ရသည်။

**တောင်းပန်ပုံ**

အရှင်ဘုရား၊တပည့်တော်တို့သည် ဘုရားပစ္စေကဗုဒ္ဓါရဟန္တာ အရိယာ သာဝကအပေါင်း သူတော်ကောင်းတို့၏အပေါ်၌ တပည့်တော်တို့သည် အစမထင် သံသရာ ခွင်မှစ၍ ယနေ့အချိန်အခါကျအောင် ကာယကံ ဝစီကံ မနောကံတို့ဖြင့် ပြစ်မှားမိသောအပြစ်များရှိပါက သည်းခံတော်မူကြပါ၊ ခွင့်လွှတ်တော်မူကြပါ၊ ကျေအေးတော်မူ ကြပါ အရှင်ဘုရား။ (သုံးကြိမ်)

http://www.dhammavideo.com/



## ဆရာသမားများအား တောင်းပန်ပုံ

အရှင်ဘုရား၊ တပည့်တော်တို့သည် နိဗ္ဗာန်ရောက်ကြောင်းတရားကောင်းကို သွန်သင်ပြသ ဆုံးမပေးတော်မူသော ဆရာသမားတို့၏အပေါ်၌ တပည့်တော်တို့သည် အစမထင် သံသရာခွင်မှစ၍ ယနေ့အချိန်အခါကျအောင် ကာယကံ ဝစီကံ မနောကံတို့ဖြင့် ပြစ်မှားမိသောအပြစ်များရှိပါက သည်းခံတော်မူကြပါ၊ ခွင့်လွှတ်တော်မူကြပါ၊ ကျေအေးတော်မူကြပါအရှင်ဘုရား။ (သုံးကြိမ်)

## ဘုရားရှင်အား ခန္ဓာကိုယ် အပ်နှင်းလှူဒါန်းပုံ

မြတ်စွာဘုရား၊ တပည့်တော်တို့သည် ဂင်္ဂါဝါဠု သဲစုမက ပွင့်တော်မူကြကုန်သော ဘုရားရှင်များ၊ သမုဒ္ဒရာဝါဠု သဲစုမက ပွင့်တော်မူကြကုန်သော ဘုရားရှင်များ၊ နောင်ပွင့်တော်မူလတ္တံ့သော အရိမေတ္တေယျ ဘုရားရှင်၊ အဆူဆူကုန်သောဘုရားရှင်အပေါင်းတို့အား တပည့်တော်တို့၏ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကို တရားအားထုတ်နေစဉ် ရက်လအတွင်း၌ လှူဒါန်းပါ၏၊ အပ်နှင်းပါ၏၊ အရှင်ဘုရား။ (သုံးကြိမ်)



## ဆရာသမားအား ခန္ဓာကိုယ်အပ်နှင်းလှူဒါန်းပုံ

အရှင်ဘုရား၊ တပည့်တော်တို့သည် နိဗ္ဗာန်ရောက်ကြောင်းတရားကောင်းကို သွန်သင်ပြသ ဆုံးမပေးတော်မူသော ဆရာသမားအား တပည့်တော်တို့၏ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကို တရားအားထုတ်နေစဉ် ရက်လအတွင်း၌ လှူဒါန်းပါ၏၊ အပ်နှင်းပါ၏၊ အရှင်ဘုရား။
(သုံးကြိမ်)

**ဣဒံ မေ ပုညံ အာသဝက္ခယာဝဟံ ဟောတု။**
**ဣဒံ မေ ပုညံ နိဗ္ဗာနဿ ပစ္စယော ဟောတု။**
**ဣမံ ပုညဘာဂံ သဗ္ဗသတ္တာနံ ဒေမ။**

## ရှေးဦးစွာ ဗုဒ္ဓါနုဿတိစသည် ပွားရပုံ

- အရဟံ အရဟံ ဟုပွား။ (၅ရက်)
- မေတ္တာ ကမ္မဋ္ဌာန်း (မေတ္တာပို့) (၃ရက်)
- မရဏာနုဿတိ (သေခြင်းတရား) ပွား၊
ငါတစ်နေ့သေရဦးမယ်၊

http://www.dhammavideo.com/



ငါတစ်နေ့သေရလတ္တံ့၊

ငါတစ်နေ့သေရချည်သေး၊ (၃ရက်)

(ဤ၌ အသိများ၍ အမြွက်မျှရေးလိုက်သည်။ တရား ထိုင် မည့်ယောဂီပုဂ္ဂိုလ်သည် မိမိ၏ မျက်နှာကို ပဝါဖြင့်ဖြစ်စေ တဘက်ဖြင့်ဖြစ်စေ တခုခုဖြင့် စည်းထားရသည်။)

## ဝါရ မှတ်နည်း (ဂဏနာနည်း)

အာနာပါန (ဝင်လေထွက်လေ) မှတ်တဲ့နေရာမှာ ဝင်တဲ့လေကိုသာ ရေတွက်မှတ်ပြီး ထွက်လေကို ရေတွက် မမှတ်ရ၊ ထွက်သည်ဟုသိရုံသာမှတ်၊ (ဝါရ-ပါဠိစကား၊ အရေအတွက်၊ အကြိမ်ဟု အဓိပ္ပါယ်ရ၏)။ ဥပမာ –

ဝင်လေ ... တစ်၊

ဝင်လေ ... နှစ်၊

ဝင်လေ ... သုံး၊

ဝင်လေ ... လေး၊

ဝင်လေ ... ငါး၊

ဝင်လေ ... ခြောက်၊



ဝင်လေ ... ခုနစ်၊

ဝင်လေ ... ရှစ်–ဆိုလျှင် တစ်ဝါရမှတ်ရ၏။

ဆယ်ဝါရရလျှင် အချို့ယောဂီများ ကျောက်ခဲဖြင့် မှတ်ကြ၏။

အချို့ယောဂီများ ဆရာတော်ခိုင်းသည့်အတိုင်း စိတ်ကမှန်းပြီး လက်ကောက်ဝတ် တတောင်ဆစ် ပခုံး နားရွက် ချိုစောင်း၌ တင်ရ၏။ ဥပမာ –

ဆယ်ဝါရ ရလျှင် ၁။ လက်ကောက်ဝတ်၌ တင်၍မှတ်။

၂။ တတောင်ဆစ်၌ တင်၍မှတ် ။

၃။ ပခုံး၌ တင်၍မှတ် ။

၄။ နားရွက်၌ တင်၍မှတ်။

၅။ ချိုစောင်း၌ တင်၍မှတ်။

ပေါင်း ဝါရေဝါမှတ် ၅၀။

ဘယ်ဘက်၅၀ ညာဘက်၅၀ ဆိုလျှင် ၁၀၀ရ၏။ မိမိစိတ်၌ မှတ်ထားရ၏။

ဝါရမှတ်နေတဲ့အချိန် မိမိစိတ်က နှာသီးဖျား၌ မရှိဘဲ ဟိုရောက်သည်ရောက် ရောက်နေလျှင်သော်လည်းကောင်း မထင်မရှား သံသယ ရှိနေလျှင်သော်လည်းကောင်း ဝါရအမှတ်ထဲ မထည့်ရ၊ အဲဒီဝါရ အမှတ် ဖျက်လိုက်ရ၏။

http://www.dhammavideo.com/



ဝါရအမှတ် တစ်နေ့၄၀၀ ရသည်ဆိုလျှင် နောက်နေ့တွေ နောက်နေ့တွေမှာ ၄၀၀အောက်မနည်းရ၊ ၅၀၀၊ ၆၀၀ စသည် တိုး၍သာ လျှောက်ရသည်။ (တစ်နေ့ထက်တစ်နေ့ မနည်းစေရ။)

### တရားစ၊ တရားဖြုတ်

တရားအလုပ် စတော့မည်ဆိုလျှင် မိမိထိုင်မည့် ကျောင်းတွင်းကနေ၍ ဘုရားအာရုံပြု၊ ရှိခိုး၊ သတ္တဝါတွေ မေတ္တာပို့၊ တရားအလုပ် တစ်ကြိမ်တစ်ခါ ထိုင်ပြီး နားတော့မည်ဆိုလျှင် ဘုရားဦးချ၊ သတ္တဝါအားလုံး အမျှဝေ။

ဝါရဧဝါမှတ် ၁၄ ရက်၊ တစ်ချို့လည်း ၁၅ရက် ၁၆ရက် မှတ်ရ ပွားရ၏။ ပါရမီအလိုက် ဆရာတော်ကြီးက ပွားခိုင်းသည်။

### သမာဓိနိမိတ် မွေးမြူစုဆောင်းပုံ

၁၄ရက် ၁၅ရက်ပွားပြီး သမာဓိအားကောင်းလျှင် အလင်းရောင်နိမိတ်များ (မျက်စိနားတဝိုက်မှာ) ပြိုးပြိုး



ပြက်ပြက်နှင့် မြင်ရ၏။

မိမိကိုယ်ကို နိမိတ်အလင်းရောင်ရတာ အားကိုးလောက်ပြီ၊ ယုံကြည်လောက်ပြီဟုသိလျှင် ဆရာတော် ကြီးကို လျှောက်ရ၏။ ထိုအခါ ဆရာတော်ကြီးက စ၍အလွှတ်ခိုင်း၏။

မလွှတ်ခင် အစ သမာဓိတည်အောင် ဝင်လေ ထွက်လေ မှတ်ရ၏။ (ရေတွက်စရာမလိုတော့၊ ရေတွက် လျှင်လည်းရ၏။) ဦးစွာ နိမိတ်အလင်းရောင်ရအောင်ပွားရ၏၊ နိမိတ်အလင်းရောင်ကို မမျှော်လင့်ရ၊ မိမိစိတ်သမာဓိ တည်လျှင် အလင်းရောင်နိမိတ် သူ့ဘာသာရောက်လာ၏။

မိမိစိတ်ကလည်း 'ငါဟာ ဘုရားသာသနာနှင့် တွေ့ရလို့သာ ဒီတရားအားထုတ်ရတယ်' လို့ဝမ်းမြောက် ဝမ်းသာ ဖြစ်ရမည်၊ စိတ်ကိုတည်ငြိမ်စွာထားပါ။

သမာဓိတည်၍ နိမိတ်အလင်းရောင်ရပြီဆိုလျှင် မိမိ၏စိတ်ထဲကနေ 'စုစေ စုစေ' လို့ ဝမ်းမြောက်ဝမ်းသာ ဖြင့် ခိုင်းပေးရ၏။ (ပါးစပ်က မရွတ်ရ။)

### မိမိကမ္မဋ္ဌာန်းကျောင်းတွင်း ပို့လွှတ်ပုံ

ဆရာတော်ကြီးက နိမိတ်လွှတ်မည့် ယောဂီအား

http://www.dhammavideo.com/



မိမိကမ္မဋ္ဌာန်းကျောင်း၏ အရှေ့ဘက်လှည့်ထိုင်လျှင် အရှေ့ကျောင်းနံရံ၊ တောင်ဘက်လှည့်ထိုင်လျှင် တောင်ဘက်ကျောင်းနံရံကို တတောင့်ထွာလောက် မှန်း၍ထိုင်ပြီး နံရံကို မျက်နှာမူလျက် စလွှတ်ခိုင်းတော်မူ၏။ (ကမ္မဋ္ဌာန်းကျောင်း အတွင်း၌သာလုပ်။)

မိမိရဲ့ နိမိတ်အလင်းရောင် စမှသာလျှင် နံရံကို လွှတ်ရပို့ရသည်။ (နိမိတ်ကို နှာသီးဖျားမှာထားပါ။) ပို့တဲ့အခါ လွှတ်တဲ့အခါမှာ မိမိစိတ်ကို ငြိမ်ငြိမ်ထားပြီး 'ရှည်ရှည်ရှူမည်'ဟု မိမိစိတ်ထဲက ရွတ်ပြီးပို့ရမည်။ ပို့တဲ့ အချိန်မှာ 'ဖြောင့်စေ ဖြောင့်စေ တန်းစေ တန်းစေ'ဟု မိမိစိတ်က ရွတ်ရမည်။ (မိမိစိတ်က ကောက်သည်ဟု ထင်လျှင် နိမိတ်က ကောက်တတ်၏၊) နိမိတ် နံရံ ရောက်ပြီဟုသိလျှင် နိမိတ်ကို 'ရှည်ရှည်ရှိုက်မည်'ဟု ဆိုပြီး နှာသီးဖျားသို့ ပြန်ယူရမည်။

ဝမ်းမြောက်ဝမ်းသာဖြင့် အပို့အယူလုပ်ပါ။ မိမိ စိတ်နှင့် နိမိတ် ထပ်တူဖြစ်ပါစေ။

မိမိစိတ်က နိမိတ်မည်းနေသည်ဟုထင်လျှင် မည်းနေတတ်သည်။ စိတ်က အဓိကဘဲ။ နိမိတ်အလင်းရောင်ကား အဖြူရောင် စိမ်းပြာရောင် အဝါရောင် အဝင်းရောင် စသည် အမျိုးမျိုးရှိ၏။



နိမိတ်အလင်းရောင်ဆိုတာ သမာဓိအားကောင်းမှသာလျှင် အလင်းရောင်အားကောင်း၏၊ ပို၍လင်း၏။ နိမိတ်အရောင်က နေ့တိုင်း ကောင်းချင်မှကောင်းသည်၊ မိမိစိတ်ကြည်တဲ့အခါ သမာဓိအားကောင်းတဲ့အခါမှသာ နိမိတ်ကောင်း၏။

မိမိစိတ်က ဟိုရောက်သည်ရောက် ရောက်နေလျှင်၎င်း၊ ဘေးအသံတွေ ကြားနေလျှင်၎င်း စိတ်ပျံ့ပြီး နိမိတ်အလင်း မရောက်လာနိုင်။

မိမိထိုင်တဲ့ ကမ္မဋ္ဌာန်းကျောင်းနံရံကို တတောင့်ထွာလောက်ကထိုင်ပြီး အပို့အယူအကြိမ်ကြိမ် စ၍လုပ်ပေးပါ။ မိမိ တစ်နာရီထိုင်တယ်ဆိုလျှင် အပို့အယူ ကို ၁၅မိနစ် မိနစ်၂၀လောက်လုပ်ပြီး ကျန်တဲ့အချိန်ကို ဝင်လေ ထွက်လေ ပြန်၍မှတ်ရသည်။

နိမိတ်အရောင် အပို့အယူလုပ်ရာမှာ တရားစထိုင် ထိုင်ခြင်း မလုပ်ပါနှင့်၊ ပထမဆုံး ဝင်လေထွက်လေမှတ်။ သမာဓိတည်မှ နိမိတ်ရမှ၊ မိမိနိမိတ်ကို ဦးစွာ အစုခိုင်းရမည်၊ 'စုစေ စုစေ'လို့ခိုင်း၊ စုပြီဆိုလျှင် 'ရှည်ရှည်ရှူမည်'ဆိုပြီး နံရံကိုပို့။ 'ဖြောင့်စေ ဖြောင့်စေ'ဟု လည်း စိတ်ထဲကရွတ်။

http://www.dhammavideo.com/



နံရံနိမိတ်ရောက်ပြီဆိုလျှင် 'ရှည်ရှည်ရှိက်မည်'ဟု ဆို၍ နှာသီးဖျားကိုပြန်ယူ၊အကြိမ်ကြိမ် အပို့အယူလုပ်ပါ။ ဖြည်းဖြည်းခိုင်းရမည်။ ဖြည်းဖြည်းရှူရှိုက်ရမည်။

၁။ မိမိ တရားထိုင်သောကျောင်းထဲ၌ အစ တစ် တောင့်ထွာကို (သုံးရက်ပွား။)

၂။ သုံးရက်ပြီးလျှင် နံရံနှင့် နှစ်တောင့်ထွာမှန်းပြီး ထိုင်၍ အပို့အယူလုပ်ရမည်။(မိမိက နောက်ဆုတ်ထိုင်နှစ်ရက်ပွား။)

၃။ နှစ်ရက်ပွားပြီးလျှင် နံရံနှင့်လေးတောင်လောက် နောက်ဆုတ်ထိုင်ပြီး နိမိတ်ကိုအပို့အယူ ရှေးနည်းအတိုင်း ဖြည်းဖြည်းခိုင်းရမည်။

## ကျောင်းဝင်းနှင့် ကျောင်းအပြင်ဘက်

အပို့အယူလုပ်တိုင်း ဦးစွာ ဝင်လေထွက်လေ မှတ်ပြီး–

- သမာဓိ တည်ပါစေ၊
- နိမိတ် ရပါစေ၊

ဒါမှသာ လွယ်လွယ်ကူကူ ရနိုင်၏၊ မိမိကမ္မဋ္ဌာန်းကျောင်းထဲ ပို့လွှတ် ပြီးသွားပါက အရှေ့ဘက်



တောင်ဘက် ကျောင်းရှိလျှင် အဲဒီကျောင်းတွေ အပို့အယူ လုပ်ရမည်။ (ဆရာတော်ကြီး အပို့ခိုင်းမှသာ အပို့အယူ လုပ်ရသည်။ မိမိဘာသာ 'အစမ်း လုပ်ကြည့်ဦးမှ' ဆိုပြီး အစမ်းမလုပ်ရ၊ ခိုင်းမှ ပို့ရ၏။)

တောရကျောင်းအတွင်းထဲ အပို့အယူပြီးလျှင် အရှေ့စည်း အပို့အယူခိုင်း၏ (တစ်ရက်)၊ တချို့ယောဂီများ နိမိတ်ကောင်း လျှင် အပို့အယူ လွယ်လွယ်ကူကူရ၏။

တချို့ယောဂီများ ကျောင်းဝင်းအတွင်းသာရပြီး ကျောင်းအပြင်နိမိတ်များ ထုတ်၍မရကြ။ ဒီလိုယောဂီများ လည်းတွေ့ရ၏။

တချို့ယောဂီများ နိမိတ်အားကောင်းလျှင် မိမိ ကျောင်းရဲ့အရှေ့ဘက်ကကျောင်းမှာ ကြမ်းဘယ်နှစ်ချောင်း ရှိသလဲဆိုတာအထိ ရေတွက်နိုင်၏။ (တွေ့ရ၏။)

နိမိတ် လုံးဝ မရတဲ့ယောဂီများလည်း တွေ့ရ၏။ နိမိတ်ရသော်လည်း အပို့အယူမလုပ်တတ်၍ မမြင်ရသူ များလည်းရှိ၏။ အရှေ့ထန်းပင်အုပ်စု အပို့အယူခိုင်း၏။ တချို့ယောဂီများ နိမိတ်ကိုမထိန်းနိုင်တာလား၊ မောဟ အားကြီးတာလားမသိ၊ နိမိတ်အရောင်တန်းကြီး ထန်းပင် လုံးလောက် အရှည်ကြီးထွက်သွားတာဘဲ မြင်လိုက်၏၊ နိမိတ်ကောင်းကောင်းမမြင်ရတော့။

http://www.dhammavideo.com/



## တမိုင်မှ ခုနစ်မိုင်အတွင်း

အဲဒီနောက် တစ်ရက်စီ နှစ်ရက်စီ အောက်ပါ နေရာများသို့ အပို့အယူခိုင်းတော်မူ၏။

အရှေ့တမာပင်များ ထန်းပင်တန်း သပွတ်ကြီး ပင်မယ်ခြံစုရွာ မန်းကျည်းပင်စု (တမိုင်ခန့်ဝေးသော) ယွန်းဆက်ကျောင်း ရွာကျောင်းဘုရား ယွန်းဆက်ကျောင်း ပေါ်က ဘုရားခန်းရှိရုပ်ပွားကလေးများ အပို့အယူ ခိုင်း၏၊ ယွန်းဆက်ကျောင်း အပို့အယူခိုင်းတော်မူပြီး နောက်ရက်များကို မိမိရသော နိမိတ်အလင်းရောင်ကို အကြီးအသေး ခိုင်းတော်မူ၏။

အကြီးအသေးပြုလုပ်တဲ့အခါ မိမိရဲ့ရှေ့မှာနိမိတ်ကိုချပြီး 'ကြီးစေ ကြီးစေ'လို့ မိမိရဲ့စိတ်က နိမိတ်ကို ခိုင်းရ၏။ ဖြည်းဖြည်းရှုတ်ဆို၍ လေရှည်ရှည်ဆွဲ၍ စိတ်နှင့်ခိုင်းရ၏။ နိမိတ်ကို အကြီးဆိုလျှင် ပန်းကန်ပြားလောက် မှန်း၍ ကြီးခိုင်းရ၏။

အသေးဆိုလျှင် လက်ဖက်ရည်ပန်းကန်လောက် 'သေးစေ သေးစေ'လို့ စိတ်ထဲကရှုတ်၍ ခိုင်းရ၏။ အကြီး အသေးရမှ အဝေးသို့ ဘုရားဖူးလွှတ်ခိုင်းတော်မူ၏။



မောင်းထောင်ရွာထဲမှ ရွှေသိမ်တော်ဘုရား၊ ဘုရားငါးဆူ၊ မြကွမ်းတောင်ဘုရား၊ ဝက်ရဲရွာဘုရား၊ နတ်ရဲတောင်ဘုရားများကို အပို့အယူခိုင်းတော်မူ၏။ (ဝက်ရဲရွာ မှ, မောင်းထောင်မြောက် ၇-မိုင်ခန့်၊ နတ်ရဲတောင်မှ, ၆-မိုင် ခန့် ဝေးသည်။)

## မြန်မာနိုင်ငံတွင်းရှိဘုရားများဖူး

တချို့ယောဂီများလည်း ထန်းပင်တွေအလွှတ်ခိုင်း တဲ့အခါ ထန်းရွက်မည်းမည်းပုံသာမြင်ရ၏။ သဲသဲကွဲကွဲ မမြင်ရ။

နိမိတ်အားကောင်းသောယောဂီများ သဲသဲကွဲကွဲ မြင်ရ၏။ တချို့ယောဂီများ နိမိတ်ကို မီးခိုးလို အခိုးတန်း မြင်၍ မိမိက ကောက်တယ်ထင်နေလျှင် မီးခိုးလုံး ကောက် ကွေ့နေတတ်၏။

တချို့ယောဂီများ ပယောဂအညှီအဟောက်ကပ် နေလျှင်လည်း နိမိတ်လွှတ်လို့မရတတ်၊ ကိုယ်စောင့်နတ် အစရှိသော သတ္တဝါတွေ မိဆိုင်ဖဆိုင်နတ်တွေ မေတ္တာပို့

http://www.dhammavideo.com/



အမျှဝေမှသာ နိမိတ်ရတာ တွေ့ရ၏။ (အနှောင့်အယှက်ရှိမှသာ။)

- အလုပ် မကြိုးစားတဲ့ယောဂီ ၊
- ပါရမီဓာတ်ခံ အားနည်းတဲ့ယောဂီ ၊
- စိတ် ပျံ့လွင့်ကြီးတဲ့ယောဂီ ၊
- သမာဓိ မတည်တဲ့ယောဂီ ၊
- စကားများတဲ့ယောဂီများ နိမိတ် မရနိုင်။

ညောင်ကန်ရွာ (တောကျောင်းမှ ၂မိုင်ခန့်) ရှိ ဘုရားစေတီများ၊

မုံရွာ (၂၇မိုင်) ဘုရားစုံ၊ သမ္ဗုဒ္ဓေ၊ ဗောဓိ တစ်ထောင်ဘုရားများ၊ စစ်ကိုင်းစေတီတော်များ၊ မန္တလေး ဘုရားအစုံ၊ ရန်ကုန်ဘုရားအစုံ အပို့အယူခိုင်းတော်မူ၏။

အပို့အယူပြုလုပ်တဲ့အခါ အစ သမာဓိတည်နိမိတ်ရမှသာအပို့အယူလုပ်ရ၏။ အပို့အယူ အားရလောက်ပြီဆိုလျှင် ဝါရေဝါမှတ် ဝင်လေထွက်လေဘဲ ထပ်၍ပွားနေရသည်။

၁။ **ပရိကမ္မနိမိတ်**ဆိုသည်ကား အားထုတ်ခါစ၌ တွေ့ရသောနိမိတ်အမျိုးအမျိုး၊

၂။ **ဥဂ္ဂဟနိမိတ်**ဆိုသည်ကား အဝေးအနီးပို့ယူရ သောနိမိတ်၊



၃။ **ပဋိဘာဂနိမိတ်**ဆိုသည်ကား ကြီးစေသေးစေ ဘုရားဖူး၍ရသောနိမိတ် (အာနာပါနဒီပနီ)၊

တရားထိုင်သောယောဂီများ အသားကျသွားပြီးသမာဓိအားကောင်း၍ စိတ်ငြိမ်သွားပြီဆိုလျှင် ကမ္မဋ္ဌာန်းကျောင်းအတွင်းဝင်၍ တရားစထိုင်တော့မည်ဟု မျက်နှာကိုပဝါစည်းလိုက်ရုံရှိသေး၊ အလင်းရောင်များ စမြင် ရတော့၏။ ကမ္မဋ္ဌာန်းကျောင်းတစ်ခုလုံး လင်းနေတော့၏၊ သမာဓိအားကောင်းမှသာလျှင် လင်းနိုင်၏။

တရားထိုင်တော့မည်ဟု စိတ်ဆုံးဖြတ်လျှင် မိမိစိတ်ကို ထိန်းရ၏၊ အိမ်ခဏခဏ ရောက်တတ်၏၊ အမြဲတမ်းသတိတရားဖြင့် နေရ၏၊ အသွားအလာ အနေအထိုင်အစားအသောက်ကအစ ဆင်ခြင်နေရသည်။ ဣရိယာပုတ်လေးပါးလုံး နှာဖျားနှာဝမှာ အမှတ်သတိ အမြဲကပ်ထားရသည်။

## ဣန္ဒိယ၊ သီဟိုဠ်မှဘုရားများနှင့်
## စူဠာမဏိစေတီတော်ဖူး

မြန်မာပြည်ဘုရားစုံ စေတီစုံဖူးပြီးလျှင် ဣန္ဒိယ နိုင်ငံရှိ

http://www.dhammavideo.com/



ဗုဒ္ဓဂယာ၊ ဗောဓိပင်အစရှိသည်ကို နိမိတ်ဖြင့်အဖူး ခိုင်းတော်မူ၏။ အဝေးကို မိမိနိမိတ်ပို့တဲ့အခါ တောင်ကွယ်နေတယ်၊ တောကွယ်နေတယ်မရှိ၊ မိမိနိမိတ်ဖြင့်အားလုံး ဖောက်၍သွားနိုင်၏။ မိမိစိတ်ကလည်း အားလုံးရှိသမျှ အရာဝတ္ထုပေါက်ရမည်ဟု စိတ်ကလည်း ယုံမှတ်ရမည်။

သီဟိုဠ်ရှိ **မဟာစေတီ**နှင့် **ထူပါရုံစေတီ**တို့ကိုလည်း အပို့အယူခိုင်း၏။ (ထိုစေတီများမှာ အားလုံးကိုရည်မှန်းပြီး ယောဂီတိုင်းနေ့စဉ်ဆီမီးပူဇော်ပြီးဦးချကန်တော့ကြရသည်။)

လူ့ပြည်ရှိ စေတီဘုရား အပို့အယူပြီးလျှင် နတ် ပြည်ရှိ **စူဠာမဏိစေတီတော်**ကို နိမိတ်ဖြင့် အဖူးခိုင်းတော် မူ၏။ (စူဠာမဏိစေတီတော်လည်း နေ့စဉ်မှန်းပြီး ဦးချကြရသော စေတီတစ်ဆူဖြစ်သည်။)

စူဠာမဏိစေတီတော်သည် တာဝတိံသာနတ်ပြည်၌ ရှိ၏၊ ၎င်းစေတီတော်သည် အရှေ့မြောက်ထောင့်၏တောင်ဘက်ယွန်းယွန်း၌တည်ရှိကြောင်းဆရာတော်ကြီး က မိန့်၍ စိတ်ညွှတ်ပေးရသည်။

စေတီတော်ကို ဖူးမြော်မည့်ရက် ရောက်ပြီဆိုလျှင် သမာဓိတည်ထောင်၊ နိမိတ်ရအောင်ပွား၊ မိမိရဲ့နိမိတ်ကို



စိတ်ထဲက 'ရှည်ရှည်ရှူမည်'ဟု ရွတ်၍ စေတီတော်ကို ဖူးမြော်ရ၏။

ဖူးမြော်သည့်အခါမိမိရဲ့လက်ကို နောက်ထောက်၍ ခန္ဓာကိုယ်အထက်ပိုင်းကိုလှန်ချ၍ နိမိတ်ကိုလွှတ်ရ၏။ ခန္ဓကိုယ်အဘက်ပိုင်းကို ဖြည်းဖြည်းနောက်ကိုလှန်ရ၏။ ခေါင်းအုံးကို နောက်ကခု၍ ခန္ဓာကိုယ်ကို နောက်အထိ ဖြည်းဖြည်းလှန်ရ၏။ နိမိတ်လွှတ်သည့်အခါ တဖြည်းဖြည်း ခြင်းလှန်ပြီးလွှတ်ရ၏။ (ဥပမာ) လှဲထားသည့်ဝါးလုံး ကိုတဖြည်းဖြည်း ထောင်သလို နိမိတ်ကိုလည်း ဖြည်း ဖြည်းထောင်ပြီး လွှတ်ရ၏။

စူဠာမဏိစေတီတော်ကို ဖူးသည့်အခါ နိမိတ် ကောင်းပေမယ့် တခါတလေ အမည်းရောင်ကို သာမြင်သည့် ယောဂီများလည်းရှိတတ်သည်။ ဘုရားအလောင်းတော်၏ ဆံတော် ဘယ်လို ကြုတ်ကလပ်နှင့် ပူဇော်ထားသည်ဟု အသေးစိတ်ပြောပြနိုင်သူ ယောဂီ များလည်းရှိ၏။ (ဆရာတော်ကြီးမှာ ယောဂီမှတ်တမ်း ရှိ၏။)

ယောဂီတိုင်း စူဠာမဏိစေတီတော်ကို ဖူးမြင်ရသည် မဟုတ်၊ ဖူးမြင်၍ရသည့်အခါ ၃ကြိမ် ၄ကြိမ် ပို့ပြီးလျှင် ဝင်လေ ထွက်လေ ပြန်၍ပွားပါ။ (၃ရက်ဖူးရ၏။)

http://www.dhammavideo.com/



အရှေ့မြောက်ထောင့်အရပ်ရှိ **'ပင်လယ် ကသစ်ပင်'** နှင့် **' ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာ'** ကိုလည်း ရှေးနည်းအတိုင်း အပို့အယူ လုပ်ရ၏။ (၂ရက် ၃ရက် အဖူးခိုင်းတော်မူ၏။)

အနောက်ဘက်လှည့်၍ စူဠာမဏိစေတီတော်ကြီး ၏ အနောက်ဘက်တန်းတန်း၌ **'ဝေဇယန္တာ ပြသာဒ်'** ကို အကြည့်ခိုင်းတော်မူ၏။ (၂ရက်)

နောက် **'သုဓမ္မာဇရပ်'**ကိုလည်း အကြည့်ခိုင်းတော်မူ၏။

ယောဂီများ မိမိတို့မြင်တာကို တခြားသူများအား မပြောရ၊ ယောဂီချင်းလည်း မပြောရ၊ သာ၍မပြောရ။ သို့သော် ယောဂီတို့မြင်ကြပုံ တထပ်တည်းဖြစ်နေသည်မှာ တရားတော်၏တန်ခိုးပင် ။

## ပါးပေါက်နားပေါက်ပြတော်မူခြင်း

ဦးစွာတရားထိုင်တဲ့အခါ မိမိစိတ်ကို တည်ငြိမ် အောင် နှာသီးဖျားခွဲကပ်၍ ဝင်လေထွက်လေ မှတ်ခိုင်းသည်၊ နိမိတ်ရ၍ အားရလောက်ပြီဆိုလျှင် ရပြီးနိမိတ် အလင်း၊



ဝိုင်းအောင် လုံးအောင် မိမိစိတ်ကခိုင်းပြီး မိမိမျက်နှာနှင့် အဝေးတတောင်ကယူပြီး နိမိတ်အလုံးကို ညာဘက်မျက်စိမှထွက်၍ ဘယ်ဘက်မျက်စိမှာဝင်၊ အပြန် အလှန် အကြိမ်ကြိမ် စိတ်ဖြင့်ခိုင်းရသည်။

ညာဘက်နားမှထွက်၊ ဘယ်ဘက်နားမှာဝင်။
ညာဘက်ပါးမှထွက်၊ ဘယ်ဘက်ပါးမှာဝင်။
ညာဘက်ပခုံးမှထွက်၊ ဘယ်ဘက်ပခုံးမှာဝင်။
အကြိမ်ကြိမ်ပွားများခိုင်း၏။ (၁ရက်၊ ၂ရက် ပွား။)

## လှိုးစားဖြတ်စား

နိမိတ်ကို ခေါင်းပေါ်တင်၊ တစ်ကိုယ်လုံး နိမိတ် ဖြင့် ခြုံ၍ထားပြီး ခန္ဓာကိုယ်ကို လက်နှစ်သစ်ခန့် နိမိတ်ဖြင့် ဖြတ်ရမည်။ ခါးတစ်ဝက် ရောက်သော အခါ ပြန်ကြည့်၊ အောက်ပိုင်း၌လည်း လက်နှစ်သစ်ခန့်ဖြတ်၍ ပြီးလျှင်ပြန်ကြည့်၊ အားလုံးပြီးလျှင် ခန္ဓာကိုယ်အောက်ပိုင်းမှစ၍ တစ်ခါ ပြန်ဖြတ်၊ ခါးတစ်ဝက်ရောက် ပြန်ကြည့်။ နောက် အထက်ပိုင်း ထပ်ဖြတ် ပြန်ကြည့်။ အကြိမ်ကြိမ် ဖြတ်ပါလေ။

**မှတ်ချက်။** လှိုးစားဖြတ်စားမလုပ်မီ လေကို 'ရှည်ရှည် ရှူမည်'ဟု စိတ်ထဲကဆို၍ နိမိတ်ကို ခေါင်းပေါ်တင်ပါ။

http://www.dhammavideo.com/



နိမိတ်ကိုရအောင်ပွား။ ခေါင်းကိုဖောက်ပြီး (နိမိတ်နှင့်) နိမိတ်အားလုံးကို–

၁။ ဆံစ အစ၊ ရင်ဝအလယ်၊ ချက်တိုင်အဆုံး၊

၂။ ချက်တိုင်အစ၊ ရင်ဝအလယ်၊ ဆံစ အဆုံး၊

အကြိမ်ကြိမ် အပြန်အလှန် လုပ်ခိုင်းသည်၊ တစ်ဖန် နိမိတ်ကို ခန္ဓာကိုယ်ထဲမှတပါး အထက်အောက်လည်း လွှတ်ရသည်။

ဥပမာ–

၁။ အထက်၅တောင်အစ၊ ရင်ဝအလယ်၊ အောက်၅တောင် အဆုံး၊

၂။ အောက်၅တောင်အစ၊ ရင်ဝအလယ်၊ အထက်၅တောင် အဆုံး။ (အကြိမ်ကြိမ်)

၁။ အထက်၁၀တောင်အစ၊ ရင်ဝအလယ်၊ အောက်၁၀တောင် အဆုံး

၂။ အောက်၁၀တောင်အစ၊ ရင်ဝအလယ်၊ အထက်၁၀တောင် အဆုံး။ (အကြိမ်ကြိမ်)

(အတောင် ၂၀၊ အတောင် ၅၀ စသည် ရှေးနည်းအတိုင်း မိမိစိတ်က အတောင်ကိုမှန်းပြီး လွှတ်။)



၁။ အထက်ဘဝဂ်၊ ရင်ဝအလယ်၊ အောက်အာကာသအဆုံး၊

၂။ အောက်အာကာသအစ၊ ရင်ဝအလယ်၊ အထက်ဘဝဂ်အဆုံး။

ဤသို့ နိမိတ်ကို အမျိုးမျိုးအဖုံဖုံ ပြုလုပ်ခြင်း (ကစားခြင်း)မှာ သမာဓိခိုင်အောင် လေ့ကျင့်ခြင်းဖြစ်၏။ သမာဓိအား အထူးထားသလို ခိုင်ခံ့တည်ကြည်လာ၍ ဝိပဿနာကူးသောအခါ အလွန် ကျေးဇူးများကြောင်း သိလာပါလိမ့်မည်။

ဝိပဿနာကူးသောအခါ နိမိတ်ကို ဖြတ်တောက် ဖျက်သိမ်းရသဖြင့် စောစောက ဖူးတွေ့ကြည့်မြင်ရတာ တွေ ကြည့်လို့မရတော့ပြီ၊ တချို့ယောဂီများ ဒီအကြောင်း ကြိုတင်သိထားကြ၍ ဆရာက ဝိပဿနာကူးပြောင်းပေးတဲ့ အခါ 'တပည့်တော်မ ဝိပဿနာ မကူးပါရစေနဲ့ဦး' ဟုလည်း လျှောက်တတ်ကြ၏။ ဆရာတော်ကြီးက ဝိပဿနာလုပ်မှ နိဗ္ဗာန်ရကြောင်း ရှင်းပြပေးရသည်။

http://www.dhammavideo.com/



## ငြိမ်းစေမည်ပွားနည်း

နှိမိတ်ကို ရှည်ရှည်လွှတ်ပြီး လေကိုလည်း မသိမသာ (ဖြည်းဖြည်းလေး)ထုတ်၊ နှိမိတ်ကိုဖြတ်ဖြတ်ပြီး ရှိုက်ရမည်။ မိမိစိတ်ကလည်း 'ငြိမ်းစေမည်...ငြိမ်းစေမည်' ဟုဆို။ ၎င်းအတိုင်း ပွားတဲ့အချိန်မှာ ခန္ဓာကိုယ်ကြီး ယိမ်းယိုင်ပြီး လဲကျသွားတတ်သည်။ သတိကိုမလွှတ်စေဘဲ ပွားရသည်။

## ဝိပဿနာကူးပြောင်းပုံ အမြွက်<br>ပဋိစ္စကိစ္စ၄ပါး လုပ်မြဲ

၁။ ရူပ ပရိဂ္ဂဟ=ရုပ်သိမ်းဆည်းပုံ၊

၂။ နာမ ပရိဂ္ဂဟ = နာမ်သိမ်းဆည်းပုံ၊

၃။ ပစ္စယပရိဂ္ဂဟ = ကြောင်းကျိုးသိမ်းဆည်းပုံ၊

၄။ အဒ္ဓါန ပရိဂ္ဂဟ = အတိတ်ကြောင်း၅ပါးသိမ်းဆည်း သုံးသပ်ပုံ။



### ၁။ ရူပပရိဂ္ဂဟပွားပုံ

ဟဒယရုပ် (နှလုံးခုံတဲ့ ရင်ချိုင့်)မှာ မိမိစိတ်ကို ထားပြီး 'ရုပ်.. ရုပ်' ဟု မိမိစိတ်ကဆိုပြီး ပွားရမည်။ (မိမိစိတ်ကို ရင်ချိုင့်မှာပဲထားပြီး စောင့်ကြည့် သိနေ ရမည်။ )

### ၂။ နာမ ပရိဂ္ဂဟပွားပုံ

ရုပ်ပွားပြီးသည်နောက် နှလုံးချိုင့်မှာပဲ စိတ်ထား ပြီး 'သိသည်.. သိသည်' ဟုပွားရမည်။

### ၃။ ပစ္စယပရိဂ္ဂဟပွားပုံ

မိမိရင်ချိုင့်မှာပဲ စိတ်ထားပြီး 'အဝိဇ္ဇာ တဏှာ ဥပါဒါန် ကံ အာဟာရ (အတိတ်အကြောင်းတရား၅ပါး) ပြုပြင်သည် .. ပြုပြင်သည်' ဟု ဆင်ခြင်ရှုပွား။

### ၄။ အဒ္ဓါနပရိဂ္ဂဟ

'အတိတ်အကြောင်းတရား၅ပါး ပြုပြင်၍ ဖြစ်ဆဲ' ဟုဆို၍ ဆင်ခြင်ရှုမှတ်ရမည်။

### သမ္မသနဉာဏ်

'အတိတ်အကြောင်းတရား၅ပါး ပြုပြင်၍ ရုပ်နာမ်

http://www.dhammavideo.com/



တို့သည် တသိမ့်သိမ့် တဖွဲဖွဲ တသဲသဲ သူ့အလိုလိုဖြစ်၍ သူ့အလိုလို ပျက်နေပါတကား'

'အမြဲမရှိ အနိစ္စ.. အနိစ္စ.. အနိစ္စ။'

## ဥဒယဗ္ဗယဉာဏ်

အတိတ်အကြောင်းတရား၅ပါး ပြုပြင်၍ ရုပ်နာမ်တို့သည် တရိပ်ရိပ် တသဲသဲ တဖွဲဖွဲ နာရီ..စဲ အမြဲမပြတ် ဖြစ်ပျက်နေပါတကား'

'အမြဲမရှိ အနိစ္စ.. အနိစ္စ.. **အနိစ္စ**။'

( မှတ်ချက်။ ဝိပဿနာကူးပုံ၊ ဉာဏ်စဉ်ရှုပွားပုံနှင့် ဉာဏ်စဉ် အဓိပ္ပါယ်မှာ ကြားဖူးနားဝများ၍ ကျမ်းစာများလည်း လွယ်လင့်တကူကြည့်ရှုနိုင်ကြသဖြင့် အမြွက်သဘောလောက်ပဲ ရေးလိုက်ပါသည်။

သမာဓိနိမိတ်ကို အားကောင်းအောင် လေ့ကျင့်ထားသော ယောဂီများ ဝိပဿနာကူးရာ၌ အလွန်လွယ်ကူပြီး ဖြစ်ပျက်အမြင်သန်ကြောင်း တွေ့ရှိရပါသည်။ လက်တွေ့ကိုယ်တွေ့ဖြစ်အောင် ကြိုးစားကြပါ။

အထူးသဖြင့် ယောဂီတော်တော်များများမှာ နိမိတ်



ရပြီး အမျိုးမျိုး ဖူးကြည့်ရတာနှင့် အားရကျေနပ် နေတတ်ကြ၏။ ဝိပဿနာလုပ်တတ်အောင် နည်းပြပေးလိုက်သော်လည်း ပေါ့ပေါ့ ရော့ရော့ နေသွားတတ်ကြ၏။ (နေ့စဉ်ဝတ်ထား၍ အမြဲတမ်း ရှုပွားသွားကြရန် သတိ ပြုသင့်လှပေ၏၊) ဝိပဿနာလုပ်မှသာ ဝဋ္ဋဒုက္ခမီးငြိမ်းပြီး ဘဝဇာတ်သိမ်း အငြိမ်းကြီးငြိမ်းကြရပါလိမ့်မည်။

နိဗ္ဗာန ပစ္စယော ဟောတု။

http://www.dhammavideo.com/

## မတုပနိုင်သော ဓမ္မအလင်းရောင်

ဤလောကကြီးတစ်ခုလုံး၌ နေရောင်–လရောင် ကြယ်ရောင်စသည့် အလင်းရောင်ဟူသမျှ တရားတော်၏ အလင်းရောင်ကို မမှီနိုင်ကြ။

လောက၌ရှိကြသော ရွှေ–ငွေ–စိန်–ကျောက်– ပတ္တမြားတို့၏ အရောင်အလင်းတို့ကား–သာမန်အလင်း ရောင်မျှသာဖြစ်၏။

နေရောင်–လရောင်တို့၏ အရောင်အလင်းကား– အဝန်းဖယူဇနာ– ၃သန်း၆သိန်း၁သောင်း၇ထောင်၃ရာ –



၅၇ယူဇနာ ရှိသော [တစ်ခဏချင်း ထွန်းလင်းတောက်ပ နိုင်သော] နေမင်းလမင်းကြီးတို့၏ အရောင်၊သံဝဋ္ဋကပ်၌ ထွက်ပေါ်လာသော နေခုနစ်စင်းတို့၏ အရောင်သည် ဤစကြဝဠာတိုက်ကြီး တစ်သိန်းတို့ကို လင်းစေ–လောင် ကျွမ်းစေနိုင်၏။

ဗြဟ္မာ့ပြည်ရှိ– အကနိဋ္ဌ ဗြဟ္မာမင်းကြီးတို့၏ အရောင်အလင်းကား လက်သန်းတချောင်းတည်းမျှကိုပင် စကြဝဠာတိုက် တစ်သိန်းကို ထွန်းလင်း တောက်ပြောင် နိုင်၏။

ထို နေမင်း လမင်း ဗြဟ္မာမင်းတို့သည် ဝင်းဝင်း ထိန်ထိန် ထွန်းလင်းတောက်ပြောင်စေနိုင်သော အရောင် ရှိပါသော်လည်း ပကတိ အမိုက်မှောင် ကျနေသော အမှောင်မျိုးကိုသာ ပယ်နိုင်၏။ ဖျောက်နိုင်၏။ သတ္တဝါ တိုင်းတို့၏ ခန္ဓာကိုယ် အဇ္ဈတ္တအတွင်းသန္တာန်၌ အမြဲ ထာဝစဉ် နာရီမစဲ မိနစ်မစဲ ကပ်လျက် နှိပ်စက်လျက် ရှိသော မောဟ တည်းဟူသော အမိုက်မှောင်ကိုကား အခိုက်အတန့်တဒင်္ဂမျှ ပင် ပယ်နိုင်ခြင်း ဖျောက်နိုင်ခြင်း မရှိပေ။

ထိုနေ၏ အရောင်သည်ကား အမိုက်မှောင်ကို ဖျောက်၍ အလင်းရောင်ကိုပေးနိုင်၏– ဆိုသော်လည်း

http://www.dhammavideo.com/



အပြင်အမြင်အားဖြင့်သာ လင်းနေ၏၊ မိမိ၏အဇ္ဈတ္တ အတွင်းသန္တာန်၌ ပူလျက် လောင်လျက်ဖြင့် သာနေရ၏၊ အပြင် အလင်းရောင်ဖြစ်သော နေကပူ၊ အဇ္ဈတ္တအတွင်း သန္တာန်ကပူ ဖြစ်နေကြရကား အပူချင်းလုံးထွေး နေပေတော့၏။

**လမင်း၏အလင်းရောင်ကား** အပြင်မှာအလင်းရောင်ဖြင့် လင်းပါ၏။ သို့သော် ကိုယ်တွင်း အဇ္ဈတ္တမှာ ပူလျက်ပင်၊ တနာရီ တကွက်မျှ အေးခွင့်မရပေ။ အဝိဇ္ဇာ မောဟ တည်းဟူသော အမှောင်ကား မိုက်မြဲမိုက်လျက် သာနေ၏။ အမှောင်ကျမြဲ ကျလျက်သာနေ၏။ ထွင်းဖောက်၍ မလင်းနိုင်။ ယခုလောက၌ မျက်မြင်အနေ အားဖြင့် စဉ်းစားကြည့်သင့်၏။ နေ့ရောညပါ ထွန်းလင်း တောက်ပနေသော နေမင်း၏ အလင်းရောင်, လမင်း၏ အလင်းရောင်တို့သည်ကား (ပျဉ်ပြား) တစ်ချပ်ကိုပင် ဖောက်ထွင်း၍ မလင်းနိုင်ပေ။ သတ္တဝါတို့၏ ကိုယ်တွင်း အဇ္ဈတ္တ(မောဟ) တည်းဟူသော အမိုက်မှောင်ကို ဖျောက်နိုင်ဖို့ရာ သင်္ဂဟအဋ္ဌကထာ ဆရာရှင်အနုရုဒ္ဓါက –'အာနာပါနံ မောဟစရိတဿဝိတက္ကစရိတဿစ' ဟု ပြဆိုခဲ့ပေ၏။

'အာနပါနဿတိ ဘာဝေတဗ္ဗာ ဝိတက္ကုပစ္ဆေဒါယာတိ။'

[မဟာဋီ–ပ–နှာ ၃၁၃]



"ဝိတက်၏ ပြတ်စဲခြင်းငှါ အာနာပါနဿတိကို ပွားစေအပ်၏ ဟု ဟောတော်မူအပ်၏။" ဟု ဝိသုဒ္ဓိမဂ်မဟာဋီကာကြီးက ပြဆို၏။

ယောဂီတို့ ရရှိထားသော အလင်းရောင်ကား နေလ ရာထောင်တို့ထက် သာလွန် ထွန်းလင်းသည်ဟု ဝမ်းမြောက်ရမည်။ ဘုရားရှင်၏ကျေးဇူး၊ တရားတော်၏ ကျေးဇူးကား ကြီးမားပေစွ။

ဥပစာရ သမာဓိဖြင့်– ဥဂ္ဂဟနိမိတ်၊ ပဋိဘာဂ နိမိတ်တို့ ရခဲ့သော် ကိုယ်စိတ်နှစ်ပါးတို့သည် သီတာရေချမ်း ဆွတ်ဖြန်းဘိသကဲ့သို့ အလွန်ချမ်းအေး ကြည်လင်လှ၏။

အာနာပါနကမ္မဋ္ဌာန်းဘာဝနာကို အကြိမ်ကြိမ် အဖန်ဖန်ပွားများအားထုတ်သောအခါ စိတ်မပျံ့လွင့်မူ၍ ကျောက်စာတိုင် ကဲ့သို့ တည်ကြည်ငြိမ်သက်လေတော့ သည်။ အထူးသတိပြု၍ အားထုတ်သောယောဂီ၏ ကိုယ် စိတ်(၂)ပါးတို့သည် ဘာဝနာကုသိုလ်ကံအား ခံ့ညား လျောက် ပတ်လေ၏။ တောင့်တင်း ခိုင်ခံ့လေ၏။ ကိလေသာအညစ် အကြေး၊မကောင်းကြံစည်သော (မိစ္ဆာ ဝိတက်) အညစ်အ ကြေးတို့သည်လည်း ပျောက်ငြိမ်း လေတော့၏။

ဤသို့ ဘာဝနာပြည့်စုံလာသောအခါ ဥဂ္ဂဟနိမိတ်

http://www.dhammavideo.com/



တို့သည် အမျိုးမျိုးပေါ်လာတတ်ကုန်၏။ ထွက်သက် အာရုံ၊ ဝင်သက်အာရုံတို့ကိုသာ သတိကြီးစွာပြု၍ စိတ်ကိုစူးစိုက်၍ အာရုံပြုရာ၏။ စူးစိုက်၍အာရုံပြုသော အခါ (ဥဂ္ဂဟ) နိမိတ်အာရုံထက် ထူးကဲသော၊ အလွန် ကြည်လင်သော၊ နေရောင်၊ လရောင်၊ သောကြာကြယ်ရောင်၊ ဓာတ်မီးရောင်တို့ ကဲ့သို့ အလွန့်အလွန် သန့်ရှင်း ကြည်လင်တောက်ပသော ပဋိဘာဂ နိမိတ်အရောင်တို့သည် မနောဒွါရဇောစိတ်အား သန့်ရှင်းကြည်လင်စွာ ထင်လာ မြင်လာကုန်၏။

ထိုသို့ထင်လာသောအခါ ကိုယ်စိတ်(၂)ပါးတို့ သည် သီတာရေချမ်း ဆွတ်ဖြန်းဘိသကဲ့သို့ အလွန် ချမ်းအေးစွာ ကြည်လင်လှပေကုန်၏။

သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့၌၎င်း၊ ဘုရားရှင်၏ ဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာ့ ဂုဏ်တော်တို့၌၎င်း လေးလေးစားစား ယုံကြည်ခြင်း၊ အထူး ကြည်ညိုလာခြင်း၊ နှစ်နှစ်သက်သက် မြတ်မြတ် နိုးနိုးဖြစ်လာ ခြင်း ဗလဝသဒ္ဓါ အားကောင်းလှပေသည်။

ထို့ကြောင့် ဓမ္မပဒပါဠိတော်၌–

သုညာဂါရံ ပဝိဋ္ဌဿ၊

သန္တစိတ္တဿ ဘိက္ခုနော။



အ–မာနုသီ ရတိ ဟောတိ၊

သမ္မာ ဓမ္မံ ဝိပဿတော။

**မြန်မာပြန်**။ “ဆိတ်ငြိမ်ရာသို့ချဉ်းကပ်၍ နည်းလမ်း တကျရှုပွားနေသော၊ စိတ်ငြိမ်းအေးနေသော ယောဂီ၏ မွေ့လျော်ပျော်ပိုက်မှု၊ ဝါ– တရားစည်းစိမ်ကြီးကား (အမာနုသီ) လူတို့စည်းစိမ် နတ်တို့စည်းစိမ် မွေ့လျော် ခြင်းမျိုးထက် လွန်မြတ်သော (ရတိ) စိတ်နှလုံးပျော် လာဘ်ကြီးပေါ်၍ မွေ့လျော်ခြင်းကြီးဖြစ်၏” ဟု ဟောတော်မူသည်။

## ပဋိဘာဂနိမိတ်၏ အရသာထူး

၎င်း ပဋိဘာဂနိမိတ်သို့ ဆိုက်ရောက်သည့်အခါ တွင် တစ်သက်တစ်ခါ မတွေ့ဖူး မကြုံဖူးသော ဓမ္မ အရသာတို့ကို မိမိကိုယ်တိုင် ကိုယ်တွေ့ဖြစ်လာရ၍ ဝမ်းမြောက်မဆုံး တပြုံးပြုံးဖြစ်နေတော့၏။ အချို့ ဝမ်းမြောက်လှ၍ အိပ်ရမှန်း မသိ စားရမှန်းမသိဖြစ်အောင် အပျော်ကြီးပျော်ကြလျက် အဖော်ချင်းချင်းသာပြောလျက် ပြောလျက်သာဖရဏာပီတိ

http://www.dhammavideo.com/



ဂွမ်းဆီထိသကဲ့သို့ ဖြစ်နေကြ လေတော့သည်။

ဤတရား၌မွေ့လျော် ပျော်ခြင်းမျိုးကား ပွဲလမ်းသဘင်ကြည့်ရှုရန် သွားလာသောအခါ ကြည့်ရှုနှစ်သက်၍ပျော်ရသော အပျော်မျိုးမဟုတ်ပေ။ (သဗ္ဗရတိံ ဓမ္မရတိ) ဟုဟောတော်မူ၏။

ပွဲလမ်းသဘင်ကြည့်ရှု၍ ပျော်ရခြင်းမျိုးကား ပွဲသိမ်း၍ပြန်လာသောခါ ငိုက်ဆိုက် ငိုက်ဆိုက်နှင့် မျက်ကြောသေကလေးဖြင့် ပြန်လာကြရှာ၏။ မိမိ၏ အိမ်သို့ရောက်လျှင် အလုပ်မလုပ်၊ အစာလဲမစားတော့ဘဲ ဗိုင်းခနဲ လှဲအိပ်လိုက်တော့၏။

ဤကား လောကီအပျော် လောကီအရသာတည်း၊ အကြောင်းမလျော် ကျန်းမာရေးကိုပါ ထိခိုက်စေနိုင်၏။ လက်တွေ့အကျိုးကား အလုပ်ပျက်ခြင်း၊ အစားပျက်ခြင်း ကိုယ်ခန္ဓာရိန္ဓမ်းခြင်း စသည်ပင်တည်း။

(ဓမ္မရတိ) တရားဖြင့်မွေ့လျော် ပျော်ခြင်းမျိုးသည်ကား အအိပ်မပျက် အစားမပျက် တသန်းသန်း တဝေဝေ မနေသည့်ပြင် အသားအရေတွေပါ သန့်ရှင်း ကြည်လင်လာ၏။ အသားနက်သူပင် ဖြစ်စေကာမူ တရားပြိုးနဲ့ ပြိုးနေသောအခါတွင် မျက်လုံးကလည်းကြည် တကိုယ်လုံးရှိ



အသွေးအသားကလည်း ပြန့်နှံ့ပြီး လည်ပတ်သွားနေသည့် အတွက်ကြောင့် ကျန်းမာရေးတွေ ပိုပြီး ကောင်းမွန်လာ၏။ တရား၏အရသာလည်း တွေ့ပြန် စေတနာသဒ္ဓါတရားကလဲ နောက်မဆုတ်၊ ရှေ့ကိုသာ တိုးလေတော့၏။ အကြောင်း မညီညွတ်၍သာ နေကြရ၏။

ပွဲလမ်းသဘင်ကြည့်၍ ပျော်ရသောအပျော်ကား ပြန်လာရာတွင် မျက်ကြောသေကလေးဖြင့် ပြန်လာရသည်ကိုထောက်လျှင် လက်ရှိပင်ကို အသွေးအသားများ ယုတ်လျော့သွား၍သာဖြစ်၏။

ထို့ကြောင့် လောကီအပျော်မျိုးနှင့် လောကုတ္တရာ အပျော်မျိုး၊ လောကီအရသာနှင့် လောကုတ္တရာအရသာ မျိုးကား နှိုင်းယှဉ်၍မရအောင် ကွာခြားလှ၏။

**နိမိတ်ခေါင့်ထိန်းရပုံ**

ထိုမှုမက ပဋိဘာဂနိမိတ်ကိုအာရုံပြုသော ဉာဏ သမ္ပယုတ် ကာမာဝစရ မဟာကုသိုလ်ဇော ဥပစာရ ဘာဝနာကုသိုလ်သည် **နိဗ္ဗာန်ရောက်ကြောင်း** တရား

http://www.dhammavideo.com/



**အစစ်အမှန်ဖြစ်တော့သည်**။ နိဗ္ဗာန် ခတ်ကြီးနှင့် နီးလာပြီဟု တိုး၍ကြိုးစားအားထုတ်ကြရာ၏။

ထိုပဋိဘာဂနိမိတ် အာရုံကိုရသောအခါ ပဋိဘာဂနိမိတ်အာရုံကို မပျောက်မပျက်ရအောင် ရှိရှိသေသေအားထုတ်၍ သတိကြီးစွာပြု၍ စောင့်ရှောက်ရသည်။

စကြာမင်းလောင်း ပဋိသန္ဓေတည်နေသောအခါ ချမ်းချမ်းသာသာ တည်နေရပြီးလျှင် ချမ်းချမ်းသာသာ ဖွားမြင်၊ ချမ်းချမ်းသာသာ ကြီးပွားထွားကျိုင်းလာရန် နို့ထိန်းလေးယောက်တို့ဖြင့် သတိကြီးစွာ စောင့်ရှောက်ထိန်းသိမ်းရသကဲ့သို့ အလွန်ရခဲလှသော ဥဂ္ဂဟနိမိတ် အာရုံ၊ ဥဂ္ဂဟနိမိတ်အာရုံထက် ရခဲလှသော ပဋိဘာဂ နိမိတ်အာရုံ၊ ၎င်းအာရုံတို့ကို ရသောအခါ (၇)ပါးသော သပ္ပါယတို့ဖြင့် ခြံရံလျက် မပျောက်မပျက်ရန် ကြာရှည် လေးမြင့်စွာ စောင့်ရှောက်ရသည်။ ၎င်းပဋိဘာဂ နိမိတ်အာရုံကို–

နာရီဝက် တည်အောင်၊
နာရီဝက်မှ တစ်နာရီတည်အောင်၊
တစ်နာရီမှ ၂နာရီတည်အောင်၊
၂နာရီမှ ၃နာရီတည်အောင်၊
၃နာရီမှ ၄နာရီတည်အောင်၊



၄နာရီမှ ၅နာရီတည်အောင် အားထုတ်၍ စောင့်ရှောက်ကြရသည်။ စောင့်ရှောက်၍ ၎င်းပဋိဘာဂနိမိတ်အာရုံ ကောင်းစွာတည်သည်ရှိသော် ၎င်းပဋိဘာဂနိမိတ်ကို အာရုံပြုရသော ဉာဏသမ္ပယုတ် ကာမာဝစရမဟာကုသိုလ်ဇော၊ ဥပစာရ ဘာဝနာကုသိုလ် စိတ်ဖြစ်၏။

## လမ်းပြောင်းလမ်းကူး

ထိုဥပစာရ ဘာဝနာကုသိုလ်မှဆက်၍ ဈာန်လမ်းသို့ကူးပြောင်းသွားရသည်။ သို့မဟုတ် ဝိပဿနာလမ်းသို့ ကူးပြောင်းသွားရသည်။

ဈာန်လမ်းသို့ကူးပြောင်းသွားသော ပုဂ္ဂိုလ်သည် အပ္ပနာဈာန်ကုသိုလ်မှဆက်၍လည်း ဝိပဿနာလမ်းသို့ ကူးပြောင်းသွားရသည်။

သို့အတွက် ပဋိဘာဂနိမိတ်ကို အာရုံပြုသော ဥပစာရဘာဝနာ၊ ကာမာဝစရဉာဏသမ္ပယုတ် ကုသိုလ်ဇောသည် နိဗ္ဗာန်ရောက်ကြောင်း တရားအမှန်စကန် ဟုတ်၏။ ဤသို့ဆက်လက်ပုံကို သတိပြုရာ၏။ ဤသို့ ထပ်ကာ

http://www.dhammavideo.com/



ထပ်ကာ ပွားများသဖြင့် ပဋိဘာဂနိမိတ် မည်သောအာရုံကို မပြတ်အောင် ကောင်းစွာစောင့်ရှောက်သော ယောဂီပုဂ္ဂိုလ်သည် အပ္ပနာမည်သောဈာန်သို့ တက်ခြင်းငှာ (၁၀)ပါးအပြားရှိသော အပ္ပနာကောသလ္လကို ပြည့်စုံစေရာ၏။

**အပ္ပနာကောသလ္လဟူသည်ကား** ဈာန်တရားတို့ကို ပဋိဘာဂနိမိတ်အာရုံသို့တင်ခြင်း၌ လိမ္မာသောပုဂ္ဂိုလ်၏ အသိဉာဏ်သည် အပ္ပနာကောသလ္လမည်၏။

**တနည်းကား** ပဋိဘာဂနိမိတ်အာရုံကို ကောင်းစွာစောင့်ရှောက်ပြီးလျှင် အပ္ပနာမည်သောဈာန်သို့ တက်ခြင်း၌ လိမ္မာသောယောဂီပုဂ္ဂိုလ်၏ အသိဉာဏ်သည် အပ္ပနာမည်၏။

ဘိုးတော်မင်းတရားကြီးလက်ထက်သံဃနာယက သံဃရာဇာ မောင်းထောင် သာသနာပိုင်ဆရာတော်၊ မြေးတော်မင်းတရားလက်ထက် မင်းတိုင်ပင် ပညာရှိ အမတ်ကြီးအဖြစ် ချီးမြှောက်ခြင်းခံရ၍ မန်လည် ဆရာတော်ဘုရားကြီးတို့ပင် နယဂ္ဂါဟ တင်ပြကိုးကား ဂရုဏာထားတော်မူအပ်သော ပုစ္ဆာနယဒီပနီကျမ်းတွင်–

"အလုံးစုံသော ကမ္မဋ္ဌာန်းလေးဆယ်၌ ကသိုဏ်း



စသောအာရုံဟူသော ပရိကမ္မနိမိတ်သည် စ၍စီးဖြန်း လျှင်ပင် ရှေးဦးစွာထင်၏။

"ထို့နောက် ထိုအာရုံကိုပင် စိတ်ဖြင့်ထင်အောင် အဖန်တလဲလဲ စီးဖြန်းဖန်များ၍ စိတ်၌ထင်သော အာရုံဟူသော ဥဂ္ဂဟနိမိတ်သည် နှစ်ကြိမ်မြောက်ထင်၏။

"ထို့နောက်မှ ထိုစိတ်၌ထင်သောအာရုံကို စီးဖြန်းဖန်များ၍ ထိုအာရုံ၏ အတုအစား အခြားထင်ပြန်သော အာရုံဟူသော ပဋိဘာဂနိမိတ်သည် သုံးကြိမ်မြောက် ထင်၏။

"ပဋိဘာဂနိမိတ်ထင်လျှင် ဧကန်မုချ ဈာန်ရတော့မည်ပင်။ စကြာမင်းဖြစ်အံ့သော သန္ဓေကဲ့သို့ ပဋိဘာဂနိမိတ်ကို လုံခြုံစွာ စောင့်ရှောက်အပ်သတည်း။

"ထိုနိမိတ်သုံးပါးတို့တွင် ပရိကမ္မနိမိတ်၊ ဥဂ္ဂဟနိမိတ်နှစ်ပါးကို ကမ္မဋ္ဌာန်းလေးဆယ်လုံး၌ပင် ရအပ်၏။

"အတုအစားထင်သော ပဋိဘာဂနိမိတ်ကိုကား ကသိုဏ်းဆယ်ပါး၊ အသုဘဆယ်ပါး၊ ကာယဂတာသတိ၊ အာနာပါနဿတိ ဤနှစ်ဆယ့်နှစ်ပါးတို့၌သာ ရအပ်၏။ ကြွင်းသော ကမ္မဋ္ဌာန်း တဆယ့်ရှစ်ပါးတို့၌ မရအပ် ဟူလို သော်။

(ဤကား မောင်းထောင် ပညာရှိအမတ်ကြီး မဟာ

http://www.dhammavideo.com/



ဓမ္မသင်္ဂြိုဟ်ဖြေဆိုအပ်သော ပုစ္ဆာနယဒီပနီကျမ်း စာမျက်နှာ ၅–၆မှ ဖော်ပြချက်တည်း။ အဘိဓမ္မတ္ထသင်္ဂဟ ကမ္မဋ္ဌာန်းပိုင်းမှာလည်း ရှု။)

## သမာဓိအမျိုးအစားနှင့် အကျိုးငါးပါး

သမာဓိ၏ အမျိုးအမည်နှင့် အကျိုးငါးပါးကို သိသာရုံ အကျဉ်းမျှပြပေအံ့။

(၁) ကာမာဝစရကုသိုလ်ဖြင့် ရအပ်သော **ကာမာဝစရ သမာဓိ**၊ (သမထယာနိကဒ္ဒ ဥပစာရသမာဓိခေါ်၍ ဝိပဿနာယာနိကဒ္ဒ ခဏိကသမာဓိခေါ်၏။)

(၂) ရူပါဝစရကုသိုလ်ဖြင့်ရအပ်သော **ရူပါဝစရသမာဓိ**၊

(၃) အရူပါဝစရကုသိုလ်ဖြင့်ရအပ်သော**အရူပါဝစရ သမာဓိ**၊ (ဤ ၂၊ ၃ကုသိုလ်ကို အပ္ပနာသမာဓိခေါ်၏။)

(၄) လောကုတ္တရာကုသိုလ်ဖြင့် ရအပ်သော **လောကုတ္တရာ သမာဓိ**၊ ('ယံ ဗုဒ္ဓသေဋ္ဌော ပရိဝဏ္ဏယီ သုစိံ' ဟု ရတနသုတ်လာ မြတ်စွာဘုရားရှင် ချီးမွမ်းခံရသော သမာဓိဖြစ်၏။)



ဤသမာဓိအမျိုးမျိုးတို့တွင်–

(၁) ဥပစာရသမာဓိမှာ ကာမာဝစရအကျိုး (လူ့ဘုံနတ်ဘုံ၊လူနတ်ချမ်းသာ)၊

(၂) အပ္ပနာသမာဓိမှာ ရူပါဝစရ–အရူပါဝစရတို့ကို ဖြစ်စေနိုင်ကုန်၏။ အဘိညာဉ်ကိုလည်းရနိုင်၏။ (ဗြဟ္မာ့ဘုံ၊ဗြဟ္မာ့စည်းစိမ်)၊

(၃) မဂ်အခိုက်အတန့် လောကုတ္တရာသမာဓိ (၃၁ဘုံမှလွတ်၍နိဗ္ဗာန်ချမ်းသာ)။

ထိုတွင် လောကုတ္တရာသမာဓိကိုထား၍ဥပစာရ–အပ္ပနာသမာဓိ (၂)မျိုးလုံးပင်ဒိဋ္ဌ၊ ဓမ္မ၊ သုခ ဝိဟာရ အကျိုးကို ဖြစ်စေနိုင်ကုန်၏။ (ယင်းသမာဓိတစ်မျိုးမျိုးနှင့်နေလျှင် လက်ငင်းချမ်းသာရသည်ဟု ဆိုလိုသည်။)

## ဒိဋ္ဌ၊ ဝိ၊ ဘိဉ်၊ ဗြ၊ နိရောဓ၊ ပဉ္စသမာဓိအကျိုး။

(၁) ဒိဋ္ဌ ဥပစာရသမာဓိ အပ္ပနာသမာဓိသို့ ဆိုက်ရောက်အောင် အားထုတ်နိုင်သူတို့သည် လက်ငင်းဒိဋ္ဌ ကိုယ်စိတ် (၂)ပါးတို့ ချမ်းသာ

http://www.dhammavideo.com/



အေးမြခြင်းဟုဆိုအပ်သော 'ဒိဋ္ဌ ဓမ္မ သုခဝိဟာရ' အကျိုးကိုရ၏။

(၂) ဝိ ကောင်းစွာတည်ငြိမ်သောသမာဓိကို ရရှိပြီးဖြစ်၍ ရုပ်–နာမ်–သင်္ခါရ တရားတို့ကို အနိစ္စ စသည်ဖြင့် ရှုပွားအပ်သည်ရှိသော် လမ်းကောင်းကောင်းစက်ကောင်းကောင်းဖြင့် မောင်းနှင်အပ်သော ယာဉ် ကားရထားကဲ့သို့ ရှောခနဲရှောခနဲ လျင်မြန်စွာ လွယ်လင့်တကူပင်ဝိပဿနာဉာဏ်ရခြင်း အကျိုးရှိ၏။ (သမာဓိဟိတော ဘိက္ခဝေ ယထာဘူတံ ပဇာနာတိ။)

(၃) အိဉ် အဘိဉာဏ်(၅)ပါးကို ရခြင်းအကျိုးရှိ၏။

(၄) ဗြ အပ္ပနာသမာဓိသို့ ဆိုက်ရောက်အောင် အားထုတ်ပွားများနိုင်ပါလျှင်သေသည်၏ အခြားမဲ့၌ ဗြဟ္မာ့ပြည်သို့ လားရောက်ရခြင်းအကျိုးရှိ၏။ ( ရူပ၊ အရူပ ကုသိုလ်ဇောသမာဓိဖြစ်၍ သေလျှင် ရူပ–သို့မဟုတ် အရူပဘုံရောက်မြဲ)



(၅) **နိရော** အနာဂါမ် ရဟန္တာ ဖြစ်သောအခါလည်း လွယ်ကူစွာ နိရောဓ သမာပတ် ဝင်စားနိုင်ခြင်း အကျိုးရှိ၏။

ဤကား သမာဓိအကျိုး (၅)ပါးတည်း။

ဤငါးပါးသောအကျိုးတို့ကို မချွတ်မလွဲ အမှန် မုချ ရအပ်ကုန်၏။

၎င်းတို့တွင် ဥပစာရသမာဓိ၊ အပ္ပနာသမာဓိ နှစ်ပါးလုံးပင် ဝိပဿနာဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ် အကျိုး ၄ာ ဖြစ်နိုင်ကုန်၏။

## ၃၁ဘုံ လမ်းဆုံလမ်းခွဲကြီး

ဤသမာဓိစခန်းကား သံသရာခရီးသည် ယောဂီတို့အဖို့ အထူးစဉ်းစားရွေးချယ်၍ လျှောက်လှမ်းရမည့် လမ်းဆုံလမ်းခွဲကြီးဖြစ်၏။

လူ့ဘုံ နတ်ဘုံ ဗြဟ္မာ့ဘုံ ကြိုက်ရာရွေးနိုင်၏။ သွားနိုင်၏။ ၃၁ဘုံနှင့် နိဗ္ဗာန် လမ်းဆုံလမ်းခွဲလည်း ဟုတ်၏။ ကြိုက်ရာရွေးနိုင် သွားနိုင်၏။ သွားလို့ရ၏။

http://www.dhammavideo.com/



ဥပစာရသမာဓိမျှနှင့် သေလျှင် လူ့ဘုံနတ်ဘုံ၊ ဈာန်အဘိညာဏ် သမာပတ်တွေနှင့် မွေ့လျော်ပြီး၊ အပ္ပနာသမာဓိနှင့်သေလျှင် ဗြဟ္မာ့ဘုံ-၂၀၊ သက်တမ်းရှည်ကြာလှသော နတ်ဗြဟ္မာဘဝမှ စုတေ၍၊ လူ့ပြည်ရောက်ပြန်ပါသော်ကား သာသနာနှင့် မတွေ့ရဖို့များ၏။

ထို့ကြောင့် ရှေးရှေးသော ပညာရှိယောဂီ သူမြတ်ကြီးများ ဥပစာရသမာဓိမှ ဝိပဿနာကူးကာ နိဗ္ဗာန်ကို အရယူတော်မူကြသည်။

'ဥပစာရသမာဓိသို့ ရောက်ပါလျက် ဈာန် အဘိညာဏ် သမာပတ်တို့ကို ဖြစ်စေနိုင်သော အပ္ပနာ သမာဓိကိုရအောင် အားမထုတ်တော့ဘဲ အဘယ့်ကြောင့် ဝိပဿနာဉာဏ် မဂ်ဉာဏ်ကိုလှမ်း၍ ကူးကြပါသနည်း။'

ပို၍ထင်ရှားအောင် ပြဆိုဦးအံ့။

ဗုဒ္ဓုပ္ပါဒ ဘုရားပွင့်ရာအခါနှင့် အလွန့်အလွန် ကြုံကြိုက်ခဲလှဘိခြင်း၊

ဘုရားပွင့်ရာအခါနှင့် ကြုံကြိုက်ပါသော်လည်း ဘုရားစသော သူတော်ကောင်းတို့နှင့် ကြုံကြိုက်ရခြင်းသည် အလွန်ပင် ခဲယဉ်းပြန်၏။

, သူတော်ကောင်းတို့နှင့် ကြုံကြိုက်ပါသော်လည်း



တရားတော်ကို လိုလိုချင်ချင် နှစ်နှစ်သက်သက် အားထုတ်ဖြစ်ဖို့ရာကလည်း တဆင့်ထပ်၍ ခဲယဉ်း ပြန်၏။ သို့ဖြစ်၍ ဈာန်ရအောင် ဆိုင်းငံ့အားယုတ်နေပါမူ မိမိတို့၏ သန်္ဓါရတရား အပိုင်းအခြားကို မသိနိုင်ခဲ့။

ထို့ကြောင့် 'ဥပစာရသမာဓိကပင် ဘဝသံသရာ ဝဋ်ဆင်းရဲကြီးမှ လွတ်မြောက်အောင် ကြိုးစားတော့အံ့'ဟု ယောနိသော မနသိကာရအားဖြင့် ဝိပဿနာလမ်း မဂ်လမ်း ဖိုလ်လမ်းကူးသန်းကြ၏ ဟူလို။

ဝိသုဒ္ဓိမဂ် မဟာဋီကာ ဆရာကလည်း

'တဿ ဟိ ဒုလ္လဘတာယ (လ) သမတိက္ကမိဿာမိ'ဟု မှာတော်မူခဲ့၍ မဂ်လမ်း ဖိုလ်လမ်းသို့ တက်လှမ်း၍ အထက်တန်း ကူးကြလေသည်။

ပုဂ္ဂလပညတ် အဋ္ဌကထာ ဆရာကလည်း ပုထုဇဉ်ဘဝ ဂတိမမြဲ၊ မေတ္တေယျဘုရားရှင် လက်ထက် တိုင်အောင် မစောင့်ဘဲ ဝိပဿနာကို အရဟတ္တဖိုလ် ရအောင် အားထုတ်ရန် တိုက်တွန်းတော်မူ၏။

'ကိံ မေ ဣမသ္မိံ ဗုဒ္ဓကာလေ ပရိနိဗ္ဗာနေန(လ) အရဟတ္တံ တ္တာယ ဝိပဿနံ ဘာဝေဟိ တိ

http://www.dhammavideo.com/



ဩဝဒိတဗ္ဗော။'

**မြန်မာပြန်။** 'ငါ့အား ဤဘုရားလက်ထက်တော် အခါ၌ ပရိနိဗ္ဗာန်စံခြင်းဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ နောင်မေတ္တေယျမြတ်စွာဘုရား လက်ထက်တော်အခါ၌ ပရိနိဗ္ဗာန်စံအံ့' ဤသို့ကြံ၍ စင်ကြယ်သောသီလရှိသည် ဖြစ်ပါသော်လည်း မဂ်၊ ဖိုလ်ရကြောင်း အကျင့်ကို မဖြည့်ကျင့်၊ ထိုစင်ကြယ်သောသီလရှိလျက် မဂ်၊ ဖိုလ် ရကြောင်း ဖြစ်သောအကျင့်ကို မကျင့်သော ပုဂ္ဂိုလ်ကို ဤသို့ ပြောဆိုဆုံးမအပ်၏။

'အရှင်ဘုရားသည် ဘယ်အတွက် မေ့လျော့၍ နေပါသနည်း၊ ပုထုဇဉ်ဘဝမည်သည် ဂတိမမြဲ၊ မှန်၏။ အရှင်ဘုရားသည် မေတ္တေယျဘုရားရှင်ကို ဖူးတွေ့ခွင့် ရသော်လည်း ရရာ၏။ မရဘဲသော်လည်းရှိရာ၏။ (အတပ်မဆိုသာ)၊ ထို့ကြောင့် အရဟတ္တဖိုလ်အကျိုးငှာ ဝိပဿနာကို မိမိသန္တာန်၌ ဖြစ်စေပါလော၊ ဝါ-တိုးပွား စေပါလော။ ကြိုးစားရှုပွားပါလော့' ဤသို့ ပြောဆိုဆုံးမ ယိုက်သည်သာတည်း။

* * * * * * *

## ၅-သာသန ဗာဟိရကထာ

### ကမ္ဘာကြီးတစ်ခုလုံး မှောင်အတိကျ၍ သာသနာပ၌ အရိယာပုဂ္ဂိုလ်တို့ မရှိနိုင်ပုံ

သာသနာပအခါ ဝိပဿနာဉာဏ်မရှိ၊ ဝိပဿနာဉာဏ်မရှိသော် မဂ္ဂဋ္ဌာန်၊ ဖလဋ္ဌာန် ပုဂ္ဂိုလ်တို့လည်း မရှိကုန်။

'အာကာသေဝ ပဒံ နတ္ထိ၊ သမဏော နတ္ထိ ဗာဟိရေ'၊

'ဗာဟိရေတိ မမ သာသနတော ဗဟိဒ္ဓါ မဂ္ဂဖလဋ္ဌော သမဏောနာမ နတ္ထိ။' [ ဓမ္မပဒ႕ဋ္ဌ၊ ၃၊ သုဘဒ္ဒ ပရိဗ္ဗာဇက- ဂါထာ-၂၄၅၊နှာ-၂၄၀]

http://www.dhammavideo.com/



**မြန်မာပြန်။** ငါဘုရား၏သာသနာတော်မှ ပြင်ပဗဟိဒ္ဓ ဝယ် ကောင်းကင်မှာခြေရာမရှိသကဲ့သို့၊ မဂ္ဂဋ္ဌာန် ရဟန်း၊ ဖလဋ္ဌာန် ရဟန်းမည်သည် မရှိ။

သာသနာပ၌ ချာန် အဘိညာဏ် သမာပတ်ရသော ရသေ့တို့ကား မရှားပေ၊ ပေါများလှ၏။

'ဗာဟိရကာနဉှိ အဋ္ဌသမာပတ္တိယော ဝဋ္ဋပါဒကာ ယေဝ။' [မူပံ၊ဋ္ဌ၊ပ၊နှာ–၁၉၀]

**မြန်မာပြန်။** ဗာဟိရက သာသနာပ ပုဂ္ဂိုလ်တို့၏ ရှစ်ပါးကုန်သော သမာပတ်တို့သည် ဝဋ်၏ အခြေအမြစ် မျှသာတည်း။ (ဝဋ်ဆင်းရဲရှည်ကြာအောင် ခြေထောက်၍ ရပ်ပေးသည်နှင့်တူ၏။ ဝဋ်ဆင်းရဲကို ခြေထောက်တပ် ပေးသည်နှင့်တူ၏ ဟူလို။)

ထို့ကြောင့် သာသနာပအခါ၌ ချာန်အဘိညာဉ် သမာပတ်တို့ကို ရပါသော်လည်း ဝဋ်ဆင်းရဲမှမလွတ်နိုင်။



## သာသနာတွင်း သာသနာပခါနပြုရာ၌ အကျိုးခပ်း ကွာခြားပုံ

'သာသနေ သရဏဂမနမ္ပိ လောကုတ္တရပါဒကံ'

**မြန်မာပြန်။** ဘုရားရှင်သာသနာတော်၌ သရဏဂုံကို ဆောက်တည်ခြင်းမျှသည်လည်း လောကုတ္တရာ၏ အခြေအမြစ် ဖြစ်၏။

သာသနာပ၌ သမာပတ်–၈ပါး တို့ကို ရသောပုဂ္ဂိုလ် တို့အားလည်းကောင်း၊ အဘိညာဉ်၅ပါး တို့ကိုရသော ပုဂ္ဂိုလ်တို့အားလည်းကောင်း လှူဒါန်း ရသောအကျိုးကား နံပါတ်ကုန် အစွမ်းကုန် ကုဋေ တစ်သိန်းမျှသာ အကန့်အသတ် ရှိသည်။ (မူ၊ ပံ၊ ဋ္ဌ၊ ပ၊ နှာ၊ ၁၉၀။)

**သာသနာတော်တွင်းကုသိုလ်ကား:** သောတာ ပတ္တိဖိုလ်ကို မျက်မှောက်ပြုခြင်းအကျိုးငှါ ကျင့်သောပုဂ္ဂိုလ်၌ လှူရ သောကြောင့်– အသင်္ချေယျ အပ္ပမေယျ အရေအတွက် အားဖြင့် ဘယ်ရွေ့ဘယ်မျှ မပိုင်းခြား၊ မကန့်သတ်နိုင် အောင် အကျိုးကို ရအပ်၏။

http://www.dhammavideo.com/



## သာသနာပအခါ နိဗ္ဗာန်ကို မတောင့်တ

သာသနာပအခါ၌ ကလျာဏမိတ္တ တည်းဟူသော ဘုရားရှင်တို့၏ အဆုံးအမသြဝါဒစကားကို မရသည့်အတွက် လူတို့၏စည်းစိမ်ချမ်းသာ၊ နတ်တို့၏စည်းစိမ်ချမ်းသာမှ ပြင်ပဗဟိဒ္ဓဖြစ်သော နိဗ္ဗာန်ကို ရည်မှန်းခြင်း၊ တောင့်တခြင်း, ညွတ်ခြင်း, လူနတ်တို့၏ စည်းစိမ် ချမ်းသာကိုသာ ညွတ်ကိုင်း တောင့်တ၍ လှူ၏။

သို့အတွက် လူနတ်တို့၏ စည်းစိမ်ချမ်းသာတို့နှင့်တကွ လူ့ဘဝ၊ နတ်ဘဝ၊ ဝိပါကဝဋ္ဋ ဒုက္ခတရား ကြီးတို့ကိုသာရပေ၏၊ ယင်းဝိပါကဝဋ္ဋ ဒုက္ခတရားကြီး တို့ကို အဖော်အမှီ သဟဲပြု၍ ကိလေသဝဋ္ဋတရား တို့သည်လည်း အထပ်ထပ် မပြတ်မပြတ် ဖြစ်ခြင်းကြောင့် ပွားများလာပြန်၏။

ယင်းကိလေသဝဋ္ဋ တရားတော်တို့သည်လည်း အထပ်ထပ် မပြတ်မပြတ် ပွားများခြင်းကြောင့် ကာမ ဝိတက်၊ ဗျာပါဒဝိတက်၊ ဝိဟိံသာဝိတက် တည်းဟူသော မိစ္ဆာဝိတက်တို့သည် ပြန့်ပွားလာကုန်၏။

၄င်းဝိတက်တို့ ပြန့်ပွားလာသည့်အတွက်ကြောင့် မနောကံ၊ မနောဒုစရိုက် တို့သည် ပြန့်ပွားလာကြ ကုန်၏။



အပါယ်(၄)ပါးတံခါး ဟင်းလင်းဖြစ်၍ ပွင့်လေ တော့၏။

၄င်း မနောကံဒုစရိုက်တို့ ပြန့်ပွားခြင်းကြောင့် ဝစီဒုစရိုက်–ဝစီကံ၊ ကာယဒုစရိုက်–ကာယကံတို့သည် ပြန့်ပွားလာကုန်၏။ အပါယ်လေးပါးတံခါး – ဟင်းလင်း ဖြစ်၍ ပွင့်ပြန်လေတော့၏။

သို့အတွက် နိဒါနဝဂ် သံယုတ်–ပါဠိတော်ကြီး၌ 'ကတမာစ ဘိက္ခဝေ မိစ္ဆာပဋိပဒါ၊ အဝိဇ္ဇာပစ္စယာ ဘိက္ခဝေ သင်္ခါရာ...' စသည်ကို ဟောတော်မူ၏။

တိကပဋ္ဌာန်း ပါဠိတော်၌လည်း 'ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ ဥပနိဿယ ပစ္စယေန ပစ္စယော၊ အာရမ္မဏူပ... ပကတူပနိဿယ... ပစ္စယော' စသည် ဟောတော်မူ၏။ (ကျယ်အံ့စိုး၍–မရေးပြီ။)

သာသနာပအခါ၌ ဖြစ်ကြရကုန်သော သူတို့သည် ဘုရားရှင်၏ အဆုံးအမစကားကို မရကြသည့်အတွက် လူ့ခန္ဓာ နတ်ခန္ဓာ ဗြဟ္မာခန္ဓာတို့၌ ဇာတိဒုက္ခ ဇာတိဘေး၊ ဇရာဒုက္ခ ဇရာဘေး၊ ဗျာဓိဒုက္ခ ဗျာဓိဘေး၊ မရဏဒုက္ခ မရဏဘေးတို့ အမြဲတမ်း ညှဉ်းပန်းနှိပ်စက်သည်၏အဖြစ်ကို မသိနိုင်ရှာကြ၊ မမြင်နိုင်ရှာကြပေ။

"ပိုးဖလံမျိုး၊ မီးကိုတိုး၊ ကိုယ်ကျိုးနဲလှပြီ" ဟူသော

http://www.dhammavideo.com/



ထွင့်ခေါင်ဆရာတော်၏ သံပေါက်နှင့်အညီ အန္ဓပုထုဇဉ်သတ္တဝါတို့သည် ဇာတိ မီးတောက်မီးလျှံ၊ ဇရာ မီးတောက်မီးလျှံ၊ ဗျာဓိ မီးတောက်မီးလျှံ၊ မရဏ မီးတောက်မီးလျှံတို့ တပြောင်ပြောင် အမြဲမပြတ် လောင်ရာဖြစ်သော လူနတ်ဗြဟ္မာတို့၏ ခန္ဓာငါးပါး တည်းဟူသော မီးပုံကြီးအတွင်းသို့ ပြေးဝင်နေကြရာသည်ကို ဘုရားရှင်သည် သဗ္ဗညုတ ရွှေဉာဏ်တော်ဖြင့် မြင်တော်မူ၍ ဟောတော်မူသော ဒေသနာတော်ပင်တည်း။

လူ့ခန္ဓာ နတ်ခန္ဓာ ဗြဟ္မာ့ခန္ဓာအတွင်းသို့သာ ပြေးဝင်ကြသည် မဟုတ်သေး။

ငရဲမီးပုံကြီးအတွင်းသို့လည်း ဒရဟော ဥဒဟို ပြေးဝင်ကြရာကုန်၏။

ပြိတ္တာ မီးပုံကြီးအတွင်းသို့လည်း ဒရဟော ဥဒဟို ပြေးဝင်ကြရာကုန်၏။

ဤသို့ပြေးဝင်ကြောင်းဖြစ်သော တရားတို့ကို ဖလူပစာရ နည်းအားဖြင့် 'မိစ္ဆာပဋိပဒါ-လမ်းမှား' ဟု ဆိုအပ်ကုန်၏။ ဤစကားကိုလည်း ယေဘုယျ(အများ) အားဖြင့် ဟောတော်မူအပ်၏။



ပါရမီရင့်သန်တော်မူကြသော အလောင်းတော်၊ ပစ္စေကဗုဒ္ဓါအလောင်းတော်၊အဂ္ဂသာဝကအလောင်းတော်၊ မဟာသာဝကအလောင်းတော်... တို့သည်ကား ဘုရားရှင်တို့၏ အဆုံးအမ ဩဝါဒကို မရသော်လည်း နိဗ္ဗာန်ကို တောင့်တ၍ ဒါန၊ သီလ၊ ဘာဝနာတို့ကို အားထုတ်ကြကုန်သေး၏။

ဤကား သာသနာပအခါ၌ ပြုလုပ်ကြသော ကုသိုလ်ရှင်တို့တည်း။

သီရိခေတ္တရာမြို့ သတိုးမင်းတြားကြီးလက်ထက် သာသနာတော်နှစ် (၂၁၃၁)**ခုနှစ်တွင်** သာဂရဗုဒ္ဓိမထေရ် စီရင်အပ်သော သီမဝိသော **ဓနီပါဠ်**...မှ သာသနာပအခါ ပစ္စေကဗုဒ္ဓါများ အကြောင်းကို မြန်မာပြန် အနည်းငယ် ပြဦးအံ့။

ဘုရားမပွင့်သည်ရှိသော် ပစ္စေကဗုဒ္ဓါတို့အား အသိန်းအသန်းစသော အရေအတွက်သည် ပွင့်တော်မူငြားသော်လည်း ထိုပစ္စေကဗုဒ္ဓါတို့၏အထံ၌ ပဉ္စင်း၏ အဖြစ်ကို မရအပ်သည်၏ အဖြစ်ကြောင့်တည်း။

အဘယ့်ကြောင့် ပဉ္စင်းအဖြစ်ကို မရအပ်သနည်း? ပစ္စေကဗုဒ္ဓါတို့၏အထံ၌ ရှင်ရဟန်းပြုကြကုန်သော အမျိုး

http://www.dhammavideo.com/



ကောင်းသားတို့အား သရဏဂုံကမ္မဋ္ဌာန်းမျှကိုလည်း ပေးခြင်းငှာ မတတ်နိုင်သည်၏ အဖြစ်ကြောင့်ပေတည်း။

ထိုစကားမှန်၏၊ ပစ္စေကဗုဒ္ဓါတို့မည်သည်ကား အ,သောသူ၏ အိမ်မက်မြင်မက်သကဲ့သို့ မိမိကိုယ်တိုင်ရအပ်သော သစ္စာလေးပါးတရားတို့ကို သူတပါးတို့အား ဟောကြားခြင်းငှာ မတတ်နိုင်ကုန်။

ထို့ကြောင့် အမျိုးကောင်းသားတို့ကို ရှင်ရဟန်းပြုစေပြီး၍ ကမ္မဋ္ဌာန်း၌ အားထုတ်စေခြင်းငှာ မစွမ်းနိုင်ကြကုန်။

သင်သည် ဤလို ဝတ်အပ်၏၊ သင်သည် ဤလို ရုံအပ်၏၊ ဤသို့အစရှိသောနည်းဖြင့် အာဘိသမာစာရိကဝတ်ကိုသာလျှင် သင်စေကုန်၏။

သာသနာပအခါ၌ ပစ္စေကဗုဒ္ဓါတို့ ပွင့်ကြကုန်သော်လည်း သူတပါးတို့အား မဂ်ဉာဏ် ဖိုလ်ဉာဏ် ရကြောင်းကို မဟောကြားနိုင်၊ ဓမ္မဓိဋ္ဌာန်အားဖြင့် သောတာပတ္တိမဂ်စသည်တို့ သာသနာပ၌ မဖြစ်ကုန်။



## သာသနာပ၌ ဝိပဿနာမရှိပုံ

'ဝိပဿနာဝိယ ဗောဓိယာ မဂ္ဂဿ အာသန္နကာရဏံ'

(ဗောဓ္ဈင်္ဂဝိဘင်း ရှေးရိုက် မူလ ဋီကာ-၁၃၈ )

ဝိပဿနာသည် မဂ်၏ နီးသောအကြောင်း အာသန္နကာရဏ။ ဝိပဿနာဆုံးလျှင် မဂ်ဉာဏ်ရ၏။ ထို့ကြောင့် မဂ်ဉာဏ်ရကြောင်းဖြစ်သော ဝိပဿနာလည်း သာသနာပ၌ မရှိပေ။

ဝိပဿနာပါဒက၊ သီလ၊ သမာဓိ၊ ပညာတို့ မရှိနိုင်ပုံ၊ မဖြစ်နိုင်ပုံကိုလည်း မြတ်စွာဘုရား ပရိနိဗ္ဗာန် ပြုခါနီး ဟောတော်မူ၏။

'သုဒ္ဒါဝပရဇ္ဇဝါဒါ သမဏောဟိတိဝစနေန (လ) အဘာဝံ ဒဿေတိ' (မူလဋီကာ ဈာနဝိဘင်း ၁၄၀၊ သုတ်မဟာဝါ၊ မဟာပရိနိဗ္ဗာနသုတ်၊ အဋ္ဌကထာ၁၈၁၊ ဋီကာလည်းကြည့်)

http://www.dhammavideo.com/



## သာသနာတွင်း ဒါနသီလသမထဝိပဿနာတရား တို့ကား နိဗ္ဗာန်ရောက်ကြောင်း အစစ်

သာသနာတော်၏အတွင်း၌ ကြုံကြိုက်ကြကုန်သော အမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည် ကလျာဏမိတ္တမည်သောဘုရားရှင်ကိုယ်တော်မြတ်ကြီး၏ အဆုံးအမ ဩဝါဒကို ရကြသည့်အတိုင်း သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ရာဖြစ်သော နိဗ္ဗာန်ချမ်းသာမြတ်ကြီးကို ရည်မှန်းတောင့်တ၍ ဒါန သီလ သမထ ဝိပဿနာတို့ကို အားထုတ်ကြကုန်၏။

ဤသို့အားထုတ်ကြကုန်သော ဒါနသီလ သမထ ဝိပဿနာ ဘာဝနာတို့သည် နိဗ္ဗာန်ရောက်ကြောင်း အစစ်အမှန်ဖြစ်ကုန်၏။

ထို့ကြောင့် နိဒါနဝဂ် သံယုတ်ပါဠိတော်၌ 'ကတမာ စ ဘိက္ခဝေ သမ္မာပဋိပဒါ၊ အဝိဇ္ဇာယတွေဝ အသေသ ဝိရာဂ နိရောဓာ...လ...အယံဝုစ္စတိ ဘိက္ခဝေ သမ္မာပဋိပဒါ'...ဟု ဟောတော်မူ၏။

၎င်းပါဠိတော်၌ နိရောဓာ အရ နိဗ္ဗာန်ကို ယူရ၏။ နိဗ္ဗာန်ကို 'သမ္မာပဋိပဒါ' ဟု ဟောတော်မူ၏။



## ဝုစ္စတိ ကြိယာဖြင့် ဟောတော်မူရပုံ

နိဗ္ဗာန်သည် တောင့်တအပ်သောအာရုံ၊အကြောင်းတရား၊ ဒါန သီလ သမထ ဝိပဿနာတို့သည် တောင့်တတတ်သော အာရမ္မဏိက အကျိုးတရား၊ (ဒါန သီလ သမထ ဝိပဿနာဟု ဆိုအပ်သော) အာရမ္မဏိက အကျိုးတရားတို့၏ သမ္မာပဋိပဒါဟူသော အမည်ကို အာရုံအကြောင်းဖြစ်သော နိဗ္ဗာန်၌တင်စား၍... အာရုံ အကြောင်းဖြစ်သော နိဗ္ဗာန်ကို 'သမ္မာပဋိပဒါ'ဟု ဖလူပစာရအားဖြင့် ရုဋ္ဌိတင်၍ ခေါ်ဝေါ်အပ်၏။

ထို့ကြောင့် -

'အယံ ဝုစ္စတိ ဘိက္ခဝေ သမ္မာပဋိပဒါ'ဟု 'ဝုစ္စတိ'ကြိယာ ဖြင့် ဟောတော်မူ၏။

## စေတနာ၊ ကံ၊ အဆက်ဆက် ကျေးဇူးပြု

ယခုအခါ သာသနာတော်တွင်း၌ ကြုံကြိုက်ကြကုန်သော အမျိုးကောင်းသား အမျိုးကောင်းသမီး တို့သည်

http://www.dhammavideo.com/



ဒါန သီလ ဘာဝနာ ကုသိုလ်ကံ ကမ္မဋ္ဌာန်းများကို အထူး ကြိုးစား အားထုတ်ဖို့ရာ ကောင်းလှ၏။

ဘုံဌာနကလည်း အကောင်းဆုံး ဘုံဌာန၊

ဘဝကလည်း အကောင်းဆုံး ဘဝ၊

အချိန်အခါကလည်း အကောင်းဆုံးအချိန်အခါဖြစ်၏။

ရှေးလွန်လေပြီးသော ကမ္ဘာပေါင်းကုဋေတသိန်း၏ အထက်၌သော်မှ အားထုတ်ပြုလုပ်အပ်ပြီးသောစေတနာ ကံသည် ယခုအခါ၌ ကျေးဇူးပြုတုန်းပြုဆဲ။

ယနေ့ယခု အားထုတ်အပ်သော စေတနာကံသည်လည်း နောင်အနာဂတ်၌ ကမ္ဘာပေါင်း ကုဋေတသိန်း၏ အဆုံး၌သော်မှလည်း ကျေးဇူးပြုမည်ပင်။

'အတီတေ ကပ္ပကောဋိသတသဟဿ မတ္ထကေပိ ဟိ အာယူဟိတံ ဧတရဟိ ပစ္စယော ဟောတိ။

ဧတရဟိ အာယူဟိတံ ကမ္မံ အနာဂတေ ကပ္ပကောဋိ သတသဟဿ ပရိယောသာနေပိ ပစ္စယော ဟောတီတိ။'

(သမ္မော ၄၊ နှာ-၂၄။)

**မြန်မာပြန်။** လွန်လေပြီးသောအခါ၌ ကမ္ဘာ ကုဋေ တသိန်း၏အထက်၌သော်မှလည်း အားထုတ်အပ်ပြီးသော



ကံဖြစ်သော စေတနာသည် ယခုအခါ၌ ကျေးဇူးပြုဆဲ ဖြစ်၏။

ယခုအခါ၌ အားထုတ်အပ်သော ကံဖြစ်သော စေတနာသည် နောင်အနာဂတ်၌ ကမ္ဘာကုဋေတသိန်း၏ အဆုံး၌သော်မှလည်း ကျေးဇူးပြုမည်ဖြစ်၏။

## ကမ္ဘာပျက်သော်လည်း ကံမပျက်

စဉ်းစားကြည့်လျှင် ... အလွန်အားတက်ဖွယ် ကောင်းလှ၏။ အရိမေတ္တေယျဘုရားရှင်ကား ဤကမ္ဘာမှာပင်ပွင့်မည်၊ မိမိတို့ဆည်းပူး အားထုတ်အပ်သော စေတနာကံတို့ကား ကမ္ဘာကုဋေတသိန်းတိုင်အောင် အကျိုးဆက် မကုန်နိုင်၊ နိဗ္ဗာန်ကို ရည်မှန်း၍ တောင့်တလျက် ပြုအပ်သော ဝိဝဋ္ဋကုသိုလ်သည် လေးအသင်္ချေနှင့် ကမ္ဘာတသိန်း ကြာသော်လည်း ပျောက်ပျက်ခြင်းမရှိဟု ထေရအဋ္ဌကထာ၌လည်း ပြဆိုထားပြန်၏။

'ဧဝံ ဝိဝဋ္ဋံ ဥဒ္ဒိဿ ကုသလစိတ္တံ (လ) န သက္ကာ ဝတ္တုံ။' (ဝင်္ဂီသထေရဂါထာ ၄၊ ဒု၊ နှာ-၅၄၁)

မဂ်ဉာဏ် ဖိုလ်ဉာဏ် ဖြစ်ပေါ်စေရန် ဝိပဿနာ

http://www.dhammavideo.com/



ပွားရပုံကို လယ်တီပဏ္ဍိတ ဦးမောင်ကြီးရေး ယမိုက်အဖြေကျမ်းမှ ထုတ်၍ပြဦးအံ့။

'ပုထုဇဉ်မှန်သမျှ အစမထင်သံသရာမှ အမြဲ မပြတ်ကိန်းဝပ်လာသော လောဘ ဒေါသစသော ကိလေသာအနုသယဓာတ်တို့ကို ဝိပဿနာမပွား၊ အားမထုတ်ဘဲ၊ မထူထောင်ဘဲနှင့် အကြွင်းမဲ့ မပယ်သတ်နိုင်။

ဝိပဿနာကိုပွားရအားထုတ်ရသည်မှာ မဂ်ဉာဏ်ဖိုလ်ဉာဏ်တို့ ဖြစ်ပေါ်စေရန်အတွက် ဖြစ်ပေသည်။

ယင်း အနုသယဓာတ်တို့ကို ကာမာဝစရကုသိုလ်ဖြင့်လည်း အကြွင်းအကျန်မရှိ ပယ်သတ်ခြင်းငှာ မတတ်နိုင်ကြ။

မဟဂ္ဂုတ်ကုသိုလ်ဖြင့်လည်း အကြွင်းမဲ့ ကုန်စင်အောင်ပယ်သတ်ခြင်းငှာ မတတ်နိုင်ပေ။

ထို့ကြောင့် ကာမကုသိုလ် မဟဂ္ဂုတ်ကုသိုလ်တို့သည် ၎င်းအနုသယဓာတ်တို့ကို မထကြွအောင် အားနည်းသွားရုံမျှသာ ပြုလုပ်နိုင်သော တရားများပေတည်း။

**ဝိပဿနာပညာဆိုသည်မှာ** ကာမာဝစရကုသိုလ်မျိုးဖြစ်သောကြောင့် အနုသယ ဓာတ်တို့ကို အကြွင်းမဲ့ မပယ်မသတ်နိုင်သော်လည်း ထိုဝိပဿနာဉာဏ်ကို မပွားများ



အားမထုတ်ဘဲလည်း မဖြစ်ပေ၊ အားထုတ် ရမည်သာဖြစ်၏။

အားထုတ်၍ ဝိပဿနာဉာဏ် ရင့်သန်ထက်မြက်လာသောအခါ မဂ်ဉာဏ်ဖြစ်ပေါ်၍ လာရပေသည်။

ဝိပဿနာဉာဏ်အဆင့်မှ မဂ်ဉာဏ်အဆင့်သို့ ကူးပြောင်းရ၏။

## ဝိပဿနာဉာဏ်အဆင့်မှ မဂ်ဉာဏ်အဆင့်သို့ သုံးဆင့်တိုင်တိုင် ကူးပုံ

ဝိပဿနာကိုပွားများအားထုတ်ဆဲအခိုက်အတန့်၌ဖြစ်သော ကာမာဝစရဉာဏ်သည် ပညိန္ဒြေမည်၏။ ထိုကာမာဝစရဉာဏ် ပညိန္ဒြေ ထက်မြက်ရင့်သန်လာသောအခါ ရှေးဦးစွာ –

(၁) အနညာတညဿာမိတိန္ဒြေ အဖြစ်သို့ပြောင်းသွားလေသည်။ ၎င်း အနညာတညဿာမိတိန္ဒြေ – ဆိုသည်မှာ သောတာပတ္တိမဂ်၌ပါရှိသော ပညာစေတသိက်ပင်တည်း။

(၂) တစ်ဖန် ထိုပညာ ထက်မြက်ရင့်သန်လာပြန်

http://www.dhammavideo.com/



သောအခါ အညိန္ဒြေအဖြစ်သို့ ပြောင်းသွားလေသည်။ ၎င်းအညိန္ဒြေဆိုသည်မှာ လောကုတ္တရာအလယ်စိတ် (၆)ခုတို့၌ရှိသော ပညာ စေတသိက်ပင်တည်း။

လောကုတ္တရာအလယ်စိတ် (၆)ခုတို့ကား–

'အညိန္ဒြိယံ ဆ ဌာနာနိ ဂစ္ဆတိ၊ သောတာပတ္တိ ဖလံ သကဒါဂါမိမဂ္ဂံ သကဒါဂါမိဖလံ အနာဂါမိမဂ္ဂံ အနာဂါမိဖလံ အရဟတ္တမဂ္ဂံ'

(ပဋိသမ္ဘိဒါမဂ်ပါဠိတော် ၁၁၁)

၎င်းအလယ်စိတ် (၆)ခုတို့၌ရှိသော ပညာ စေတသိက်ပင်။

(၃) တဖန် ထိုပညာသည် အထက်မြက်ဆုံး အရင့်သန်ဆုံး အခြေနေအားဖြင့် ရင့်သန်လာသောအခါ– အညတာဝိန္ဒြေအဖြစ်သို့ ပြောင်း**လေ**သည်။ အညတာဝိန္ဒြေဆိုသည်မှာ–အရဟတ္တဖိုလ်၌ရှိသော ပညာ စေတသိက်ပင်တည်း။ ၎င်းအညတာဝိန္ဒြေအဖြစ်သို့ရောက်လျှင် ပညာ၏အရာ ကုန်ဆုံးလေပြီဖြစ်သောကြောင့် အထက်ဆင့်သို့ တက်လှမ်းရန် အဆင့်မရှိ တော့ချေ။ ထိပ်ဆုံးသို့ ရောက်လေတော့၏



အညတာဝိန္ဒြိယံ ကံ ဌာနံ ဂစ္ဆတိ အရဟတ္တ ဖလံ။

(ပဋိသမ္ဘိဒါမဂ်ပါဠိတော်–နှာ–၁၁၁)

ဝိပဿနာကိုအားထုတ်၍ ၎င်းဝိပဿနာဉာဏ်အဖြစ်မှပြောင်း၍ မဂ်ဉာဏ်အဖြစ်သို့ရောက်သော ပညာသည်သာလျှင် အနုသယဓာတ် ကိလေသာတို့ကို အကြွင်းအကျန်မရှိ ပယ်သတ်နိုင်၏။

ယင်းအနုသယဓာတ်တို့သည် မဂ်ဉာဏ်တည်းဟူသော ဝရဇိန်လက်နက် မိုးကြိုးစက်ဖြင့် ပစ်ခွင်းလိုက်သောကြောင့် အမြစ်အရင်းပါမကျန် ပယ်သတ်လျက်–သံသရာလည်ပတ်စေသည့် အနုသယ ပရိယုဋ္ဌာန–ဝီတိက္ကမ ကိလေသာတို့သည် ဘဝအဆက်ဆက် မတွယ် မကပ်နိုင်တော့ဘဲ အလည်ဓာတ် တခါတည်း ချုပ်ငြိမ်း၍ ရုပ်သိမ်းသွားလေတော့သတည်း။"

ဤသို့လျှင် ရခဲသောလူ့ဘဝရ၍ သာသနာတော်ကြီးနှင့်လည်းကြုံကြိုက်၊ **သမထ ဝိပဿနာတရားများ လည်းထွန်းကားခိုက်တွင်မှ ဥပစာရသမာဓိ၊ ဥပစာရ ကုသိုလ်ကံလောက်ကိုမျှ ထူထောင်ရကောင်းမှန်း မသိသူ တို့အဖို့ကား ကမ္ဘာတခွင်လုံး မှောင်အတိကျ၍** 'ဤကား ကုသိုလ်၊ အကုသိုလ်'ဟုမျှ မသိရသော အန္ဓကမ္ဘာ သာသနာပကာလကြီးကား ကြောက်ဖွယ်ကောင်းလှပါဘိ တကား။

http://www.dhammavideo.com/



## ဆရာရည်မှန်း ကန်တော့ပန်း

ဤကျမ်းစာရေးသူ၏ကျေးဇူးတော်ရှင် ကမ္မဋ္ဌာနာစရိယ ဖြစ်တော်မူကြသော–

(၁) မဟာစည်ဆရာတော်၊

(၂) အင်ချောင်ဆရာတော်၊
(ကန္နီဆရာတော်၏ တပည့်)၊

(၃) ကန္နီရွှေသိမ်တော် တောရဆရာတော်၊

(၄) ကျောက်ဆည်၊
ရွှေဘိုအောင်မြေ၊
အင်ကြင်းပင်၊
သုံးဌာနလုံးတွင် သီတင်းသုံးတော်မူသည့်
ဝေဘူဆရာတော်၊

(၅) မောင်းထောင် ကျောက်ဂူတောရဆရာတော်...

ထိုကျေးဇူးတော်ရှင် ဆရာသခင် အရှင်မြတ် တို့အား ဤကျမ်းကိုစီစဉ်ရကြောင်း ကောင်းမှု ပဋိပတ်– အကျင့်မြတ်ဖြင့် ကျေးဇူးတုံ့ဆပ် လွန်လေးမြတ်လျက် ပျပ်ဝပ်ကော်ရော် ပူဇော်ပါသတည်း။



## နိဂုံး ဆုတောင်း အမျှဝေ

ဣဒံ မေ ပုညံ အာသဝက္ခယာ ဝဟံ ဟောတု။
ဣဒံ မေ ပုညံ ဉာတီနံ ဟောတု။
ပေတာနံ ဟောတု။
ဉာတယော သုခိတာ ဟောန္တု။

ဣမံ ပုညဘာဂံ သဗ္ဗသတ္တာနံ ဒေမ၊ ဘာဇေမ။
သဗ္ဗေသတ္တာ သမံ ပဋိလဘိတွာ
သုခိတာ ဟောန္တု။

**နိုင်ငံခပ်သိမ်း တရားကိန်း အေးငြိမ်းကြပါစေ။**

၁၃၅၄ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၁၁)ရက်
(၃)နာရီ မိနစ်(၃၀)အချိန်တွင် ပြီး၏။

http://www.dhammavideo.com/

နောက်ဆက်တွဲ (၂)

## ကျတ်တီးကုန်းမှာ ပွင့်သောပန်း

(၁)

တရားဘာဝနာနှင့် အမြဲနေလေ့ရှိသောပုဂ္ဂိုလ်တို့ လောက၌ ဤဖော်ပြလတ္တံ့သော အကြောင်းအရာများကား ထူးခြားဆန်းကြယ်လှသည်ဟု မဆိုသာ၊ အံ့သြစရာလည်း မဟုတ်တတ်၊ သာမန် ဖြစ်ရိုးဖြစ်စဉ်မျှသာတည်း။

ဤသို့သော် လူသာမန်တို့ကမူ့အဖို့ လွန်စွာဆန်း



ကြယ်၏။ အံ့သြဖွယ်ကောင်း၏။ သီလ သမာဓိ ပညာ ဘာသာရေး ကိုယ်တွေ့အလုပ်စခန်း၌ လေ့ကျင့်ခန်းဝင်စ၊ ဝင်ဆဲပုဂ္ဂိုလ်များအတွက် ပို၍အတုယူ အားကျဖွယ်လည်း ကောင်းလှပေ၏။

ဤ၌ တရား ဘာဝနာနှင့် အမြဲနေလေ့ရှိသော ပုဂ္ဂိုလ်ဆိုသည်မှာ ယခုဖော်ပြလတ္တံ့သော တောရဆရာ တော်ကြီး အပါအဝင် ယောဂါဝစရ အရှင်မြတ်များကို ဆိုလိုပါ၏။ တုယူ အားကျထိုက်သောကိစ္စကား မေတ္တာ, ကရုဏာဖြန့်ပွားခြင်းအလုပ်ဖြစ်သည်။ အဘယ်နေရာဌာန မျိုး၌ မေတ္တာကို ဦးစားပေး၍၊ အဘယ်နေရာဌာနမျိုး၌ ကရုဏာကို ပို၍လုပ်ရကြောင်း၊ တွေ့ဆုံရသောပုဂ္ဂိုလ်, နေရာအလိုက် မိမိသန္တာန်၌ မေတ္တာစိတ်ဖြစ်အောင်၊ ကရုဏာစိတ်ဖြစ်အောင်လေ့ကျင့်ထားရကြောင်း၊တစ်နည်း အားဖြင့် နေရာဌာန,ပုဂ္ဂိုလ်လိုက်၍ အလိုလို နှလုံးသွင်း မိလျက်သားဖြစ်အောင် လေ့ကျင့်ယူရပုံကို အဆိုပါ တောရ ဆရာတော်ကြီး၏ ကိုယ်တွေ့ မေတ္တာကရုဏာက သင်ခန်းစာ ပေးလျက်ရှိပါ၏။

ထိုတောရဆရာတော်ကြီးထံ စာရေးသူ တစ်နှစ် တစ်ခါက်လောက် ရောက်လေ့ရှိသဖြင့် စာရေးသူလည်း

http://www.dhammavideo.com/



ကိုယ်နှင့်တန်သလောက် ထိုအလေ့အကျင့်ကောင်းများ အလိုလို အဆင်သင့် လေ့ကျင့်မိလျက်သား ဖြစ်နေတတ်သည်။ ဖြစ်အောင်လည်း ကြိုးစားရသည်။

(၂)

ဤနေရာ၌ ဆရာတော်ကြီး သီတင်းသုံးသော တောရကျောင်းကလေး၏အကြောင်း အနည်းငယ် ဖော်ပြရသော် တောရကျောင်းကလေး တည်ရှိရာဒေသကား မိုးခေါင်ရေရှားသောမုံရွာခရိုင် ဘုတလင်မြို့နယ်ဝန်းကျင်၌ ဖြစ်သည်။

ကျောင်းပတ်ဝန်းကျင် အရပ်လေးမျက်နှာ၌ ထန်းပင်များနှင့် တောင်ယာကွင်းပြင်များက ဝိုင်းရံထား၏။ ၂-ဧကခန့်ရှိသော ကျတ်တီးကုန်း ယာမြေကွက်မှာ မည်သည့်သီးပင်မျှ စိုက်ပျိုး၍မရသဖြင့် တောရကျောင်း ဝင်းဖြစ်လာသည်။ အရိပ်အာဝါသကောင်းသော သစ်ကြီး ဝါးကြီးမရှိ။ သန်းပင်၊ဒဟတ်ပင်၊ ရှားပင်၊ တမာပင်နှင့် ဆူးချုံများသာရှိ၏။ နွေခါတွင် ထိုအပင်များမှာလည်း အရိုးကျဲကျဲ လေတဟဲဟဲနှင့် မွဲခြောက်နေ၏။

ကျောင်းဝင်းအတွင်း၌လည်း တစ်ယောက်နေကမ္မဋ္ဌာန်းဇကျောင်းကလေးများနှင့် ထန်းရွက်တဲကြီးများ



သာရှိ၏။ ထန်းရွက်တဲကြီးကား စုပေါင်းသီလယူ, တရားထိုင်ရာ ဓမ္မာရုံတည်း။

တောကျောင်းရှိ ရေကန်မှာလည်း တစ်နှစ်လျှင် အများဆုံး ၇-လ ၈-လခန့်မျှသာ ရေရှိ၏။ ဒါလည်း မိုးလေဝသ ကောင်းပါမှ။ အစာရေစာ ဆွဲ့ရှားလှသော အညာဒေသဖြစ်၍ အစားအသောက်အကြောင်း အထူးပြောရန်မရှိ၊ သို့သော် ဆန်စပါး သားငါးပေါလှသော အောက်သူအောက်သားများ အနည်းငယ် ခန့်မှန်း နိုင်ရန် စားရေးသောက်ရေး အနည်းငယ် ပြောလိုပါသေးသည်။ သူတော်ကောင်းတရားကို ရှာရာ၌ လျှာအလိုမလိုက်ကြပုံသာဓက တစ်ခုဟုလည်း ဆိုနိုင်ပါ၏။

တောကျောင်း၌ ဝေယျာဝစ္စလုပ်သော ကိုရင်ငယ် ၂-နှစ်ပါးနှင့် ကပ္ပိယကာရက တစ်ဦးရှိရာ နံနက်အရုဏ် အတွက် ဆန်ပြုတ်သောက်ကြရသည်၊ အဆီအစေးမရှိသော အညာဆန်ဖြင့် ပြုတ်ထားသည့်ဆန်ပြုတ်မှာလည်း ကျဲတောက်တောက်၊ အရေတခြား၊ အဖတ်တခြား၊ ထိုသို့ နေ့စဉ်ဆန်ပြုတ်ပြုတ်လောက်အောင် ဆန် 'အလျှင်မီ' နေသည်ကိုပင် 'တရားတန် ခိုး' ဟု ပြောစမှတ်ပြုနေကြရသည်။

နေ့ဆွမ်းအတွက် အစောပိုင်းနှစ်များက ဆရာ

http://www.dhammavideo.com/



တော်ကြီးကိုယ်တိုင် ပတ္တပိုဏ်ဆွမ်းခံ၍၊ အသက်အရွယ်ကြီးလာသဖြင့် အစောင့်အရှောက်များ ရှိလာချိန်မှစ၍ ကိုရင်ငယ်နှစ်ပါးက ဆွမ်းခံကျွေး၍၊ အနီးအနားရွာရှစ်ရွာ တစ်လှည့်စီ ဆွမ်းခံရသည်၊ ဒကာများက လိုက်ပို့ကြ၏။ ဟင်းများ ချိုင့်ကြီးချိုင့်ငယ်ဖြင့် စေတနာသဒ္ဓါထက်သန်စွာလောင်းလှူကြရာ လူနှစ်ဆယ်စားလောက်၏၊ ဟင်းခွက်ချိုင့်များ စားပွဲကြီးတစ်ချပ်မဆံ့။

သို့သော် ဟင်းများကို တူရာပေါင်းလိုက်လျှင် ၄-ခွက်သာရှိ၏၊ ချဉ်ရည်၊ ငရုတ်သီးဟင်း၊ ပဲကြားပြုတ်နှင့် အညာအသားဟင်းခေါ်သောငါးပိကောင်ကြော်၊ ထိုငါးပိကောင်ကြော်မှာလည်း အနံ့အသက်နှင့်တကွ ငန်လွန်းအားကြီးသဖြင့် အလွန်အစားခံ၏။

ယင်းသို့ ကျောင်းအနေအထားနှင့် အစာရေစာကို ကြည့်လျှင် အဘယ်မျှ နှလုံးမွေ့လျော်ပျော်ဖွယ်ရာကောင်းသောတောကျောင်းဖြစ်ပါသနည်း၊ ရာသီဥတုကပူချိန်တွင် အစွမ်းကုန်ပူ၍ ဆောင်းခါတွင် ခိုက်ခိုက်တုန်လေတော့သည်။

သို့သော် သူတော်ကောင်းတရားတို့ မည်သည်မှာ လောကီအာရုံများ ကင်းဆိတ်ရာ၌သာ တည်ရှိတတ်ပေသည်၊ ထို့ကြောင့်လည်း ညောင်လွန့် ရဟန္တာအရှင်မြတ်ကြီးက-



**"ခေါင်းပါးသော အစာရေစာနှင့် အာရုံကင်းဆိတ်သော တောရိပ်တောင်ရိပ်က ယောဂီတို့အား တစ်ဝက်ဆုံးမ,ပြီးဖြစ်သည်"**ဟုမိန့်တော်မူဖူးသည်မဟုတ်ပါလော။

ဤမျှ ခြောက်သွေ့ခေါင်ပါး၍ အစာရေစာ ဆွံ့ရှားလှသော ကျတ်တီးကုန်း တောရကျောင်း မြေပေါ်တွင် လူသားတိုင်း၏ နှလုံးသား၌ ကူးယူစိုက်ပျိုး 'မျိုးပွား' သင့်သောမေတ္တာကရုဏာပန်း နှစ်ပွင့်တို့ကား ၁၂-ရာသီ လန်းဆန်းလျက်။

## (၃)

"လွန်ခဲ့သော ၁၀-နှစ်လောက်ကပေါ့ကွာ၊ (မောင်းထောင်ရွာကြီးအနောက်ဘက်) လယ်တီရွာအလှူရှိလို့ကြွရတယ်၊ အလှူကလဲ တော်တော်စည်ကားတဲ့ အလှူ၊ ဘုန်းကြီးများ ပရိတ်ရွတ်၊ ရေစက်ချပြီးတော့ အသံချဲ့စက်ကနေ တစ်ပါးချင်းပင့်တာပေါ့၊ သံဃာစင်အဆင်း၊ မဏ္ဍပ်အထွက်ကနေပြီး လှူဖွယ်ဝတ္ထုကပ်တယ်။

"တော်တော်နဲ့ ဘုန်းကြီးအလှည့် မကျဘူး၊ မဏ္ဍပ်အထွက်မှာလည်း လူတွေက ရတ်ရတ်ရတ်ရတ်နဲ့၊ မဏ္ဍပ်ထဲက ပရိသတ်တွေကလဲ ဘုန်းကြီးတွေ တစ်ပါးပြီး

http://www.dhammavideo.com/



တစ်ပါး ဆင်းကြွနေချိန်မှာ စိတ်တွေလွတ်လပ်သွားပြီး ဒူးထောင် ပေါင်ကားနဲ့ ဟိုကြည့်ဒီကြည့် ကြည့်တဲ့လူက ကြည့်၊ လူတော်တော်များများက ဆေးလိပ်ကြီးတွေ တငေါ်ငေါ်နဲ့ မီးခိုးတလူလူထအောင် အားရပါးရ သောက်နေကြတယ်။

"အသံချဲ့စက်ကနေ ဘယ်ဆရာတော်ကြွပါဘုရား၊ ဘယ်ဆရာတော်ကြွပါဘုရား ဆက်ပြီးပင့်နေတယ်၊ ဘုန်းကြီးအလှည့်က နောက်ဆုံးလောက်အထိ ဖြစ်နေ တယ်၊ 'တောရကျောင်းဆရာတော် ကြွပါဘုရား' လို့အသံချဲ့စက်ကလဲပင့်ရော၊ စောစောက ကိုးယို့ ကားယားနဲ့ ဆေးလိပ်သောက်နေတဲ့လူတွေအားလုံး ဆေးလိပ်ကိုယ်စီချပြီး လက်အုပ်ချီနေကြတယ်၊ သံဃာစင်ပေါ်က ဆင်းတယ်ဆိုရင်ပဲ သူ့ထက်ငါ တဘက်တွေ တောက်လျှောက်ခင်း၊ အားလုံး ကုန်းပြီးဝတ်ချကြသကွ။

ဒါကို ဘုန်းကြီးက သာယာလို့ ပြောတာမဟုတ် ဘူး၊ မေတ္တာများ အလွန်စူးရှတဲ့အကြောင်း ပြောချင်လို့၊ ဘုန်းကြီးကြွဖို့အလှည့်က တော်တော်နဲ့မကျတော့ "အလကားနေ အလကားပဲ၊ ဒီလူတွေဟာ တစ်သက်မှ တစ်ခါတွေ့ရမယ့်သူတွေလဲ ဖြစ်ချင်ဖြစ်မယ်၊ ဒီတော့ ချမ်းသာ ကြပါစေ" ဆိုပြီး



မေတ္တာပို့နေလိုက်တယ်။

"ဟို ရွာကြီးထဲကအလှူတစ်ခုမှာလဲ အဲသလိုပဲ၊ သိသာလောက်အောင် ထူးခြားတယ်၊ ကျန်တဲ့ကိုယ်တော်တွေများမြင်ရင် ခံချင်မှာတောင်မဟုတ်ဘူး၊ ကား၊ ရထား စသည့် ခရီးသွားတဲ့အခါမှာလည်း ပို့ပြီး မေတ္တာပွားလို့ကောင်းတယ်၊ ဒီခရီးသည်တွေဟာ တစ်သက်မှာ တစ်ခါပဲ တွေ့ဆုံရမယ့်သူတွေ ဖြစ်ချင်ဖြစ်မယ်' ဆိုတဲ့ အသိက ပို့ပြီးဦးစီးတော့ မေတ္တာပွားလို့ပိုကောင်းတယ်။

"တစ်ခါက ကိုယ့်ထက်ကြီးတဲ့ မထေရ်ကြီး တစ်ပါးနှင့်အတူ ကားစီးသွားကြရတယ်၊ ဘယ်သူကမှ နေရာဖယ်မပေးကြဘူး၊ ဒကာတစ်ယောက်က နေရာလှူတယ်၊ ကိုယ့်ထက်ကြီးတဲ့ ဆရာတော်ကြီးရှိလျက်နဲ့ ဘုန်းကြီးက ထိုင်လို့မတော်ဘူး၊ ဒီတော့ ဆရာတော် ကြီးကို ထိုင်ဖို့လျှောက်ရတယ်၊ ဘုန်းကြီးလဲ မကြာခင် နေရာရပါတယ်။

"ဗုဒ္ဓဘာသာ နိုင်ငံလဲဖြစ်၊ တောသူတောင်သားတွေလဲဖြစ်ပြီး လူကြီးသူမ၊ ရဟန်းသံဃာ မလေးစားတဲ့လူတွေလဲ အများသား၊ လိုရင်းက ခရီးသွားရင်လဲ မေတ္တာမမေ့ဖို့ ပြောချင်တာပါပဲ"

လူတစ်ဖက်သား ကောင်းစားချမ်းသာစေလိုသော

http://www.dhammavideo.com/



စိတ်၊ ကိုယ်ချင်းစာနာစိတ်ကလေး ဖြစ်ပွားအောင် လေ့ကျင့်ရသောအလုပ်သည် ဘာမျှ ခဲယဉ်းပင်ပန်းသော အလုပ်မဟုတ်ချေ။

အောင်မြင်အောင် လေ့ကျင့်ယူနိုင်ပါလျှင် သတ္တလောကကြီးအတွက် အလွန်ကျေးဇူးများလှ၏၊ အိမ်တွင်းပြဿနာမှအစ အရာရာချောမွေ့စေ၏၊ လူအများစုနှင့် ဆက်ဆံရသော သူများအတွက် ပို၍ အသုံးဝင်လှသည်။

(၄)

"ကရုဏာကတော့ ဒုက္ခိတသတ္တဝါတွေ ကြုံတွေ့ရတဲ့အခါ သာပြီးပွားလို့ကောင်းတယ်။

" ဘုန်းကြီးလက်တွေ့ ပြောရရင် ငါးနှစ်လောက် ရှိရောပေါ့ကွာ။ တောကျောင်းဒကာ ကိုဖိုးအောင်သား တင်ဝင်း၊ ဘာရောဂါလဲ မသိပါဘူး၊ တီဘီ ဆိုထင်ပါရဲ့၊ ဘုတလင်ဆေးရုံ တက်ရတယ်၊ တော်တော်ကြာတော့ ဆေးရုံကဆရာဝန်က ဒီလူနာတော့ မရတော့ဘူး၊ အိမ်ပြန်ယူကြ' ဆိုလို့ လှည်းနဲ့တိုက်လာကြတယ်။

"အိမ်ရောက်တော့ ဘာတတ်နိုင်မှာလဲ၊ ဒီလိုပဲ ဝိုင်းကြည့်နေရတာပေါ့၊ ဒီအချိန်မှာ ကိုဖိုးအောင်ရဟန်း



ဦးဇာဂရလဲ အောက်ပြည်ကရောက်လာတယ်၊ သူက မြန်မာဆေးဝါး တော်တော်နားလည်တယ်၊ သူလဲ လူနာကြည့်မေးစမ်းပြီး ကျောင်းရောက်လာလို့ –

"ဦးဇာဂရ၊ လူနာအခြေအနေ ဘယ့်နှယ်လဲ" လို့မေးတော့...

"လူနာကတော့ ဆရာဝန်ကတောင် လက်လွှတ်လိုက်ပြီပဲဟာ၊ သူ့လက္ခဏာ ကြည့်ရတာလဲ သေဖို့ များပါတယ်၊ သေမှာပါပဲ" ဆိုတော့ ဘုန်းကြီးစိတ်ထဲမှာ တော်တော် စိတ်မချမ်းသာသွားဘူး။

"ဒါနဲ့ ဘုန်းကြီးက လူနာကို လူနာနေတဲ့နေရာကို မှန်းပြီး ကရုဏာပွားတယ်။ ရှူးရှူးစိုက်စိုက် ပွားတယ်။ ဘုန်းကြီးပွားပုံက ဒီလို –

၁။ "ဒုက္ခပ္ပတ္တာ စနိဒ္ဒုက္ခာ၊
ဟောန္တု သဗ္ဗေပိ ပါဏိနော = ခ်င်းရဲဒုက္ခက
လွတ်ကင်းကြပါစေ"

၂။ "ဘယပ္ပတ္တာ စ နိဗ္ဘယာ၊
ဟောန္တု သဗ္ဗေပိ ပါဏိနော = ဘေးရန်
တွေ့နေတဲ့သတ္တဝါတွေအားလုံး ဘေးရန်
ကင်းကြပါစေ"

http://www.dhammavideo.com/



၃။ “သောကပ္ပတ္တာ စ နိဿော ကာ။

ဟောန္တု သဗ္ဗေပိ ပါဏိနော = စိုးရိမ်ကြောင့်ကြ၊

ပူပန်သောကရောက်နေတဲ့ သတ္တဝါတွေအားလုံး

စိုးရိမ်ကြောင့်ကြပူပန် သောက ငြိမ်းကြပါစေ”

“မောင်တင်ဝင်းမိဘတွေက စပြီးတော့လဲ ခြေမကိုင်မိ ၊ လက်မကိုင်မိ စိုးရိမ် ပူပန်နေကြရှာမယ်၊ ဘုန်းကြီးက မြန်မာလို မဆိုတော့ဘူး၊ ပါဠိလိုပဲ တစ်လုံးချင်းဆွဲပြီး အနက်အဓိပ္ပာယ်ပေါ်အောင် ဖြည်းဖြည်းကလေး၊ တိုးတိုးကလေး ရွတ်ဆို ပွားများတယ်၊ စုစုပေါင်း၇-ကြိမ် ပွားများတော့ လူမမာပုံသဏ္ဌာန် မျက်စိထဲမှာကွင်းကွင်းကွက်ကွက် ပေါ်လာတယ်၊ ကရုဏာအာရုံအဖြစ် ပေါ်လာတယ်။

“ပွားရင်းပွားရင်းနဲ့ အာရုံထဲမှာ လူမမာဟာ ခြင်ထောင်ကိုဖွင့်ပြီး အိမ်တံခါးပေါက်အထိ ထလာတာကို တွေ့ရတာပဲ၊ ဒါနဲ့ နောက်တစ်ရက် ရောက်တော့ –

“ဦးဇာဂရ၊ ကိုယ်တော့်လူနာ မသေပါဘူး၊ စိတ်သာချပြီး ပရိတ်ကိုသာ အနားကရွတ်ပေးပါ” လို့ ဘုန်းကြီးက ရဲရဲပဲပြောလိုက်တယ်၊ တကယ်ပဲ မောင်တင်ဝင်းဟာ အံ့သြလောက်အောင် နေကောင်းသွားတယ်။



“နောက် တစ်ယောက်ကတော့ ဘုန်းကြီးတူမ သိန်းကြွယ်၊ သူကတော့ ဆေးရုံမတက်ရပါဘူး၊ အိမ်မှာပဲ ဆရာဝန်နဲ့ ဆေးထိုးနေရတယ်၊ ရောဂါက သိပ်မသက်သာဘူးလို့ပဲသိရတယ်၊ ဒါနဲ့ ခုနက ပြောတဲ့အတိုင်း ကရုဏာပွားပို့တာပေ့ါ။

“တစ်ရက်နှစ်ရက်လောက် ဆိုရင်ပဲ စိုးရိမ်ရတဲ့ အခြေအနေကတော့လွတ်လာတယ်၊ ဒါပေမယ့် မသက်သာလှသေးဘူး၊ မောင်ချစ်ဖေတို့ မအေးရှင်တို့ မိဘတွေကတော့ ပူကြတာပေါ့လေ၊ မအေးရှင် ကျောင်းလာတော့–

“နင့်သမီး မသေဘူး စိတ်ချ၊ နင်လဲ လူနာကို အာရုံပြုပြီး မေတ္တာပို့၊ တရားကို ခါတိုင်းထက်တိုးမြှီးရှုမှတ်၊ မသေစေ ရဘူး၊ ငါ တာဝန်ယူတယ်” လို့ ပြောလိုက်တယ်။

“ဘုန်းကြီးအာရုံထဲမှာက တစ်ရက်နှစ်ရက် လောက်ရှိတော့ လူနာက ခြင်ထောင်ထဲမှာ ငုတ်တုတ် ထထိုင်တယ်၊ ခြင်ထောင်ကိုပါမ, တင်ပြီး ထွက်ထိုင်နေတယ်၊ အာရုံထဲမှာ အဲသလို မလှုပ်ရှားဘူးဆိုရင် အဲဒီ လူနာ မရဘူးကွ၊ ဘုန်းကြီးအတွေ့အကြုံမနည်းတော့ဘူး။

“နောက်တစ်ယောက်က ရေကန်စုက ခင်မောင်ကြီး၊ ဆေးရုံလဲ အခေါက်ခေါက်ရှိနေပြီ။ ဆင်းရဲရတဲ့ ကြားထဲ

http://www.dhammavideo.com/



ပိုက်ဆံက ကုန်၊ လူက မသက်သာ၊ ဆရာဝန်က အရိုးတီဘီလို့ယူဆပုံပေါ်ပါတယ်၊ ဒီရောဂါမျိုးက ကုရ ပိုခက်သတဲ့။

"မေးလိုက်တိုင်း ကြားရတဲ့သတင်းက မကောင်းဘူး၊ ရက်တွေလတွေလည်း ကြာလှပြီ၊ အိပ်ရာထဲမှာပဲ နေရသတဲ့။ ဒါနဲ့ ဘုန်းကြီး ကြိုးစားပြီး ကရုဏာပွားပါ တယ်၊ ၂–ရက်၊ ၃–ရက်၊ ၄–ရက်၊ ၅–ရက်... မထူးဘူး အာရုံထဲမှာ၊ 'အင်း... ဒီကောင်တော့ မလွယ်ဘူးထင် တယ်၊' ဒါပေမဲ့ မလျှော့ဘူး၊ ၇–ခေါက်နှင့်မရ၊ ၃၇–ခေါက်၊ တစ်နေ့(၂)ကြိမ်၊ (၃)ကြိမ်၊ သတိရတိုင်းပို့တာ၊ တစ်ပတ်လောက်ရှိလို့ မေးကြည့်တော့ လူနာ စားနိုင် သောက်နိုင်လာပြီ၊ ထိုင်တောင်ထိုင်နိုင်ပြီလို့ ပြောတယ်။

"ဘုန်းကြီးလည်း တော်တော်အားတက်လာတယ်၊ ဒါနဲ့ ကရုဏာဆက်ပွား၊ ရက်တော်တော်ကလေးကြာတော့ လူအတွဲနှင့်၊ တောင်ဝှေးနှင့်တော့ နည်းနည်းသွားနိုင်ပြီလို့ ဆိုတယ်၊ ဒီကောင်မှာ နည်းနည်းခက်တယ်၊ အာရုံထဲမှာ အပေါ်ပိုင်းကပဲ သွက်သွက်လက်လက် လှုပ်ရှားနိုင်တယ်၊ အောက်ပိုင်းက တုံ့နှေးနှေးကြီးဖြစ်နေတယ်၊ အာရုံထဲမှာလည်း ဝါးနေတယ်၊ ပုံက မပီပြင်လှဘူး။

"အဲ... ခုဆို တစ်နှစ်လောက်ရှိပြီ နေကောင်းလာ



တာ၊ ဒါတောင်မှ အောက်ပိုင်းက သွားတာလာတာ ဆာတာတာ၊ ဆတ်တတ်တတ်၊ ချည့်နဲ့နဲ့ ရှိနေတုန်းပဲ၊ သတ္တဝါရဲ့ ကံတွေကလဲ ရှိဦးမှာပေါ့လေ။"

## (၅)

အဆိုပါဖြစ်ရပ်များကိုကြည့်ပါလျှင် တရားရှိသော သူတော်ကောင်းများကို ဖူးတွေ့ရခြင်း၊ ထိုပုဂ္ဂိုလ်တို့နှင့် ရင်းနှီးခွင့်ရခြင်းသည် မည်မျှကျေးဇူးများကြောင်းသိသာစေလှပါ၏။ မိမိက မသိသော်လည်း သူတော်ကောင်းတို့ ကမူ တွေမြင်လိုက်သည်နှင့် တစ်ဖက်သားကောင်းကျိုးကို ဆောင်ပြီးဖြစ်နေတတ်သည်။

လူအချို့ကား အထူးသဖြင့် ရဟန်းတော်များနှင့် တွေ့ဆုံကြုံကြိုက်ရမည်ကို ဝန်လေးကာ တတ်နိုင်သမျှ ရှောင်ဖယ်ဖယ်လုပ်နေတတ်၏။ မတတ်သာလှမှ ဦးချကန်တော့လေ့ရှိကြသည်။ခရီးသွားကြုံကြိုက်ရာတွင်လည်း အရိုအသေပေးခြင်း၊ နေရာပေးလှူခြင်း ပြုလေ့မရှိ။ ပြဆိုခဲ့သည့်အတိုင်း သေဘေးကြီးကိုပင် ကယ်နိုင်သည်ကို မသိရှာကြ။

"သမဏာနဥ္စ ဒဿနံ–ရဟန်းတော်များအား တွေ့

http://www.dhammavideo.com/



ဆုံဖူးမြင်ခွင့်ရခြင်းသည်ချမ်းသာကြီးပွားကြောင်း မင်္ဂလာတရားကောင်းတစ်ပါးပင်တည်း" ဆိုသည်ကို အလေး အနက်သဘောပေါက် ကြရာသည်။ မင်္ဂလသုတ် အဋ္ဌကထာ၌ 'ကမ္ဘာတစ်သိန်းအပါယ်မလားရဘဲ ကြီးကျယ်သောလူနတ်စည်းစိမ်ကို ခံစားရသည်'ဟု ဖွင့်ဆိုထား၏။ အားရဖွယ်ကောင်းလေစွ။ သံဃာတော်ဂုဏ်ကို ထိဆိုက်အောင်အာရုံပြုနိုင်ပါလျှင် ဆိုဖွယ်ရာမရှိ။

အင်္ဂုတ္တရပါဠိတော်၌ ရဟန်းတော် တစ်ပါးပါးမိမိတို့နေအိမ်သို့ ကြွလာလျှင်ပင် လာဘ်ကြီးငါးမျိုးဝင်ခြင်းပင်ဖြစ်ကြောင်း ဟောတော်မူပါသည်။ (ရတနာသုံးပါးကျေးဇူးစာအုပ်၌ရေးခဲ့ပြီး။) နိဗ္ဗာန်အထိ ကောင်းကျိုးရှိစေနိုင်ပေသည်။

- **ရဟန်းသံဃာ၊အိမ်ကြွလာ၊ ငါဖြာလာဘ် ကောင်း မုန်။**
- **မြင့်မြတ်အမျိုး၊ နတ်,တန်ခိုး၊ ပွားတိုးဉစ္စာ, ဉာဏ်။**

အဆိုပါတောရဆရာတော်ကြီးက တောသူတောင်သားများနှင့်စပ်၍ အမိန့်ရှိသော ကရုဏာစကား တစ်ခွန်းကိုလည်း ကြားယောင်မိပါသေးသည်။

"ဘုန်းကြီးက ဒီတောကလူတွေ သနားလွန်းလို့ကိုယ့်အလုပ်အရေးကြီးတဲ့ကြားထဲက ကြိုးစားပြီးတရားပြ



ပေးနေတာ၊ အားထုတ်ချင်တဲ့လူက အတော်ရှားတယ်၊ ခင်းတို့မြို့များမှာတော့ ရိပ်သာတွေမှာ ကလေးမ ကလေးကြွကအခ သူ့ထက်ငါ တရားမှတ်နေ လိုက်ကြတာ အားကျစရာ ကောင်းလိုက်တာ။

"သေသေချာချာ စဉ်းစားကြည့်တော့ ကံတွေကတယ်ပြီး အောက်တန်းကျတာကလား၊ မြို့သူမြို့သားတွေမတော့ ကံကောင်းလို့ကို ပဋိသန္ဓေက မြို့ကိုပို့လိုက်တာ ပဲ၊ အသီးအနှံပေါ်ဦးပေါ်စ စိုက်ပျိုးတဲ့လူက မစားရက် သေးဘူး၊ ဈေးကောင်းကောင်းရအောင် မြို့ကိုတင်ပို့ကြရ တယ် မဟုတ်လား၊ ထို့အတူပဲ ပုဂ္ဂိုလ်မြတ်ကြီးတွေ ဘယ်လောက်ဝေးတဲ့တောထဲတောင်ထဲနေနေ၊ ဟော မကြာဘူး၊ မြို့ကြီးပြကြီးတွေ ကြွပြီး တစ်နည်းနည်းနဲ့ အပူဇော်ခံ တရားဟောရောက်ကြတာချည်းပဲ၊ ကံတွေ ကံတွေ တို့တောကလူတွေဒါတွေသိပြီး **ဆင်းရဲတဲ့ ဘဝ ကုသိုလ်ပိုလုပ်ရမှာ**၊ ခုတော့ဒီလိုမဟုတ်ဘူး၊ သနားစရာ ကောင်းလိုက်တာ။

"မြို့မှာလဲစီးပွားရေး, အာဏာရေး ခေါကပ်ပြီးဘုရားပွင့်တာတောင် မသိလိုက်တဲ့လူမျိုးလဲ အနည်းအကျဉ်းရှိမှာပေါ့လေ။ တချို့ကလဲ လောကွတ်ပျူငှာ စားပွဲသောက်ပွဲ ထိုးပေးတဲ့ ဘုန်းကြီးမျိုးမှ ဝင်ထွက် သွားလာ

http://www.dhammavideo.com/



ကြည်ညိုတတ်ကြတာလဲရှိမှာပေါ့။

"ငယ်ဆရာ ဘုန်းကြီးက ပြောဖူးတယ်၊ သနား စရာကောင်းတဲ့ လူဟာ အမြင်ကတ်စရာ ကောင်းသတဲ့၊ ကြပ်ကြပ်သနားစရာကောင်းလေ၊ ကြပ်ကြပ် အမြင်ကတ် စရာကောင်းလေပဲတဲ့၊ တယ်...ဟုတ်တဲ့စကား။"

တောရဆရာတော်ကြီး၏ ကိုယ်တွေ့မေတ္တာ ကရုဏာစကားတို့မှာလည်း သတိချပ်စရာပင်။ လောက ကြီးကိုအလှဆင်ရန်၊ ကယ်တင်ရန် မိမိတို့ကိုယ်တိုင် သူတော်ကောင်းတို့၏မေတ္တာကို ခံယူနိုင်သူဖြစ်အောင်ကား ကြိုးစားကြရာ၏။

ထို့ထက် တောရဆရာတော်ကြီး၏ ဘဝ (တစ်စိတ် တစ်ဒေသ)ကိုကြည့်ပါလျှင်လည်း သူတော် ကောင်းတို့နှင့် ရန်သူ မဖြစ်ကြရအောင်ကား ကြပ်ကြပ်ကြီး သတိ ထားသင့်ကြောင်း သင်ခန်းစာတစ်ခု ရလာ ပြန်၏။

သူတော်ကောင်းတို့နှင့် စပ်လာလျှင်(ပြဆိုခဲ့သည့် အတိုင်း) ကောင်းကျိုးချမ်းသာ ရကြသည်မှာ သိသာထင် ရှားသည်ကို ထောက်ရှု၍ မထီမဲ့မြင်ပြုသူများအဖို့ ပစ္စက္ခ ဘဝမှာပင် မကောင်းကျိုး(ဒဏ် ၁၀-ပါး) ခံကြရမည်ကို ခန့်မှန်းသိသာလှပေသည်။ တစ်သံသရာလုံး ငြိမ်းသတ်၍



မရအောင် အလှူခံမီး (ဒက္ခိဏေယျဂ္ဂိ) လောင်သည်ဟု ဟောတော်မူထား၏။ ပစ္စက္ခ ယခုဘဝမှာပင် မျက်မြင်ဒိဋ္ဌ မီးလောင်ခံရသော သာဓကဖြစ်ရပ်တို့ကား အချိန်အခါက ခွင့်မပြုသဖြင့် လျစ်လျူရှုထားရပါသေးသည်။

အချိန်ကာလကား နှစ်၃၀-လောက် ကြာခဲ့ပြီ။ ပရိသတ် တပည့်လက်သား ၁၀၀-ခန့်ရှိသော၊ အမေရိကန် သာသနာပြုပုဂ္ဂိုလ်မျိုးကိုပင် မွေးထုတ်ပေးခဲ့သော ကျေးလက် တောရွာ စာသင်တိုက်ကြီးတစ်ခုမှ ကျောင်းထိုင်စာချ ဘုန်းကြီးတစ်ပါး၊ သက်တော် ၅၀-ခန့်။

စာသင်သားဘဝကပင် နေ့စာသင်၊ ညရိပ်သာ သွား၊ တရားနည်းခံ၊ တောထွက်ရန်သာ အခွင့်ချောင်း လျက်နေ ခဲ့၏၊ သို့သော် သီးသန့် တရားအားထုတ်ရန် ခွင့်တောင်း သည်ကိုပင် ငယ်ဆရာတော်ကား ခွင့်မပြု။ စာချရင်းသာ ရသလောက် ရှုမှတ်နေရသည်၊ ယခုမူ ငယ်ဆရာပျံတော်မူ၍ ကျောင်းထိုင်စာချ နာယကဆရာတော်ပင်ဖြစ်လာ၏။ ဘုန်းကြီး "ကျောင်းထောင်ကျ" ခြင်းပင်တည်း။

ကျောင်းထောင် ကျရာ၌လည်း အေးအေးလူလူ မဟုတ်၊ အပြိုင်အဆိုင်များရှိလာ၏၊ ယခင်ဆရာတော်၏ တပည့်ကြီးများနှင့် ဒကာအများစုက ဖွတ်ကျောင်းအပ်ကြ

သည်၊ လိုချင်သူက မရ၊ မလိုချင်သူမှ ရ၊ မငြင်းသာ၍ လက်ခံလိုက်ရသည်။ သို့သော် အတိုက်အခံတို့ကား မကြေနပ်၊ နည်းမျိုးစုံဖြင့်ဆန့်ကျင်ကြ၏၊ "နည်းမျိုးစုံ" ဆိုရာ၌ သူ့ဘက်ကိုယ့်ဘက် မမြင်ရသော အကူအပံ့များ ရယူလာကြသည်။

ကောသမ္ဗီပြည် အရေးအခင်းမှာ မြတ်စွာဘုရား ဟောတော်မူသကဲ့သို့ ဘုန်းကြီးကွဲလျှင် လူတွေပါကွဲ၏။ လူတွေကွဲလျှင် နတ်တွေ ဗြဟ္မာတွေပါ ကွဲကြရ၏။ တစ်လောကလုံး ဥဿျစ်နှစ်လုံးထုသလို အကုသိုလ်တက်ကြရှာလေတော့သည်။

'မမြင်ရသော အကူအပံ့များ' ဆိုရာ၌ လူများစုံယုံကြည်အောင် ရေးပြလို့မရ။ အမြွက်မျှဆိုရသော် ကျောင်းထိုင်ဘုန်းကြီးသစ်ဘက်၌ 'သာသနာပြုသည်' **ဆိုသော** မမြင်ရသော 'အထက်ဆရာကြီးများ' ဝိဇ္ဇာ တန်ခိုးနှင့် ကန်တော့ပွဲ အထိုးခိုင်းကာ ရောက်လာကြသည်။ စုန်းပူး၊ နတ်ပူး၊ ဥစ္စာရူး၊ လင်တရူး၊ အထူး အဆန်းရောဂါသည်များ တဖွဲဖွဲရောက်လာကာ ကန်တော့ ပွဲရှေ့ရောက်လျှင် 'ပျောက်စေ' ဆိုရုံနှင့် ပျောက်ရ၏။ 'အာဂ ငါ'ဟု အထင် ရောက်စေကြတော့သည်၊ သူတို့ လာရောက်သာသနာပြုသည့်



အချိန်မှစ၍ ဒုက္ခိတ သတ္တဝါတွေကို ကယ်တင်နေရသဖြင့် သိသိသာသာ စာသင်စာချပျက်ရလေတော့၏။

အခြားတစ်ဖက်၌ကား ဂန္ဓဗ္ဗနတ်အနွယ် မဖွယ်မရာယုတ်ညံ့သည့် လောကီအတတ်များ အလွယ်တကူ ရကာ အင်း၊ ဆေး၊ မန္တန်၊ အန္တရာယ် အမျိုးမျိုး၊ မကြားဖူးသောရောဂါမျိုးစုံ၊ ခြောက်လှန့်ခြင်းမျိုးစုံ၊ ကာမဂုဏ် လက်နက်ပါမကျန် 'မြေလှန်တိုက်ပွဲ' ဆင်ကြ၏။ တိုတိုပြောရလျှင် အိမ်ကြက်ချင်း အိုးမဲသုတ် အခွပ်ခိုင်းကာ ငရဲကြီးကြရရှာ၏။

မာရ်နတ်ကြီး လက်ခမောင်း ခတ်ခြင်းပင်တည်း။ သာသနာတော်၌ ဒီအန္တရာယ်ကြီး ရှိနေသည်ကို လူသာမန်၊ ရဟန်းသာမန်တို့သိမြင်ရန်၊ သိသည့်အတိုင်း ရှောင်နိုင်ရန် ခက်ခဲလှပါ၏။ 'ငါပါရမီရှိ၍ သတ္တဝါတွေကို ကယ်နေရသည်'ဟု ထင်နေတတ်သည်။

ကျောင်းထိုင်ဘုန်းကြီးသစ်ကား တောထွက်ခွင့်ရဖို့ နေနေသာသာ မဆုတ်သာမတိုးသာ၊ ပုံမှန်အခြေအနေကျအောင် မေတ္တာဖြင့်သာဆိုင်းငံ့ရလေ၏။ စာချရုံမျှမက၊ အဟောအပြောပါ အရည်အချင်းပြည့်ဝသော ဓမ္မာစရိယ စာချ လက်ထောက်တစ်ပါးရှိ၍ တော်ပေသေးသည်။ အတန်အသင့်

http://www.dhammavideo.com/



အခြေအနေကောင်း၏, ပြုလာလျှင်ပင် အရှိန်အဝါဖြင့် ပရိသတ်ကိုထိန်းသိမ်းရင်း ဧက ၂၀–ကျော်ရှိ ကျောင်းဝင်းကြီးတစ်နေရာရှိ ချောင်ကျသော ကျောင်းကလေးတစ်ခု၌ တရားအာရုံဖြင့်နေ၏။ ပရိသတ်နှင့် နေရမည်ကို ငယ်စဉ်ကပင် မလိုလားချေ။

"ဥပုသ်စောင့် သူ့ကျောင်းရောက်လို့ သူ့ကိုတွေ့ချင်ရင် တခြားကိုရင် ကျောင်းသားတွေ စုစုရှိတဲ့အထဲမှာ သွားမရှာနဲ့၊ မတွေ့ရဘူး၊ ကျောင်းဝင်း အရှေ့တောင်ဘက်က ဥနဲ့ပင် တောထဲမှာ သွားရှာမှတွေ့တာ၊ ကိုရင်ကတည်းက သူ့ဝါသနာကတစ်မျိုး"ဟု မယ်တော်ကြီးက ပြောပြလေ့ရှိသည်။

"သူ့တစ်ဖက်သားအပေါ် ငဲ့ညှာတဲ့နေရာမှာလည်း ရှားပါရဲ့တော်၊ ဒီဘုန်းကြီး ၇–နှစ် ၈–နှစ် ကလေး အရွယ်က လူကြီးတွေ နှမ်းရိတ်သွားတဲ့ တောထဲလိုက် လာတယ်၊ နေကလဲ သိပ်ပူ၊ သောက်ရေကလဲနည်းနေလို့ နှမ်းရိတ်'တောက်' (အဖွဲ့ဝင်)တွေ မကြားအောင် သူ့ကြီးတော်က "ဟဲ့ကောင်လေး သွား၊ သစ်ပင်အောက်က ရေဘူးထဲမှာ သွားရေသောက်ချေ၊ ရေက ရှိတော့တာ မဟုတ်ဘူး၊ တော်ကြာ ရေငတ်နေဦးမယ်" ပြောပြီး လွှတ်လိုက်တော့ ကလေးက ရေရှိရာသစ်ပင်ဆီသွားပြီး ချက်ချင်းပြန်လာတယ်၊ ရေသောက်ခဲ့ရပြီလားမေးတော့ သူက ဘာပြောတယ်မှတ်လဲ၊ 'အကြီးရေက တစ်ယောက်စာပဲ ရှိတော့တယ်၊ ကျွန်တော်သောက်လိုက်ရင်နှမ်းရိတ် သူမတွေ မသောက်ရတော့ပဲနေမှပေါ့"လို့ ပြောသတဲ့၊ ဒီတော့ သူ့ကြီးကြီးလဲ ဘာမှပြန်မပြောတတ်တော့ဘဲ မောမောနှင့် ဆဲလွှတ်လိုက်သတဲ့။'

အတွင်းသိကြီးတော်တစ်ဦးက ဘုန်းကြီးငယ်ငယ် က ရေးဟောင်းနှောင်းဖြစ်များကို ပြောပြလို့မပြီးခဲ့ချေ။

ငယ်စဉ်ကပင် ဧကစာဝါသနာကြီးလျက် သူတစ်ဖက်သားအပေါ်ငဲ့ညှာမှုမှာ အရွယ်နှင့်မလိုက်အောင်ရှိခဲ့သည်။ ထိုသို့ကျောင်းကလေး၌ တစ်ပါးတည်း နေစဉ် ကိုယ်တိုင် ပတ္တပိဏ္ဍ ဆွမ်းခံဘုဉ်းပေးသည်။

ရှေ့ပိုင်းကာလတွင် ဆွမ်းဝတ်ခွက်များယူဆောင်၍ ၃–မိုင် ၄–မိုင်ဝေးသော ရွာများကို အလှည့်ကျဆွမ်းခံ လျက် ဦးစွာရသောခဲဖွယ်ဘောဇဉ်များကို ထိုပတ်ဝန်း ကျင်ရှိ ထေရ်ကြီးဝါကြီး သံဃာတော်ကြီးများအား အလှည့်ကျ လှူ၏။ ပြီးမှ တစ်ပါးစာ ထပ်မံဆွမ်းခံ၍ ပတ္တပိဏ္ဍ ဘုဉ်းပေး သည်။

တစ်ခုသောနေ့ ကျောင်းထိုင်စာချဘုန်းတော်ကြီး

http://www.dhammavideo.com/



သည် ဆွမ်းခံရာမှအပြန် ထုံးစံအတိုင်းခြေဆေး၊ သင်္ကန်း လဲလှယ်ပြီး သပိတ်လိုက် ဘုရားဆွမ်းတော်ကပ်၏။ ကပ်ရိုး ကပ်စဉ်မဟုတ်၊ အထူးအချိန်ယူအာရုံပြုလျက်ကပ်သည်။ ပြီးလျှင် ရေမိုးချိုး၍ ဆွမ်းဘုဉ်းပေးရန် ပြင်ဆင်၏။ ပြင်ဆင်သည်ဆိုသော်လည်း အထူးမဟုတ်၊ 'နေရာထိုင်' တစ်ခုခင်း၊ စားပွဲတစ်လုံး ရှေ့ကချ ၊ရေတစ်ခွက် တည် ဆွမ်းတော်တင်သပိတ် ကောက်ယူပြီး စားပွဲပေါ်တင် လိုက်သည်။

ဆွမ်းဘုဉ်းမပေးမီ စားပွဲပေါ်၌ သပိတ်ကို အဖုံး ဖွင့်တင်ထားပြီး နာရီဝက်နီးပါး မေတ္တာဘာဝနာပွားပြီးမှ စားလေ့ရှိ၏။ အထူးသဖြင့် ဆွမ်းခံလမ်းတစ်လျှောက်ရှိ ဒကာ၊ ဒကာမများအား ထပ်မံ မေတ္တာပွားပို့သည်။ တောရ မဝင်ခင် ကြိုတင် လေ့ကျင့်ခြင်းပင်ဖြစ်၏။

မေတ္တာသီးသန့်ပွားပြီး ရှုမှတ်မှုနှင့်ပင် ဆွမ်းတစ် လုတ်ကို ဆုပ်ယူ ဘုဉ်းပေးလိုက်၏။ ဘုန်းတော်ကြီး၏ ရှည်လျားဖြူသွယ်သောလက်ချောင်းများက လူသာမန် တို့နှစ်လုတ်စာလောက်ပါရှိသည်။ ဆွမ်းလုတ် ဝါးချေမြိုချ လိုက်သည်နှင့် လည်ချောင်းမှစ၍ အစာသွားလမ်းတစ် လျှောက် ပူလောင်သွား၏။ ရေတစ်ကျိုက် ကောက်ယူ



သောက် လိုက်သည်။ တိုး၍သာပူ၏။ ဆွမ်းခံ ခရီးကလည်း ပင်ပန်း၊ ဆာကလည်းဆာ၊ ထပ်၍တစ်လုတ် ဘုဉ်းပေး လိုက်မိပြန်သည်။

ချွေးသီးချွေးပေါက်များပင် ကျလာ၏။ သပိတ်ကို ပြန်ပိတ်၊ ခံတွင်းလက်များ ဆေးကြောပြီး အိပ်ရာထဲတွင် သတိဖြင့်လှဲနေလိုက်သည်။ အနီးရှိ သုံးနေကျ ဗမာဆေး များကိုကောက်ယူစားကြည့်၏။ ဝမ်းဗိုက်ထဲတွင် တလိပ် လိပ်တက်ကာ ပြင်းစွာလောင်မြိုက်နေမှုကား မထူးခြား။ ထိုအခါ ဆွမ်းထဲတွင် ပိုးသတ်ဆေး လောင်းထည့်လေ သလားဟု သံသယဖြစ်လာ၏။ စာချဘုန်းတော်ကြီးအား အသိပေးလျက် ကန်ဇွန်းရွက်နှင့်ထန်းလျက် အကျိုးရိုင်း စေကာ မေတ္တာဘာဝနာကိုသာ ပွားလျက်နေတော့၏။ မေတ္တာမှတစ်ပါး အခြားနည်းလမ်း မရှိတော့ချေ။တပည့် များကား စိုးရိမ်ပူပန်နေကြပြီ။

အတန်ကြာလျှင် သာမဏေငယ် ကပ်လာသော ကန်ဇွန်းရွက်ပြုတ်ရည်ကို ဘုဉ်းပေး၏။ (အောက်ပြည် အောက်ရွာကဲ့သို့ ကန်ဇွန်းရွက်ပင် သန်သန်မာမာ မရရှိ။) ပြီးလျှင် အိပ်ရာ၌တုံးလုံးလှဲကာ ဝမ်းထဲမှပြင်းစွာပူလောင် ခြင်းကို မေတ္တာပွားလိုက်၊ ရှုမှတ်လိုက်နှင့် အတန်ငယ်

http://www.dhammavideo.com/



သက်သာရာရလာ၏။ နာရီပိုင်းအတွင်း သွားနိုင်လျှောက် နိုင်ဖြစ်လာ၏။ ဝမ်းထဲက ပူလောင်သည်မှာ နောက် တစ်ရက်ဆွမ်းစားချိန် အထိ ၂၄-နာရီပင် ကြာသည်။ မေတ္တာဘာဝနာသာ မကယ်ခဲ့လျှင် ထိုနေ့ကပင်လျှင်ပျံလွန်နိုင်လေသည်။

မျက်မြင် ကိုယ်တွေ့ သိရှိကြသူ တပည့်ဒကာများအားလုံး စိတ်မော ကိုယ်မောဖြစ်ခဲ့ရသော ထိုကိစ္စ အတွက်ဘုန်းတော်ကြီး ပြောသောစကားမှာ နှစ်ခွန်း တည်းသာဖြစ်၏။

"ဟိုလူ့ဥပဒ်၊ ဒီလူ့ဥပဒ်၊ ထပ်ပြီးငရဲမကြီးကြစေနှင့်ကွာ၊ သတ္တဝါတွေဟာ အလွန်သနားစရာ ကောင်းပါတယ်။ အင်း ဒုက္ခ၊ ဒုက္ခ၊ ဒုက္ခ ချမ်းသာ ကြပါစေ။"

မော်စရိယဦးငွေလှိုင်
(ရတနာမွန် မဂ္ဂဇင်းမှ)

* * *